www.burmeseclassic.com



www.burmeseclassic.com

# မင်းအောင်ကို

သီရိကြယ်စင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ကားရှင်းတုန်း မြန်မြန်ကူးပါဟဲ့ ယမုံရဲ့၊ ဘာတွေ ငေးနေမှန်းမသိဘူး"

ယမုံ့လက်လေးတစ်ဖက်ကိုဆွဲရင်း မြင်းကြားကနေ လမ်းဖြတ်ကူးရန် ခြေလှမ်းပြင်နေသော ရွှေရည် ဆွဲတဲ့ဆီပါမလာဘဲ ဘေးတစ်ဖက်ကိုငေးနေသော ယမုံ့အဖြစ်ကြောင့် ဒေါသနှင့် အော်ငေါက်လိုက်မိလေသည်။

"ဟိုမှာ"

"ဟင် ... ဘာလဲ၊ ဘာတွေ့လို့လဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြောင်ကြောင်လေးဖြင့် ယမုံက လက်ညှိုးထိုးပြနေတာမို့ ရွှေရည်ပါ လှည့်ကြည့်မိပြီး မျက်လုံးပြူးသွားရသည့်အဖြစ်။

"ဟိုမှာလေ ... နင့် ငါ့လက်ကိုလွှတ်လိုက်"

လက်ကိုလွှတ်လိုက်ဆိုပြီး အတင်းရုန်းထွက်၍ ပစ္စည်းလေးကို လှမ်းကောက်လိုက်လေသည်။ ယမုံ့လက်ထဲက ပစ္စည်းလေးကို ကြည့်ပြီး နှစ်ယောက်သား အံ့သြနေမိကြပါ၏။

"ဖုန်းလေး၊ ဘယ်သူကျခဲ့တာလဲ မသိဘူးနော်၊ ပိုင်ရှင်ကတော့ နမြောမှာပဲ"

ဖုန်းလေးကို လှည့်ပတ်ကြည့်၍ ယမုံပြောနေမိသည်။

"နမြောလည်း နင့်ဆီမှာ အလကားမထားဘူး၊ လာ ... သွားကြမယ်၊ သူ့ဖုန်းနံပါတ် သူသိတယ်၊ ကျခဲ့တဲ့သူက ဖုန်းဆက်ပြီး မေးလိမ့်မယ် ... မပူနဲ့၊ သင်တန်းချိန် နောက်မကျဖို့က အရေးကြီးတယ်"

ဟုဆိုကာ ရွှေရည်ဆွဲခေါ်သဖြင့် ယမုံပါ တစ်ဖက်ပလက်ဖောင်းသို့ အပြေးလိုက်ကူးခဲ့ရလေသည်။

ဟိုဘက်ပလက်ဖောင်းသို့သာ ကူးခဲ့ရသည်။ အနောက်ကနေ ဖုန်းပိုင်ရှင် လှမ်းခေါ်လေမလားဟု ယမုံ လှည့်ကြည့်





လှည့်ကြည့် ဖြစ်နေရသည်။

လက်ဆွဲအိတ်ထဲကို ထည့်လိုက်သည့်ဖုန်းလေး ဘယ်အချိန်မြည်လာမလဲဟု ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေမိတာလည်း အလုပ်တစ်ခု။

သင်တန်းရှိရာ (၃၁) လမ်းကိုရောက်သည့်တိုင် ဖုန်းလေးက လက်ဆွဲအိတ်ထဲမှာ ဟန်မပျက် ရှိနေဆဲ။

သင်တန်းကျောင်းကို ရောက်တော့ လူက မစုံသေး။ ဒီတော့ ယမုံ လူရှင်းသည့်နေရာမှာ သွားရပ်နေမိ၏။ ဖုန်းမြည်သံကို နားစွင့်နေခြင်းဖြစ်သည်။ သင်တန်းချိန်သာ ကုန်သွားတယ် ဖုန်းလေးက တုတ်တုတ်ပင်မလှုပ်။

အချိန်ကုန်လို့ အိမ်ကိုသာပြန်ခဲ့ရတယ် ... ဆရာ ဘာသင်လိုက်မှန်းတောင် မသိလိုက်။ တော်သေးသည် ... ဒီနေ့မှ ဆရာက တစ်ယောက်ချင်း မမေးပေလို့။ မေးများမေးလာရင် ယမုံ အရှက်ကွဲမှာ သေချာသည်။

တစ်လမ်းလုံး နှုတ်ဆိတ်လာသည့် ရွှေရည်လင်းက ...

"ဘယ်လိုဖြစ်တာလဲ ယမုံ ... နင့်ဖုန်းက ဟုတ်ကောဟုတ်သေးရဲ့လား၊ ဖုန်းပျောက်တဲ့သူက ခုထိ ဖုန်းမဆက်သေးပါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဖုန်းပျောက်တာပဲ မသိသေးတာလားဟာ''

''အေး . . . ငါလည်း မတွေးတတ်တော့ဘူး ရွှေရည်၊ ဖုန်းပျောက်မှန်းမသိရလောက်အောင် အလုပ်များနေသူမို့လား၊ ဒါမှမဟုတ် ဖုန်းက ပျက်နေလို့များ လွှင့်ပစ်ခဲ့တာလား မသိဘူးနော်''

ယမုံ ကိုယ့်အတွေးနဲ့ကိုယ် ပြောလိုက်ပြီး ဖုန်းအိတ်လေးကိုဖွင့်ကာ အထဲကဖုန်းလေးကို ထုတ်ယူလိုက်လေသည်။

ထိုစဉ် ဖုန်းမှ သာယာသောအသံလေးက ငြိမ့်ညောင်းချမ်းမြေ့စွာ ထွက်ပေါ်လာလေသည်။

ယမုံ အံ့ဩစွာ နှုတ်ခမ်းလေးပွင့်ဟသွားပြီး နား၌ ကပ်ထားလိုက်မိလေသည်။

''ဟလို''

တစ်ဖက်က အသံရှင်မှာ ယောကျ်ားသံဖြစ်နေ၍ ယမုံ အသက်ပင်မရှူရဲ။ ရွှေရည့်ထံသို့ လှမ်းကြည့်လိုက်မိလေသည်။

ရွှေရည်က လက်ဟန်ခြေဟန်ဖြင့် ပြန်ထူးရန် ပြောသဖြင့် . . .

''ဟုတ် ဟုတ်ကဲ့ . . . ဖုန်းပိုင်ရှင်လား မသိဘူး''





အထစ်ထစ် အငေါ့ငေါ့ ပြန်ထူးလိုက်လေသည်။

''ဟင် . . . မင်းလက်ထဲမှာရှိနေတာ မင်း ဖုန်းပိုင်ရှင်ပေါ့၊ မြယမုံ . . . ကိုယ်ပြောတာ မှန်ပါတယ်နော်''

''အောင်မယ်လေး . . . ရှင် ရှင် ဘယ်သူလဲ''

တစ်ဖက်လူက နာမည်တပ်ပြီးခေါ်လိုက်၍ မြယမုံ . . . အလန့်တကြားနှင့် ပြန်မေးလိုက်မိပါ၏။ လက်ထဲက ဖုန်းကိုလည်း လွှတ်ချလိုက်မတတ် ဖြစ်သွားရသည်။

ရွှေရည်က ဘာလဲလို့ မေးဆတ်ပြီးမေးသည်ကို လက်ကာပြလိုက်ရင်း . . .

''ရှင် ဘယ်သူလဲလို့ မေးနေတယ်လေ၊ အို . . . ရှင့်ဘာသာ ဘယ်သူဖြစ်ဖြစ် ရှင့်ဖုန်းကို လာပြန်ယူပါ၊ ကျွန်မနာမည်ကိုတောင် သိနေမှ ကျွန်မ ဘယ်မှာနေတာလဲ ရှင်သိမှာပေါ့၊ အခုတော့ မိုးချုပ်နေပြီ၊ မနက်ကို လာယူပါ၊ အိမ်ရှင်ကို ပေးထားခဲ့မယ်''

''အို အို . . . နေဦးလေ၊ ဖုန်းမချလိုက်နဲ့ဦးနော်၊ ကိုယ်ပြောတာလည်း နားထောင်ပါဦး၊ ကိုယ် ဘယ်သူလဲဆိုတာ မင်းမသိသလို မင်း ဘယ်သူလဲဆိုတာလည်း ကိုယ် တကယ်မသိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒီနေ့မနက်မှ ဆူးလေလမ်းမကြီးကအဖြတ်မှာ မင်းကို တွေ့လိုက်မိတာ၊ အဟွန်း . . . မြင်မြင်ချင်း စိတ်ဝင်စားသွားမိတာတော့ ခွင့်လွှတ်နော်၊ အဲဒါကြောင့် ဖျတ်ခနဲ ရလိုက်တဲ့စိတ်ကူးကို အကောင်အထည်ဖော်လိုက်မိတာပါ။ မင်းတို့က ကားလမ်းဖြတ်ကူးဖို့ အာရုံစိုက်နေလို့ ကိုယ့်ကို သတိမထားမိတာလေ၊ မင်းလက်ကို ဝင်တိုက်မိလို့ မင်းလှည့်ကြည့်တာ မဟုတ်လား၊ ကိုယ့်စိတ်ကူး အောင်မြင်တယ်၊ ဒီဖုန်းလေးကို မင်းတွေ့ရခဲ့ရင် မင်းဟာ ကိုယ့်ရဲ့ဖူးစာရှင်ပဲလို့၊ အခု မင်းတွေ့သွားတဲ့အပြင် မင်းလက်ထဲမှာ ဖုန်းက ရောက်နေပြီ၊ အဲဒါ မင်းအတွက်ပဲ၊ အဲဒီနောက် မင်းနောက်ကို ကိုယ် ရှဒိုးလိုက်ခဲ့တာ မင်းငှားနေတဲ့အိမ်အထိပဲ၊ ကဲ . . . ဘာမေးဦးမလဲ . . . ဘိုင့် ဘိုင်''

''ဟင် . . . ရှင် ရှင် အဲလိုမလုပ်နဲ့လေ''

မြယမုံ ဘယ်လိုပဲပြောပြော တစ်ဖက်က ဖွတ်ပင် ဖုန်းချသွားခဲ့လေပြီ။ ဒီဘက်မှာတော့ မျက်နှာလေးနီမြန်းလျက် ဆွေ့ဆွေ့ခုန်ကျန်နေခဲ့သူက မြယမုံပဲဖြစ်ပါလေ၏။

''ဘာတွေပြောလို့လဲ ယမုံ''

ဆွေ့ဆွေ့ခုန်နေသော မြယမုံပုံစံကြောင့် ရွှေရည် နား





မလည်နိုင်စွာဖြင့် ငေးကြည့်ရင်းက အနားကပ်ကာ မေးလိုက်မိလေသည်။ မြယမုံ အံကို တင်းတင်းကြိတ်၍ . . .

''ဒါ ငါ့ကို သက်သက်စော်ကားတာပဲ ရွှေရည်၊ ဖုန်းရုံးကို သွားပြီးစုံစမ်းမယ်၊ အဲဒီမှာဆို ပိုင်ရှင်နာမည် သိရမှာပဲ၊ မသိလည်း ထားခဲ့လိုက်မယ်''

''နေပါဦး . . . ငါ့ကို အရင်ရှင်းပြစမ်းပါဦးဟ''

ခုနက သူပြောသမျှ မြယမုံ အကုန်ပြောပြလိုက်လျှင် ရွှေရည်လင်း ဟားတိုက်၍ ရယ်လိုက်မိပါတော့သည်။

ဒါကို မြယမုံ မျက်လုံးစွေကြည့်လျက် . . .

''ဘာဖြစ်တာလဲ နင်က''

''အဟင်း . . . မဟုတ်ပါဘူး၊ ရယ်ချင်လို့ပါ၊ ဒီလူကြောင်ပုံကို ရယ်ချင်တာပါ၊ ဒီဇလာက် သိန်းဂဏန်းတန်တဲ့ဖုန်းကို အသုံးချပြီး ဖူးစာရှင်ရွေးသတဲ့၊ တော်တော်ပေါနေပုံရတယ်၊ နင် သွားစုံစမ်းလည်း အလကားပဲဖြစ်မှာ . . . မယုံမရှိနဲ့၊ သူနင့်နောက်က ရှဒိုးလိုက်တယ်ဆို၊ အဲဒီတော့ နင့်အကြောင်းလည်း အားလုံးစုံစမ်းပြီးရောပေါ့၊ ဟဲ့ . . . ဖုန်းနံပါတ် မပေါ်ဘူးလား''

''မပေါ်ဘဲ နေမလား၊ လူလည် . . . လမ်းဘေးဖုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဆက်တာလားမသိဘူး''

မကျေမချမ်းနှင့် ရေရွတ်နေသော မြယမုံကို ရွှေရည်နှင်း ကြည့်ကာ ရယ်ချင်စိတ်ကို မျိုသိပ်ထားလိုက်ရ၏။

✲ ✲ ✲



## အခန်း (၂)

''မင်းကလည်း အူကြောင်ကြောင်နိုင်လိုက်တာကွာ၊ ဆယ်သိန်းကျော်တန်တဲ့ ဖုန်းကိုများ အလဟဿ အဆုံးခံတယ်၊ ... အံ့ရော၊ ဒီအမျိုးသမီးနဲ့မင်းက ထပ်ဆုံစရာအကြောင်း ရှိသေးလို့လား''

သူငယ်ချင်းဖြစ်သူ ဝေယံ၏ အပြစ်တင်သံကို မြတ်နိုးမောင် အပြုံးဖြင့်ခံယူရင်း ...

''ဒီမှာဝေယံ ... မောင်ပါကွ၊ ဖုန်းတစ်လုံးထက် တန်ဖိုးရှိတဲ့ အချစ်တွေရဖို့ကို ဒီလောက်တော့ ရင်းရမှာပေါ့၊ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထပ်တွေ့စရာအကြောင်း မရှိတာ,ရှိတာက ဖန်တီးယူရမှာပဲလေ၊ သူ့လက်ထဲမှာ ဖုန်းရှိနေသ၍ စကားပြောလို့ရနေမှာ မဟုတ်ဘူးလား''

'ကျွတ်'

ကျွတ်ခနဲ တစ်ချက်လုပ်လိုက်ပြီး ဝေယံ မျက်နှာမဲ့လိုက်သည်။

''မျက်နှာမမဲ့ပါနဲ့ကွ၊ အချစ်ဆိုတာ ဖန်တီးယူလို့ ရတာမှ မဟုတ်တာ၊ သူ့အလိုလို ဟောဒီရင်ဘတ်ကြီးက ဖြစ်ပေါ်လာတဲ့ အချစ်ကို ဟောဒီဦးနှောက်က အဆုံးအဖြတ်ပေးလိုက်တာဆိုတော့ ငါလည်း လုပ်မိသွားတာပဲ၊ ဒါဟာ အချစ်စစ်လို့ ငါထင်တယ်၊ တန်ပါတယ်ကွာ ... တခြားသူအတွက် ရင်းတာမှ မဟုတ်ဘဲ၊ ကိုယ့်ဖူးစာရှင်အတွက်ပဲဟာ ... ဟဲ ဟဲ''

''ငကြောင်''

''ဟဲ ဟဲ ဟဲ''

သူငယ်ချင်းဖြစ်သူ ပျစ်ပျစ်နှစ်နှစ် ထောပနာပြုသမျှ မြတ်နိုးမောင် တဟဲဟဲသာ ရယ်နေလိုက်ပါ၏။

နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ပက်လက်အနေအထားနဲ့





လက်ပိုက်ပြီး မျက်လုံးကိုမှိတ်၍ ဇိမ်ယူနေရင်း မနက်ကအဖြစ်ကို ပြန်တွေးနေမိလေသည်။

လမ်းဖြတ်ကူးရန် လာနေသော ကောင်မလေးနှစ်ယောက်။ နှစ်ယောက်လုံး အသားဖြူကြသည်။

သို့သော် တစ်ယောက်သောသူက ရင်ခုန်နှုန်းမြန်ရလောက်အောင် ရှုပါဖြောင့်၏။ ဆံပင်ကို အပြောင်သိမ်းပြီး ဖော့လုံးလေးနဲ့ ခပ်မြင့်မြင့်လေးချည်နှောင်ထားပုံက ဆံပင်လေးခါယမ်းလိုက်တိုင်း ရင့်ကို လှုပ်ခတ်သွားစေသည်။

ဝတ်ထားသည့်အင်္ကျီက ဆန်းပြားမှုမရှိ ရိုးသည်။ ယဉ်သည်။ ဒါပေမဲ့ မျက်လုံးထဲက အခုထိမထွက်။ ဖုန်းလေးကို ကောက်ကိုင်လိုက်ပြီး လှည့်ပတ်ကြည့်နေပုံက လိုချင်တပ်မက်မှုမရှိ။ ကျပျောက်ခဲ့သူကို မျက်လုံးဝေ့ကာ လိုက်ရှာနေလိုက်သေးသည်။

ဟန်ဆောင်မှုများ ဖုံးလွှမ်းထားသော ပတ်ဝန်းကျင်မှာ အနေများလာခဲ့သူအဖို့ ဒီလို ရိုးသားဖြူစင်သောသူလေးနဲ့ တွေ့လိုက်ရချိန်မှာ အခြေအနေက မြန်ဆန်စွာ အဆုံးအဖြတ်ပေးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်များတယ်လို့ မထင်မိ။ ဒီမျက်လုံးလေးဟာ အပြစ်ကင်းမှာ အမှန်။

ဘွားဘွားက လွမ်းလို့ ခဏလောက်ပြန်ခဲ့ပါ မြေးရယ် ဆိုတာကို မပြန်ချင်ပြန်ချင်နဲ့ ပြန်လာခဲ့မိတာ။ အခုတော့ ပြန်ရန်ပင် အခက်တွေ့တော့မည်။

အချစ်ကို မွေးဖွားပေးလိုက်သော အချစ်ရှိရာ ရပ်ဝန်းလေးကို နေ့တိုင်း မျှော်တော်ယောင်သွားလုပ်ရန် စိတ်ကူးမိသည်။

နိုင်ငံခြားမှာနေခဲ့တဲ့ အချိန်များအတွင်း တွေ့ခဲ့ရသည့် မိန်းကလေးတိုင်း ပေါင်ပေါ်၊ ဒူးပေါ်၊ ကျောပေါ်များနှင့်။ မမြင်ချင်မှ အဆုံးတွေချည်းသာ။

မြန်မာနိုင်ငံပြန်ရောက်မှပဲ မျက်စိအေးစရာများကို ကြည့်မြင်ရှုစားခွင့်ရတော့သည်။

ဒါတောင် တချို့ တချို့သောသူတို့ အတုယူမှားနေတာကို တွေ့နေရသည်။

ကိုယ်တွေက နိုင်ငံခြားမှာ အနေများတယ်ဆိုသော်ငြား မိသားစုနှင့်ဆိုလျှင် မြန်မာစကားသာ ပြောဆိုမြဲ။ မတတ်သာ၍ လုပ်ငန်းခွင်ထဲ၌ အင်္ဂလိပ်စကားကို ပြောဆိုမိခြင်းဖြစ်သည်။





အလုပ်တွေပစ်ထားခဲ့တာကြောင့် မြန်မြန်ပြန်လာခဲ့နော်သား ဆိုသည့် ဖေဖေ့အသံကို ပြန်ကြားရင်း ပြုံးနေမိတော့သည်။

သားတော်မောင် ဒီမှာ ခြေချုပ်မိနေပြီဆိုတာများသိလျှင် ဖေဖေရော မေမေပါ အမေရိကားကနေ လေယာဉ်စင်းလုံးငှားပြီး ရောက်ချလာလေမလား မပြောတတ်။

သားလေးတစ်ယောက်တည်း၊ မြေးလေးတစ်ယောက်တည်းမို့ ထားစရာနေရာမရှိအောင် ချစ်တတ်ကြသော သူ့မိဘနှစ်ပါးနှင့် သူ့အဘွားအကြောင်းကို တွေးကာ မြတ်နိုးမောင် လွှန့်လွှန့်လေး ထပ်ပြုံးလိုက်ပြန်၏။

"မောင် ဘာတွေတွေးပြီး ပြုံးနေတာလဲ၊ ဘွားက မင်းကို မေးနေတယ်"

"ဟင် . . . ဟုတ်လား၊ ပြုံးရတာပေါ့ကွာ၊ ငါ့ဘဝမှာ ဒီလို မပြုံးရတာ နှစ်နဲ့ကိုချီနေပြီ၊ မင်း အပြင်သွားမလို့လား"

အဝတ်အစားအသစ်လဲပြီး ထွက်လာသော ဝေယံကို မျက်ခုံးပင့်၍ မြတ်နိုးမောင် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် . . . ဘွားခိုင်းထားတဲ့ဆီ သွားမလို့၊ မင်း မင်းမိဘတွေနဲ့ လိုက်သွားကတည်းက ဘွားကိုစွမှန်သမျှ တို့သား



www.burmeseclassic.com

www.burmeseclassic.com



အဖပဲ ဖြေရှင်းပေးနေရတာ၊ အခုလည်း လုပ်စရာရှိတာ သွားလုပ်ရဦးမယ်၊ လုပ်ငန်းတွေနားလည်အောင် လိုက်ကြည့်ပါဆိုတော့လည်း မင်းက မလိုက်ဘူး၊ အဲဒါကြောင့် ငါတစ်ယောက်တည်း သွားရမှာ''

''အေးပါကွာ၊ မင်းတို့သားအဖကျေးဇူးတို့ကို မိသားစုက ဘယ်တော့မှ မမေ့ပါဘူးကွာ၊ ဘွားမှာ မြေးတစ်ယောက်တည်း ရှိတယ်လို့ ဖေဖေတို့က တစ်ခါမှမပြောဘူး၊ ဘယ်တော့ပြောပြော မြေးနှစ်ယောက်ပဲ၊ မြတ်နိုးမောင်နဲ့ ဝေယံဖြိုး ... အဲသလိုပဲ ပြောတာ၊ မင်းလည်း ဘွားမြေးပဲပေါ့၊ နောက်နေ့ကျ လိုက်မယ်ကွာ ... နော်၊ အခု ဘွားဆီသွားလိုက်ဦးမယ်''

''ဟွန်း''

တစ်ခြံတည်းမှာ အတူနေအတူ ကြီးပြင်းလာကြသော သူတို့နှစ်ယောက်အတွက် ဘယ်တော့မဆို တစ်ယောက်ကိုတစ်ယောက် သာတယ်၊ နာတယ် ထည့်မတွက်ကြပေ။ ပြောမနာဆိုမနာ ရှိကြသည့်အပြင် ညီအစ်ကိုအရင်းထက်ပင် ချစ်ကြသေးသည်။

အခုလည်း စိတ်တိုင်းမကျစွာ မြည်တွန်တောက်တီးသွား





သော ဝေယံ့မျက်စောင်းဒဏ်ကို ခံရင်း မြတ်နိုးမောင် အားရပါးရ အော်ပြီးကျန်ရစ်ခဲ့ပါ၏။

နောက်မှ ဘွားခေါ်တာကို သတိရ၍ ဘွားအခန်းသို့ အပြေးအလွှား တက်ခဲ့ရလေသည်။

''ဘွား ... ခေါ်တယ်ဆို''

''ဟုတ်ပါ့တော်၊ မြေးကို ဝေယံနဲ့အတူ လိုက်သွားဖို့ ပြောမလို့၊ ဝေယံသွားပြီလား''

လက်ထဲက တရားစာအုပ်ကို ပိတ်လိုက်ပြီး မျက်မှန်ပေါ်မှနေ ကျော်၍ ဒေါ်အိမ်မိစိုးကြည့်လျက် မြေးဖြစ်သူအား ပြောလိုက်သည်။

မြတ်နိုးမောင် အဘွားဖြစ်သူဘေးက ခုံမှာကပ်ထိုင်လျက်

''ဝေယံက နေခဲ့ပါဦးတဲ့၊ ရောက်တာမှ မကြာသေးတာ နားပါဦးဆိုလို့ပါ ဘွားရဲ့''

ဘွားအေ၏ပခုံးလေးမှာ ခေါင်းလေးမှီပြီး ချွဲနွဲ့နေလိုက်လေသည်။

ဒေါ်အိမ်မိစိုး ပီတိတွေဝေဆာလျက် မြေးဖြစ်သူ၏ဆံပင်တွေကို လက်နဲ့သပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နားတာတော့ နားပေါ့ မြေးရယ်၊ ဝေယံလေးခများ အဝေးပြေးကားဂိတ်ကိုလည်း ပြေးရ၊ လမ်းမတော်က ရွှေဂေဟာကိုလည်း ပြေးကြည့်ရနဲ့ တစ်နေ့တစ်နေ့ မနားရရှာဘူး၊ ဒါတောင် အဝေးပြေးဂိတ်မှာ သူ့အဖေ ဘသာ ရှိနေပေလို့ပေါ့၊ တော်ရှာပါတယ် ... သူတို့သားအဖ ဘွားအပေါ်မှာ အင်မတန်သစ္စာရှိကြတယ်"

အမှန်အကန်စကားတွေမို့ တိတ်ဆိတ်စွာ မောင် နားထောင်နေမိပါသည်။

သားရင်းဖြစ်တဲ့ မောင့်ဖေဖေက နိုင်ငံခြားကို အထင်ကြီးပြီး လုပ်ငန်းချဲ့ထွင်တဲ့အခါ ငယ်မွေးခြံပေါက်ဖြစ်သော ဦးဘသာကို ဘွားအားကိုးမိတာ ဘာမှမဆန်း။

အားကိုးထိုက်အောင်လည်း ဦးလေးဘသာက ရိုးသားကြိုးစားသူ။ ဘွားကိုလည်း မိခင်တစ်ယောက်နှင့်မခြား ရိုသေလေးစား အလေးထားခဲ့သည်။

ဒီတော့ သူတို့ကိုမှ ဘွား အားမကိုးမိရင် ဘယ်သူ့ကို အားကိုးရမလဲ။ သားအရင်းကလည်း အနားမှာရှိတာမဟုတ်။

"မြေးက. ဟိုကိုပြန်သွားဦးမှာလား"





မျှော်လင့်ချက်နှင့် မေးလာသော အဘွားဖြစ်သူအား ဘယ်လိုပြန်ဖြေရမှန်း မောင် ဝေခွဲမရသေး။

လောလောဆယ် ပြန်ရန်စိတ်ကူးမရှိသေးတာတော့ ဝန်ခံရမည်။

အမှတ်မထင် ချည်နှောင်လိုက်သော ကြိုးတစ်ချောင်းက မောင့်ကို ပြန်ရန် တုံ့ဆိုင်းစေခဲ့ပြီ။

"ဖြေဦးလေ မြေးရဲ့၊ ဘယ်လိုလဲ ... ပြန်ချင်နေပြီလား"

ကျီစယ်လိုက်သော ဘွားကို မောင် ချစ်ခင်ကြင်နာစွာ ပြန်ပြုံးပြလျက် ...

"မြန်းခနဲတော့ မပြန်သေးပါဘူး ဘွားရယ်၊ ဖေဖေ့ဆီမှာ အလုပ်သင်နေချိန်ဆိုတော့ ဖေဖေက မျှော်နေမှာအမှန်ပဲ၊ သားကိုခိုင်းထားတဲ့ အလုပ်တွေကို သူငယ်ချင်းနဲ့ လွှဲခဲ့ရတာ၊ ဘွားက အမြန်လာပါဆိုတော့ ဘာမှန်းညာမှန်းမသိ ထလစ်ခဲ့ရတာလေ"

"အင်း ... အဲဒီလိုမှ မခေါ်ရင်လည်း မင်းအဖေ လူစိမ်းကားကြီးက သူစိမ်းတွေအလယ်မှာ ငါ့အမေတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဘယ်လိုများနေသလဲလို့ ဘယ်နှခါ တွေးပူဖူးလို့လဲ၊ ဒါကြောင့် မြေးကို အဲသလို လှမ်းခေါ်လိုက်ရတာပဲ"

"အဟင်း ဟင်း ဟင်း . . . ဘွား တော်တယ်၊ ဖေဖေဆိုတာ ပျာယာခတ်သွားတာပဲ၊ ငါမသွားနိုင်လို့ မင်းသွားလိုက်ကွာ ဆိုပြီး အတင်းတွန်းလွှတ်တော့တာပဲလေ"

ဒေါ်အိမ်စိုး ငွေမှုငွေ ဖြစ်နေသော သားပုံစံကို မျက်စိထဲ မြင်ရင်း ကျက်သရေရှိသော သူမမျက်နှာအား အကျည်းတန်စွာ မဲ့ပစ်လိုက်လေသည်။

ထိုစဉ် . . .

"အမေစိုး . . . အခန်းထဲမှာလား"

မြေးအဘွားနှစ်ယောက် စကားတွေ အချီအချပြောနေစဉ် အခန်းအပြင်မှအသံကြောင့် နားစွင့်လိုက်မိလေသည်။

"မောင်ဘသာလားဟေ့"

"ဟုတ်ပါတယ် အမေ . . . ကျွန်တော်ပါ"

"လာလေကွယ် . . . ကိစ္စရှိလို့လား"

"ကိစ္စရှိလို့တော့ မဟုတ်ပါဘူး၊ လက်ိုရက်က ကျွန်တော် ခရီးလွန်နေလို့ လချုပ်စာရင်းကို အခုမှလာပေးတာပါ"





လက်ထဲမှာ ဖိုင်တွဲတွေကိုင်လျက် ဦးဘသာအခန်းထဲသို့ ဝင်လာခဲ့ရင်း ရှိသေစွာ ပြန်ပြောနေသည်ကို ဘေးကနေ မောင် ကြည့်၍ ကြည်နူးဝမ်းသာနေမိလေသည်။

ရှိသမျှစည်းစိမ်တွေ သူတို့လက်တွင်းမှာ ရှိနေပါလျက် စိတ်နဲ့တောင် မပြစ်မှားကြ။ ဒါ်ကိုက လေးစားစရာ။

"ဪ . . . မောင်လည်း ရှိနေသလား"

အနားကိုရောက်လာပြီး မောင့်ကို ဦးဘသာ နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ . . . ဘွားခေါ်တယ်ဆိုတာနဲ့ ဝေယံနဲ့တောင် အပြင်လိုက်မသွားဖြစ်ဘူး"

"အေး . . . သား ကားဂိတ်ကိုရောက်လာလို့ ဦးလေးလည်း ထွက်လာခဲ့တာ"

ဘွားပိုင် အဝေးပြေးကားဆယ်စီးကို ဦးစီးဦးဆောင်ပြု၍ ဦးဘသာ ကြိုးစားလုပ်ဆောင်ပေးနေသလို ဝေယံကလည်း ရွှေဂေဟာ စူပါမားကတ်အား ဦးစီးဦးဆောင်ပြုနေသူဖြစ်သည်။

ဒါကြောင့်လည်း ဘွားက ပါးစပ်ဖျားက မချတမ်း ချီးမွမ်းနေခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ... ဘယ်လောက်ပဲ အားကိုးရပါစေ၊ ကိုယ့်သွေးကိုယ့်သားကိုတော့ ပို၍ အားကိုးချင်မိတာ လူတိုင်း၏ စိတ်ဓာတ်ပင် ဖြစ်လေသည်။

ဘွားလည်း လူသားထဲကလူသားပေမို့ ကိုယ့်မြေးထက် အားကိုးနေရသူ အနားမှာရှိနေပါလျက် ကိုယ့်မြေးကို အနားမှာ ရှိနေစေချင်၊ အားကိုးချင်မိတာ မဆန်း။

အစက ဒါတွေကို မောင်သိလျက်နှင့် လျစ်လျူရှုထားမိသည်။ အခုတော့ တိုက်ဆိုင်မှုလေး ရှိလာမှ ဘွားကို ပစ်မထားရက်တာကို အကြောင်းပြပြီး မြန်မာပြည်မှ မပြန်တော့ဟု ဆုံးဖြတ်လိုက်မိလေသည်။

ဒီဆုံးဖြတ်ချက်ကို ဘွားသိလျှင် ဝမ်းသာမှာမလွဲ၊ ဖေဖေတို့ မေမေတို့ သိလို့က ဘယ်လောက် ဒေါသထွက်လိုက်မလဲ။

မတတ်နိုင်ပါ။ ဖေဖေတို့က ဟိုမှာ လုပ်ငန်းကို အခြေကျပြီး ကိုယ်တိုင်လုပ်ကိုင်နေကြရတာ။ ဘွားမှာသာ ကိုယ့်စိတ်နဲ့ သူများကိုယ်။

ဒီလိုဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချလိုက်တော့ ရင်ထဲပေါ့သွားရသည်။





အတွေးအဆုံးမှာ ဘွားတို့ စာရင်းရှင်းနေကြတာကို အာရုံပြုမိသည်။

မျက်မှန်ကြီးတဝင့်ဝင့်နှင့် ဘွားက စာရင်းတွေကို ဖတ်ရှုနေပြီး ဦးလေးဘသာ ရှင်းပြသမျှ ခေါင်းတညိတ်ညိတ် ရှိနေ၏။

နောက်ဆုံး စာရင်းရှင်းပြီးသွားတော့ လာအပ်သော ပိုက်ဆံတွေကို ဘွားက ရေတွက်နေတော့သည်။

မောင် စိတ်ကူးနှင့်အတူ ဘွားအား ပိုက်ဆံတွေ ပိုင်းရေပေးရင်း ...

"ဘွား ... ဦးလေးဘသာအပြန် မောင်လိုက်သွားမယ်၊ ဝေယံနဲ့အတူ လုပ်ငန်းတွေကို တွဲပြီး အလုပ်လုပ်ဖို့ စိတ်ကူးလိုက်ပြီ ဘွား"

ဒေါ်အိမ်စိုး လက်ထဲက ငွေစက္ကူတွေကို ဆက်မရေနိုင်တော့ဘဲ ဝမ်းသာလွန်း၍ မျက်ရည်တွေဝဲတက်လာရပြီး ပိုက်ဆံတွေကို လွှတ်ချလျက် မြေးဖြစ်သူကို ဖက်ထားလိုက်လေသည်။

ဘာမှကို ပြောမထွက်။

နှုတ်ကပြောလိုက်မည့်စကားထက် အဆပေါင်းများစွာသာသော ရင်မှဖြစ်သော ပီတိတို့ကြောင့် မျက်ရည်ကြားကနေ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းအစုံက၊ အလိုလိုပြုံးနေရသည်။

ဦးဘာသာလည်း မြေးအတွားနှစ်ယောက်ကိုကြည့်၍ ပီတိအဟုန်ကြောင့် နှုတ်ခမ်းမွေးတွေ ကားတက်လာသည်ထိ အပြုံးတွေ ဝေဆာနေတော့သည်။

❀ ❀ ❀



အခန်း (၃)

"ဝေယံ ... ငါတို့ ရွှေဂေဟာမှာ ကွန်ပျူတာကျွမ်းကျင်သူ အမျိုးသမီးနှစ်ယောက် အလိုရှိတယ်လို့ ကြော်ငြာလိုက်ကွာ"

ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သော မောင့်ကို ဝေယံ မျက်ခုံးပင့်ကြည့်လျက် ...

"ဘာကြောင့်ဦးမလို့လဲ"

မောင် ပြုံးစိစိလုပ်၍ ...

"မင်းကတော့လေ ... ငါ့များဆို တစ်ခါမှ အကောင်းမမြင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ပါတယ်၊ ဒါပေမဲ့ မင်းက မင်းအတွက် အကျိုးလေးမှမရှိရင် ဘာမှမလုပ်တတ်တာ သိနေတော့ ဖွန်ကြောင်တဲ့ကိစ္စနဲ့မှ ပတ်သက်ပါ့မလားလို့"

"နော ... ပြောမယ် ငါ့ဆို၊ တွေ့မယ် တွေ့ဦးမယ်၊ မင်း အလှည့်ကျမှ မင်းရှေ့ကဆံပင်တွေကို ဆွဲ ဆွဲပြီး မေးပြမယ် ... ကြည့်နေ"

"ကြည့် ... ကြည့်ချင်သလိုသာ ကြည့်၊ မင်းသာ အညောင်းမိသွားလိမ့်မယ်၊ ငါ့မှာ အလုပ်ထဲမှာ ဟိုပြေးရ ဒီပြေးရနဲ့ အဲဒါတွေ စိတ်ကူးချိန်ကို မရှိဘူး၊ အခုမှ မင်း လူစိတ်ဝင်လာလို့ သက်သာမယ်ကြံကာ ရှိသေးတယ်"

"ခွေးကောင်"

နှစ်ယောက်သား ညဘက် အနားယူရင်း တီဗီရှေ့မှာ စကားတွေ ပြောနေကြခြင်း ဖြစ်သည်။

လွတ်လပ်စွာ ခြေပစ်လက်ပစ် တုံးလုံးပက်လက် လှဲကာ နှစ်ယောက်သား အနိုင်ယူပြောနေကြသော်လည်း စိတ်ဆိုးစိတ်ခုတယ်ဆိုတာ သူတို့နှစ်ယောက်ကြားမှာ ဘယ်တုန်းကမှ မဖြစ်ပေါ်ခဲ့သောကိစ္စပင်။





အခုလည်း တစ်ယောက်ကိုတစ်ယောက် ပျစ်ပျစ်နှစ်နှစ် ဝေဖန်ပြောဆိုနေပေမယ့် စိတ်ထဲမှာ ဘယ်လိုမှ မနေကြ။

"မင်း စဉ်းစားကြည့်လေ ဝေယံ ... ငါတို့နှစ်ယောက်က ဘွဲ့သာရထားကြတာ ကွန်ပျူတာနဲ့ပတ်သက်လို့ ဘာကိုမှ နားလည်ကြတာ မဟုတ်ဘူး၊ ဆိုင်မှာငှားထားတဲ့ ကွန်ပျူတာကိုင်တဲ့ ကောင်မလေးနှစ်ယောက်ကရော ကိုယ်တွေလုပ်ခိုင်းတာကိုတောင် ဖြစ်ဖြစ်မြောက်မြောက် မလုပ်ပေးတတ်ဘူး၊ ဒီကြားထဲ ကွန်ပျူတာပျက်ရင် ဆရာခေါ်ရသေးတယ်၊ အဲဒါကြောင့် ကွန်ပျူတာနဲ့ပတ်သက်သမျှ ကျွမ်းကျင်အဆင့်ကို လိုချင်တာ"

ဒီလိုရှင်းပြတော့လည်း ဟုတ်သားဟု ဝေယံတွေးကာ ဘာဆက်ပြောမလဲဟု နားထောင်နေမိသည်။

ကိုယ့်အတွေးထဲမှာတော့ တစ်ခါမှ ဒါတွေမတွေးမိ။ ပစ္စည်းအသစ်အဆန်း တင်မည်။ ရောင်းအားမြှင့်တင်နိုင်ရန် ကြိုးစားမည်။ ဖခင်တစ်ယောက်တည်း မနိုင်မနင်းဖြစ်မည်စိုး၍ အဝေးပြေးဂိတ်ဆီ ပြေးမည်။ ကျန်တာ ငွေအားဖြင့်သာ ဖြေရှင်းစမြဲ။

အခုလိုဆိုတော့လည်း အလုပ်သမားငှားတာချင်း အတူ



www.burmeseclassic.com

www.burmeseclassic.com



တူ ဘက်စုံပြည့်စုံနေတော့ အချိန်ကုန်သက်သာမည်။

အင်း . . . ဒါလည်း ဟုတ်တာပဲဟု တွေးမိ၏။

"နောက်ပြီးရှိသေးတယ် ဝေယံ . . . တို့ဆိုင်မှာ မင်းကြိုးစားမှုကြောင့် တိုးတက်မှုတွေ အများကြီးရှိနေတာ ငါဝန်ခံပါတယ်၊ ဒါပေမဲ့ နိုင်ငံတကာအဆင့်မီပစ္စည်းတွေ ဒီထက်မက တင်သွင်းနိုင်ရင် ပိုကောင်းမလားလို့ ငါစဉ်းစားမိတယ်၊ မင်းမှာက တစ်ယောက်တည်း အလုပ်ကြီးနှစ်ခုကို အပြေးအလွှား လုပ်နေရတော့ လစ်ဟာတဲ့နေရာတွေ ရှိနေတာ မဆန်းပါဘူး၊ ငါ မင်းကို ဆရာလုပ်နေတာ မဟုတ်ဘူးနော်၊ ဟိုမှာ အနေများလာတဲ့ ငါ့မျက်စိလို့အပ်နေတာတွေကို တင်ပြနေတာ"

ဝေယံ ခေါင်းညိတ်ပြလျက် . . .

"ဟုတ်ပါပြီ . . . ငါက ဘာပြောနေမိလို့လဲ၊ မင်း အခုလို ထောက်ပြမှ ငါ မြင်မှာတွေ့မှာပေါ့၊ ဒီလုပ်ငန်း တိုးတက်ဖို့ မင်းမှာလည်း တာဝန်ရှိတာပဲဟာ၊ မင်းစိတ်ကူး မဆိုးပါဘူး၊ ဘာလုပ်ရမလဲသာ ငါ့ကိုပြော . . . ငါ ဆက်လုပ်ပေးသွားပါ့မယ်"

ကျေကျေနပ်နပ်နှင့် ဝေယံ လက်ခံပြောဆိုခြင်းဖြင့် နှစ်ယောက်သား အပြုံးကိုယ်စီ ပြုံးလိုက်ကြပြီး လက်ဝါးချင်း





ရိုက်လိုက်ကြလေသည်။

"ငါက ရန်ကုန်အထာ မကျွမ်းသေးလို့ပါကွာ၊ နောက်ဆို ငါလုပ်သင့်တာလည်း ထွက်လုပ်ပါ့မယ်၊ လောလောဆယ်တော့ ကွန်ပျူတာကျွမ်းကျင်အဆင့် အမျိုးသမီးနှစ်ယောက် အလိုရှိသည်လို့ သတင်းစာထဲလည်း ကြော်ငြာ၊ လမ်းတိုင်းမှာလည်း ကြော်ငြာတွေ လိုက်ကပ်"

"ဟိုကောင်မလေးတွေ ငှားနေတဲ့ လမ်းနားရောလား"

ငါသိပါတယ်ဆိုသောအပြုံးမျိုးနှင့် ဝေယံ မချိုမချဉ်ပြုံးလျက် မောင့်ကို မေးလိုက်သည်။

ဟုတ်နေ၍ မောင် ရှက်ပြုံး ပြုံးလျက် . . .

"မင်း အဲဒါတွေတော်တာ၊ အဲလို ကွက်ကျော်မြင်တတ်လို့ ဘွားရဲ့အချစ်တော် ဖြစ်နေတာနေမှာ"

"ဘာမှမဆိုင်ဘူး"

"ဆိုင်ရင်ဆိုင်၊ မဆိုင်ရင်နေကွာ၊ အဲဒီကိစ္စ မနက်ဖြန်က စပြီး လှုပ်ရှားမယ်၊ သြော် ဟော့ကောင် . . . ဆူးလေလမ်းမကြီးတစ်လျှောက်လည်း ကျန်ခဲ့ဦးမယ်"

"တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြယမုံတို့ ကွန်ပျူတာသင်တန်းတက်သော သင်တန်းကျောင်းနားမှန်း ဝေယံသိနေ၍ ထောပနာပြုလိုက်ခြင်းဖြစ်သည်။

ဝေယံ၏ ထောပနာပြုမှုကို မောင် ကျေနပ်စွာလက်သင့်ခံရင်း အပြုံးဖြင့် တုံ့ပြန်လိုက်သည်။

ဒီရက်ထဲ အလုပ်ထဲမှာ စိတ်နှစ်ထား၍ မြယမုံထံသို့ပင် အခစားမရောက်ဖြစ်။

ဖုန်းဆက်ရန်စိတ်ကူးသော်လည်း ကြောင်လို့ ထင်မည်စိုး၍ အရမ်းမရောရဲသေး။

တွေ့ကြရတာ သိပ်မကြာသေးတော့ ကောင်မလေးအထင်သေးမှာကိုလည်း မလိုလားပေ။

ကိုယ့်လုပ်ရပ်လေးကို သူမလေး အသိအမှတ်ပြု သတိထားမိရုံနှင့် ကျေနပ်နေရပါဦးမည်။

အလုပ်တွေနေသားကျပြီး အခြေအနေအေးချမ်းမှ သူမလေးနှင့် နှစ်ကိုယ်နီးဖို့ ကြိုးစားရတော့မှာပါပဲ။

အခုတော့ ရင်ထဲကအချစ်တွေကို ရင်ထဲမှာပဲ ခဏသိမ်းထားပါရစေဦး ချစ်သောယမုံလေးရယ်။

✿ ✿ ✿



## အခန်း (၄)

"ယမုံ"

"ဟင်"

သင်တန်းကပြန်လာကြပြီး နှစ်ယောက်သား တက်ညီလက်ညီ မီးဖိုထဲမှာ ချက်ပြုတ်နေကြရင်း ရွှေရည်က ယမုံအားခေါ်လိုက်ခြင်းဖြစ်သည်။

ကန်စွန်းရွက်ခြွေနေရာမှ ယမုံ ပြန်ထူးလိုက်ပြီး ရွှေရည်အား လှမ်းကြည့်နေမိသည်။

"ဩော် . . . ဟို ဖုန်းပေးတဲ့ကြောင်အကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



မလို့ပါ၊ ငါတို့နောက်ကို လိုက်တာလည်း တစ်ခါမှမတွေ့ဘူးနော်၊ ဖုန်းလည်း ဟိုတစ်ခါပဲ ဆက်တယ်၊ နောက်ထပ် မဆက်တော့ဘူး၊ ဘာလုပ်တာလဲ မသိဘူး၊ တကယ့်ကို ဖွန်ကြောင်တာလား မသိဘူး''

''နင်က မျှော်နေတယ်ပေါ့''

''အာ ... ဟုတ်ပါဘူး၊ ခေါင်းထဲရောက်လာလို့ ပြောတာပါ''

''မပြောနဲ့ မေ့ပစ်လိုက်၊ ဖုန်းက တန်ဖိုးကြီးနေလို့ ငါ လွှင့်မပစ်တာ၊ ဘာမှတန်ဖိုးမရှိရင် လွှင့်ပစ်မိတာ ကြာလှပြီ''

ယမုံကိုယ်တိုင်လည်း မကြာခဏ သတိရနေမိတာ အမှန်။ သို့သော်လည်း ဘယ်လိုအနေအထားနဲ့ ကိုယ်တွေကို ဆက်ဆံလိုက်မှန်း မသိရသောသူကို မမြင်ဖူးခင်က အဆက်အသွယ်မဖြစ်မိတာဘဲ ကံကောင်းတယ်လို့ မှတ်ယူကာ မေ့ထားခဲ့မိတာလည်း အမှန်ပါ။

တခဏ် ရင်ခုန်မိလိုက်သောအဖြစ်ကိုပင် မေ့ထားလိုက်မိပါပြီ။ ဒါကြောင့် ရွှေရည် အစဖော်လာခြင်းကို တားမြစ်လိုက်ခြင်း ဖြစ်သည်။





''ရွှေရည် ... ညကျသောက်ဖို့ ကော်ဖီမစ်ထုပ် ကုန်နေတယ်၊ လမ်းထိပ်မှာ ထွက်ဝယ်လိုက်ပါလား၊ နင် လုပ်လက်စတွေထားခဲ့၊ မမှောင်ခင် သွားလိုက်ပါ၊ အဲဒီစားပွဲပေါ်က ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံယူသွား''

သူမတို့နှစ်ယောက် အညာမြို့လေးကနေ ရန်ကုန်တွင် အတူကျောင်းလာတက်ရင်း ကျောင်းပြီးသွားတော့လည်း အလုပ်အတွက် ကြိုးစားနေကြသူများ ဖြစ်သည်။

မိဘများက အရမ်းမချမ်းသာကြသော်လည်း သနပ်ခါးခြံများ ရှိကြ၍ အသင့်အတင့် နေနိုင်စားနိုင်သူများ ဖြစ်ကြလေသည်။

ဒါကြောင့် သူမတို့ ဝါသနာပါသည့်အလုပ်ကို လုပ်ကြရန် ခွင့်ပြုထားကြခြင်းဖြစ်သည်။

သူမတို့ကလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းရင်း နေလာခဲ့ကြတာ တက္ကသိုလ်စတက်သည့်အချိန်ကတည်းက ဖြစ်၏။

အခု အပြင်မှာ အိမ်ငှားနေကြသည့်တိုင် စည်းလွတ်ဝါးလွတ် မနေ။ မိဘများ ယုံကြည်စိတ်ချမှုကို အလွဲသုံးစားမလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြ။ တတ်နိုင်သမျှ ကိုယ့်ကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်း နေခဲ့ကြပါသည်။

ယခုလည်း မနက်ပိုင်းမှာ အချိန်ပိုင်းအလုပ်တစ်ခုကို လုပ်၍ နေ့လယ်ဘက်မှာ ကွန်ပျူတာသင်တန်းတက်ရင်းဖြင့် တက်လမ်းရှိမည့်အလုပ်ကို ရှာဖွေနေကြခြင်းဖြစ်သည်။

"ဟဲ့ ယမုံ ... ဝမ်းသာစရာတွေ့လာတယ်ဟဲ့ ... သိလား"

"ဟင် ... ဘာလဲဟဲ့၊ အလန့်တကြား"

ဟင်းအိုးမွှေနေရာမှ ယမုံ လှည့်ကြည့်၍ အမောတကော ပြောနေသော ရွှေရည်ကို မေးလိုက်မိသည်။

"ငါတို့လမ်းထိပ်က ကွမ်းယာဆိုင်မှာ ကြော်ငြာကပ်ထားတာတွေ့ခဲ့လို့၊ ကျွမ်းကျင်အဆင့် ကွန်ပျူတာသင်တန်းဆင်း အမျိုးသမီးနှစ်ယောက် အလိုရှိသတဲ့"

"ဟယ် ... ဟုတ်လား၊ ဘယ်မှာလဲတဲ့၊ ဘယ်တုန်းကတည်းက ခေါ်နေတာလဲ မသိဘူးနော်"

အားရဝမ်းသာဖြင့် မျှော်လင့်ချက်များနှင့် မြယမုံ မေးလိုက်လေသည်။





"ရွှေဂေဟာစူပါမားကတ်က ခေါ်တာ၊ နေ့စွဲက ဒီနေ့နေ့စွဲလို့ ငါထင်တာပဲ"

"ဟုတ်လား ... အဲဒါဆို မနက်ဖြန်ပဲ တို့နှစ်ယောက် သွားလျှောက်ကြမယ်၊ အောင်မယ်လေး ... ဝမ်းသာလိုက်တာ၊ လျှောက်လွှာပိတ်မယ့်ရက်ကော ရေးထားသေးလားဟေ့"

"ဟင့်အင်း ... မတွေ့မိဘူး"

"ကဲ ကဲ ... ရေချိုးမယ် မဟုတ်လား၊ ရေချိုးပြီးရင် ထမင်းစားကြမယ်၊ ပုစွန်ကြော်ပန်းကန်လေး ဆွဲသွားစမ်းပါ ရွှေရည်ရယ်၊ ကြီးကြီးအတွက် ဦးခတ်ထားတာ၊ ဩော် ဟဲ့ ... အဲဒီ ရွှေဂေဟာက ဘယ်မှာလဲ ... နင်သိလား"

အိမ်ပိုင်ရှင်အပျိုကြီးအတွက် သူမတို့ အမြဲ ဟင်းတစ်ခွက် ပို့နေကျအတိုင်း ပို့ရန် ယမုံ သတိပေးရင်း မေ့နေသောကိစ္စအား သတိရလိုက်၍ မေးလိုက်မိသည်။

"အင်း ... လိပ်စာက အပြည့်အစုံ ရေးထားပါတယ်ဟဲ့၊ ဘာတဲ့ ၁၃ လမ်းထိပ်မှာလို့ ရေးထားတယ်၊ ကဲ ... သွားပြီ၊ ငါပြန်လာရင် နင် ရေချိုး,ထမင်းစားရင်းနဲ့မှ ထပ်ပြောကြမယ်"

တဘက်လေးပတ်၍ ဟင်းပန်းကန်လေးဆွဲကာ ရွှေရည်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းဘက်သို့ ကူးသွားလိုက်သည်။

အိမ်ရှင်အပျိုကြီးကလည်း တစ်ယောက်တည်းနေသူမို့ သူမတို့ကို ခင်တွယ်ရှာသည်။

ရေချိုးတာကအစ သူ့အိမ်မှာ လာချိုးစေသည်။ အတူတူနေရန် ပြောသော်လည်း ယမုံတို့က လက်မခံ၍ အခန်းကာပေးထားခြင်းဖြစ်သည်။

သို့သော်လည်း ယမုံတို့က အပျိုကြီးအား အဒေါ်သားချင်းသဖွယ် သဘောထား၍ ရိုသေလေးစားခဲ့သည်။

ဒါကြောင့်လည်း နေ့စဉ် စားဦးစားဖျားကို ပို့မြဲဖြစ်၏။

ဒီတော့လည်း တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို အပျိုကြီးဒေါ်နှင်းရီကလည်း မိဘများနှင့်ခွဲကာ ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘာသာရပ်တည်နိုင်ရန် ရိုးသားစွာ ကြိုးစားနေသော ကလေးမလေးနှစ်ယောက်အား သံယောဇဉ်ဖြစ်မိပါ၏။

အပြန်အလှန် စေတနာမေတ္တာများ ဖလှယ်ရင်း မိသားစုလေးသဖွယ် နေဖြစ်ခဲ့ကြလေသည်။

ထိုညအဖို့ ထမင်းစားသောက်ပြီး ယမုံတို့နှစ်ယောက် တီဗီပင်မကြည့်နိုင်။ အလုပ်လျှောက်ရန် လိုအပ်သည်များကို





ရှာဖွေစုဆောင်းကြရင်း အလုပ်ရှုပ်နေကြလေသည်။

ထိုသို့ အလုပ်ရှုပ်နေစဉ် ...

"..........."

စားပွဲပေါ်မှဖုန်းလေးက သာယာသောတေးသံလေး ပေါ်ထွက်လာခဲ့လေသည်။

မေ့ပျောက်ထားသည့်ကိစ္စမို့ ဖြုန်းခနဲ ကြားလိုက်ရချိန်မှာ ယမုံ မှင်တက်မိသွားရ၏။

ရွှေရည်က လက်တို့ပြီးမေးငေါ့ပြလေမှ ဖုန်းကိုင်ရန် ယမုံ သတိရတော့သည်။

"ပြောပါ ... ဘာကိစ္စရှိလို့ ရှင်က ဖုန်းဆက်ရပြန်တာလဲ၊ ဒီမှာ ရှင်သိထားဖို့က ဖုန်းရဲ့တန်ဖိုးကြောင့် နှမြောလို့ လွှင့်မပစ်တာ၊ ရှင့်ဖုန်းကို မျှော်နေလို့ ကျွန်မလက်ထဲမှာ ရှိနေတာလို့ မထင်လိုက်နဲ့ဦး၊ နောက်ပြီး ကျွန်မက ရှင်တွေ့ဖူးတဲ့ မိန်းမစားမျိုး မဟုတ်ဘူးဆိုတာကိုတော့ သဘောပေါက်ထားပါ"

ကက်ကက်လန် ရန်တွေ့နေသော ယမုံ့အသံလေးအား နာပျော်ဖွယ်သံစဉ်တေးသွားတစ်ပုဒ်လို နားသောတဆင်နေရသည့်အလား နှစ်ခြိုက်စွာ မောင် နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မပြောဖြစ်ဘဲ မျက်နှာမှာ အပြုံးတို့ဖြင့်။ ဘာသံမှ မကြားရတော့ ယမုံ ကြောင်တောင်တောင်ဖြစ်သွားရပြီး ဖုန်းလေးကို နားမှခွာကာ မျက်လုံးလေးဝိုင်းလျက် ကြည့်နေမိသည်။

နောက်မှ ဒေါသတွေ စုပြုံထွက်လျက် ...

"ဒီမှာ ... ရှင် အားနေလား၊ အားနေရင် တခြားမှာ သွားဖောရှောချည်၊ ကျွန်မကို လာမဖောနဲ့၊ ဘယ်လိုလူလဲ မသိဘူး"

ယမုံ နှုတ်ခမ်းလေးကို စူထော်လျက် ရန်တွေ့ကောင်းနေတော့၏။

"အဟွန်း ... မင်းဒေါသထွက်ပုံက ချစ်စရာကောင်းနေလို့ နားထောင်နေတာပါကွ၊ ရန်တွေ့တာနဲ့မတူဘဲ ချစ်တဲ့သူဆီက ဖုန်းကိုမျှော်နေတာ မလာတော့ စိတ်ကောက်ပြီးပြောနေတဲ့အတိုင်းပဲ၊ အဟင်း ... ချစ်စရာလေး"

"ဘာ ... ဘာပြောတယ်၊ ရှင် လူကို ဘာမှတ်နေလို့ ဒီအချိန်ကြီး လာပြီး စော်ကားရတာလဲဟင်"

ယမုံ ဒေါသအိုးလေး ပေါက်ကွဲသထက် ပေါက်ကွဲလာတော့သည်။





မောင် တဟားဟား ရယ်လျက် ...

"မင်းကို အထင်လည်း မသေးဝံ့ပါဘူး၊ စော်လည်း မစော်ကားရဲပါဘူး၊ မင်း ဘယ်လိုမိန်းကလေးဆိုတာ မြင်ရုံနဲ့ သိပါတယ်၊ နောက်ပြီး ကိုယ်ဟာ အားနေတဲ့ ကလေကချေတစ်ယောက်လည်း မဟုတ်ဘူး၊ မင်းအပေါ် မြင်မြင်ချင်း ချစ်မိတဲ့ စိတ်ကြောင့် ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းမသိတော့လောက်အောင် အသိစိတ်မဲ့သွားတဲ့ လူတစ်ယောက်လို့ပဲ ဆိုရတော့မှာပဲ"

ယမုံ နှုတ်ခမ်းလေး ဝစီပိတ်ကျင့်သွားတော့သည်။ ရင်တွေကတော့ ဝုန်းဒိုင်းကြဲကုန်၏။ မောင် ဆက်ပြောမိသည်။

"ဟိုရက်တွေက အလုပ်တွေများနေလို့ ဖုန်းတောင် မဆက်ဖြစ်ဘူး၊ အခု အလုပ်တွေ နည်းနည်းပါးသွားလို့ မင်းမျက်နှာလေးကို မြင်ရနိုးနဲ့ မှောင်ရှိန်လောက်ကတည်းက မင်းအိမ်ရှေ့ကို ရောက်နေတာ၊ မင်းက ထွက်မလာဘဲ မင်းသူငယ်ချင်းပဲ ထွက်လာခဲ့တယ်၊ ဒါနဲ့ပဲ ဖုန်းဆက်ကြည့်တာ ... ရှိရဲ့လားလို့၊ မရှိရင်လည်း ပြန်ရုံပေါ့၊ ရှိရင်လည်း အသံလေးကြားရုံနဲ့ နှစ်သိမ့်ပြီး ပြန်မယ်စိတ်ကူးနဲ့ ဆက်လိုက်တာပါ၊ ကိုယ် ကျေနပ်ပါတယ်၊ သွားပြီနော် ... တော်ကြာ မင်းတို့အိမ်ရှင် အပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



သိသွားလို့ မင်းတို့ ပြေးပေါက်မှားနေမှာစိုးလို့၊ ကောင်းသောည ချမ်းပါ ယမုံ''

ကတုန်ကယင်ဖြင့် အခန်းအပြင်သို့ထွက်ကာ ယမုံ ကြည့်မိသည်က စိတ်တွေလှုပ်ရှားသွားမိတော့သည်။

အနောက်ကလိုက်လာတဲ့ ရွှေရည်က ပခုံးလေးဖက်ပြီး ဆွဲလှည့်လိုက်တာကို သိ၏။ အသားတွေ တဆတ်ဆတ်တုန်၍ ဘာမှ စကားမဆိုနိုင်အောင် ဆွံ့အငေးကြောင်ကာ ဖြစ်နေဆဲ။ လက်ထဲက ဖုန်းလေးကိုသာ ငေးကြည့်နေမိသည့်အဖြစ်။

''လာ ယမုံ ... ဒီမှာ ခဏထိုင်ရအောင်၊ ဘာတွေပြော သွားလို့လဲ၊ ဒီလူ အသက်ရှည်ဦးမယ်၊ ဒီနေ့ပဲ သူ့အကြောင်း တို့နှစ်ယောက် ပြောနေသေးတာ၊ တိုက်တိုက်ဆိုင်ဆိုင် ဖုန်းဆက် တယ်''

''ဖုန်းဆက်ရုံတင်မဟုတ်ဘူး ရွှေရည် ... လူကိုယ်တိုင် အိမ်ရှေ့ကိုရောက်လာတာ''

''ဟင်''

ရွှေရည် အံ့ဩလွန်းစွာ ပါးစပ်လေးအဟောင်းသား ဖြစ် လျက် အိမ်ရှေ့ကိုပင် ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည့် အဖြစ်။





အိမ်ရှေ့မှ ကားဆိုင်း၍ ခုနက အမှတ်တမဲ့နဲ့ တွေ့တော့ တွေ့ခဲ့သား။ အိမ်ရှေ့ကခြံကို လာသည့်ကားဟု ထင်ထားခဲ့တာ။ ဒီလူဟု မထင်။ ထင်ရအောင်ကလည်း အဆက်အစပ်မှ မရှိတာ။ သက်ပြင်းမှုဦးမှုဦးချလျက် ...

''ပြောပါဦး ... ဘာတွေပြောသွားလဲ၊ ဒီလူ တော်တော် အတင့်ရဲတာပဲ''

မေးလည်းမေး စိတ်ထဲရှိတဲ့အတိုင်း ရွှေရည်ပြောမိ၏။

''သူ့အကြောင်းကို မေ့ထားခဲ့တာပါ ရွှေရည်၊ အခုတော့ ငြိမ်သက်နေတဲ့ ငါ့နှလုံးသားကို ဒုက္ခပေးဖို့ ထပ်ပြီးရောက်လာရ တာလားဟာ''

တုန်တုန်ချည့်ချည့်လေး ပြောနေသော ယမုံ့မျက်နှာကို ရွှေရည် အကဲခတ်ရင်း အနားမှာ ဝင်ထိုင်လိုက်ကာ ...

''နင် နင် သူ့ကို''

ရွှေရည် ဆက်မေးရန်ပင် အားနာသွားရသည်။ အတွေ့ အကြုံမရှိ၊ ဣန္ဒြေကြီးသော သူငယ်ချင်းတစ်ယောက် ယောကျာ်း တစ်ယောက်၏အသံ ကြားရုံနှင့် တိမ်မူးသွားခဲ့ပြီလား။

''ဟုတ်တယ်ရွှေရည် ... သူ့အသံ သူ့အပြောကို ငါ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက မျှော်လင့်တောင့်တနေမိပြီဆိုတာ ငါဝန်ခံရတော့မှာပဲ၊ ဘယ်သူမှ မလုပ်နိုင်တဲ့အလုပ်တစ်ခုနဲ့ ငါ့ကို သူ ချဉ်းကပ်ခဲ့ကတည်းက စိတ်တွေလှုပ်ရှားနေခဲ့တာပါ၊ ဒါပေမဲ့ သူ့ဘက်က ငြိမ်သက်သွားတော့ ငါ မေ့နိုင်သမျှ မေ့ထားခဲ့တယ်၊ နေ့တိုင်းတော့ ဖုန်းမျှော်နေမိတာ အမှန်ပဲ၊ ပိုဆိုးတာက သူ့ရဲ့အပြော၊ သူ့ရဲ့လုပ်ရပ်တွေက ငါ့ကို တောင့်ခံနိုင်စွမ်းမရှိအောင် ဆွဲဆောင်လွန်းတယ် ရွှေရည်၊ ပြောတဲ့စကားတိုင်းကိုလည်း အမှန်တွေလို့ ယုံကြည်နေမိတယ်''

ရွှေရည် ဘာမှပြန်မပြောနိုင်အောင် ယမုံ့စကားက နှုတ်ပိတ်လိုက်သလိုပင်။ သို့သော်လည်း ရွှေရည်မနေနိုင်။

''နင် သူ့ကို မြင်ဖူးသေးတာလည်း မဟုတ်ဘဲနဲ့ ယမုံရယ်၊ သူ ဘာလဲ, ဘယ်လိုလူမျိုးလဲဆိုတာတော့ သိသင့်သေးတယ်လို့ ငါထင်တယ်''

''ဟုတ်ပါတယ် . . . ငါလည်း ဒါတွေတွေးပြီးသားပါ၊ ရင်ထဲက လက်ခံနေတာပဲ ရှိတာပါ၊ အရမ်း ဖွတ်မိုတ်ယုံကြည်ပြီး ဆင်ကန်းတောတိုးလုပ်ဖို့ စိတ်ကူးမရှိပါဘူး၊ စိတ်ချပါ သူငယ်ချင်းရယ် . . . ယမုံဆိုတာ အသိတရားကင်းမဲ့နေတဲ့ မိန်းကလေးမှ





မဟုတ်တာဘဲကွယ်''

''ဒါတော့ဒါပေါ့ ယမုံ၊ အမှောင်တကာ့အမှောင်ထဲမှာ ဒီတဏှာအမှောင်က အကြောက်ရဆုံးပဲလေ၊ အဲဒါကြောင့် သူငယ်ချင်းကောင်းပီသစွာ ရွှေရည်သတိပေးမိတာပါ''

''ကျေးဇူးပါ ရွှေရည်ရယ်၊ ငါ့အပေါ် နင် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ လက်တွေ့ပဲလေ၊ နင် ဝါသနာမပါတဲ့ ဒီကွန်ပျူတာသင်တန်းကို ငါ့ကြောင့် နင်တက်ခဲ့ရတာ သက်သေပဲ၊ ငါတစ်ယောက်တည်းဖြစ်မှာစိုးလို့ ရွာကိုမပြန်ဘဲ ငါနဲ့အတူ ဒုက္ခခံနေတာလည်း လက်တွေ့ပဲလေ၊ ငါ ကတိ ထပ်ပေးပါတယ် . . . နင်စိုးရိမ်သလို မဖြစ်စေရပါဘူးလို့''

သူငယ်ချင်းကောင်း ပီသလွန်းသော၊ သူမအပေါ် အနွံတာခံကာ ချစ်နိုင်လွန်းသော ဒီသူငယ်ချင်းကို အမြဲတမ်း ယမုံလည်း အားကိုးချစ်ခင်ခဲ့ပါသည်။ မိဘတွေရဲ့ မျက်စိကွယ်ရာနားကွယ်ရာမှာ တစ်ယောက်ကိုတစ်ယောက် ဖေးမကူညီပြီး နေလာခဲ့ကြတာ ညီအစ်မသံယောဇဉ်ထက်ပင် ပိုနေကြလေသည်။

ဒီတော့ သူမအတွက် အစိုးရိမ်ပိုနေသောသူငယ်ချင်း စိတ်ပူသက်သာရန် ကတိတွေ အထပ်ထပ်ပေးနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သူမ တဖောက်ကန်း တစ်ဖွတ်ထိုးလုပ်မှာ မဟုတ်ပါ။ ထူးခြားမှုရှိတဲ့ သူ့အသံနဲ့ သူ့အပြောမှာ နစ်မျောပျော်ဝင်သွားခြင်းသာ ဖြစ်ပါ၏။

ဟန်ဆောင်ကာ သူ့ကို ရန်တွေ့လိုက်ရသော်လည်း အခုထိ ရင်ခုန်တုန်း။ သူပြောသလိုပဲ ဖုန်းမဆက်တော့ဘဲ နေခဲ့သော ရက်တွေအတွက် သူ့ကို ဒေါသထွက်တာလည်း ပါလေသည်။

အမှန်ဆို တကယ်ချစ်ခဲ့သူဆိုပါက နေ့စဉ် အသံနဲ့တော့ အဆက်အသွယ်ပြုနေရမည် မဟုတ်ပါလား။ အခုတော့ တစ်ခါလေး ဖုန်းနဲ့အသိပေးပြီး ပစ်ထားလိုက်တာ ယမုံ စိတ်မတိုဘဲ နေပါ့မလား။ ဒါကြောင့် သူ့ကို စိတ်တိုတိုနဲ့ ရန်တွေ့ပစ်လိုက်တာ။

နောက်တော့လည်း သူရှင်းပြသမျှ ယမုံ ယုံမိလိုက်တာပင်။ ခက်တော့ခက်တာပါပဲ။ မမြင်ရတဲ့သံယောဇဉ်က ယမုံ့ကို ဘယ်အထိ ဒုက္ခပေးနေဦးမှာပါလိမ့်။

"ကဲ မအတ … ဘာတွေဆက်ပြီး စိတ်ကူးယဉ်နေတာလဲ၊ ထ … မနက်အတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ရဦးမယ်





မဟုတ်လား။ မနက်ဖြန်ကျရင် လျှောက်လွှာက တစ်ခါတည်းဝယ်ပြီး တစ်ခါတည်းဖြည့်၊ တစ်ခါတည်းတင်နိုင်အောင် လိုအပ်မယ်ထင်သမျှ အကုန်ထည့်သွားရအောင်၊ ဟင်း … အပြောတစ်မျိုး အလုပ်တစ်မျိုးတော့ မလုပ်နဲ့နော် … ဒီမှာကြည့်ထား"

ရွှေရည်က ချစ်စနိုးနှင့် ခေါင်းခေါက်ရန် ရွယ်လိုက်တော့ ယမုံ ခေါင်းလေးပုသွားရပြီး နှစ်ယောက်သား ရယ်မောမိကြရင်း အခန်းထဲဝင်ရန် ထလိုက်ကြသည်။

"ဟဲ့ ဟဲ့ … နေဦး နေဦး၊ ဟိုလူ ခုနက ဘာပြောတာလဲ … ပြောဦးလေ"

"ဟာ … နင်ကလည်း"

ယမုံ ရှက်ရှက်နှင့် ခေါင်းကုတ်နေမိတော့၏။

ရွှေရည်က မရမက အတင်းအကျပ် ပြန်ထိုင်ခိုင်းပြီး …

"ဘာ နင်ကလည်း လုပ်လို့မရဘူး၊ နင့်ကို ကြွေသွားအောင်ပြောနိုင်တဲ့ ဒီလူရဲ့အပြောလေးကို ငါလည်းကြားချင်တယ်၊ ဒါမှ အပြောကောင်း၊ မကောင်း ငါ ဝေဖန်နိုင်မှာ … ပြောဟာ"

"နင်ကတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်နဲ့ပဲ ယမုံ ပြောပြလိုက်ရသည်။

ရွှေရည် မျက်နှာလေးမဲ့၍ အင်းမလုပ် အဲမလုပ်နှင့် ပြောသမျှ နားထောင်ရင်း ဒီလူ စကားလေးတစ်ခွန်းတည်းနဲ့ ယုံအောင် ပြောနိုင်စွမ်း ရှိပါလားလို့ စိတ်ထဲက ချီးကျူးနေမိပါ၏။

သို့သော် စိတ်လှုပ်ရှားစရာကိစ္စလေးတစ်ခုကို ဖန်တီးပြီး မိန်းကလေးတစ်ယောက်ထံ ချဉ်းကပ်လာသူအဖို့ ဒီလိုအပြော အဆိုကောင်းတာလောက်က ထမင်းစားရေသောက်လောက်ပဲ နေမှာ။

သူငယ်ချင်းအတွက် ရင်မောစွာတွေးရင်း ရွှေရည် သက် ပြင်းချနေမိပါ၏။

အတွေ့အကြုံမရှိသော သူငယ်ချင်းကိုလည်း စိုးရိမ်မိပြန် ၏။

✿ ✿ ✿



## အခန်း (၅)

"အောင်မယ်လေး ... ဟင် ... ရှင် လူတစ်ယောက် လုံးတောင် မမြင်ဘူးလား"

"မြင်ပါတယ်"

"ဘာပြောတယ်၊ ဒါဆို တမင်ဝင်တိုက်တာပေ့ါ ... ဟုတ်လား"

"အာ ... မဟုတ်ဘူး၊ မြင်တယ်ဆိုတာ အခုမှမြင်တာ ကို ပြောတာ၊ ခုနက ကားထဲမှာရှိနေတာ မမြင်မိလိုက်ဘူး၊ တောင်းပန်ပါတယ်ဗျာ ... မတော်လို့ပါ၊ တမင်ဝင်တိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရပါဘူး''

''ဟွန်း''

ရွှေဂေဟာထဲကအတွက် ပတ်ဝန်းကျင်က ကားတွေကို ကွေ့ရှောင်ရင်း ယမုံတို့ လျှောက်လာစဉ် ကားတံခါးဖွင့်ပြီး ဆင်းလာသူနှင့် တိုက်မိခြင်းဖြစ်သည်။

တစ်နေ့တည်း အပြီးလုပ်ရမည့် လျှောက်လွှာအတွက် စိတ်စောနေရတဲ့အထဲ ဝင်တိုက်မိလိုက်သည့်အဖြစ်က ယမုံကို စိတ်အနှောင့်အယှက်ဖြစ်သွားစေတော့သည်။

ဒါကြောင့် ရန်တွေ့လိုက်မိခြင်းဖြစ်သည်။

တိုက်မိသူက အတန်တန်တောင်းပန်နေတော့ စိတ်ကို လျှော့လိုက်ပြီး ဘေးမှာ ကြောင်ငေးငေးလေး ရပ်နေတဲ့ ရွှေရည့် လက်ကိုဆွဲ၍ ခပ်ဆောင့်ဆောင့်ပင် ထွက်လာခဲ့မိလေသည်။

သူမတို့နှစ်ယောက် ထွက်သွားရာသို့ ဝေယံ လိုက်ကြည့်ပြီး ပြုံးပြုံးကြီး ဖြစ်သွားရပါ၏။

အချိန်မြန်သွားသောရင်ဘတ်ကြီးမှ မဖြစ်ပေါ်စဖူး သံစဉ်လေးများ ဖြစ်ပေါ်လာသည်ကို နားနှင့်ဆတ်ဆတ်ကြားနေရသည်မို့ စည်းချက်ညီသောသံစဉ်များကို နားစွင့်ရင်း အပြုံးတွေ တဖွေ့





တပိုက်ဖြင့် ရုံးခန်းအတွင်း ဝင်ခဲ့လိုက်လေသည်။

''ဟာ ... ဘာဖြစ်လာတာလဲ ဝေယံ၊ မှိုရလာတာလား''

မြင်လိုက်တာနှင့် 'လှမ်းတွယ်'လိုက်သော မောင့်ကို အပြုံးမပျက် ဝေယံကြည့်၍ လက်ထဲကစာရွက်စာတမ်းတွေပါသော ဖိုင်ကို စားပွဲပေါ်သို့ တင်လိုက်သည်။

ထိုင်ခုံမှာ နေသားတကျ ထိုင်လိုက်ပြီးမှ ...

''မင်း လူကဲခတ်တော်တယ် မောင်၊ ငါ အခုပဲ တွေးလိုက်မိတယ်၊ မင်းရွေးလိုက်တဲ့ ကောင်မလေးဟာ မင်းအတွက် အသင့်တော်ဆုံးဖြစ်နိုင်တယ်လို့၊ ဘာလို့လဲသိလား ... မင်းလူကဲခတ် တော်လို့၊ အခုပဲကြည့် ... ငါ့ပုံစံကိုကြည့်ပြီး မင်းဝေဖန်နိုင်တာကိုက မင်းပညာပဲ''

မောင် ပခုံးလေးတွန့်၍ ...

''လုပ်စမ်းပါဦး၊ မင်းရဲ့မြားနတ်မောင် တစ်ရေးနိုးလာပြီပေါ့ ... ဟုတ်လား၊ ငါ့ကို နောက်မှမြောက်၊ မင်းအဖြစ်ကို အရင်ပြော''

ဝေယံ ရှက်ဝဲဝဲနှင့် ပြုံးစိစိ ဖြစ်နေပြီးမှ ...

''အဟင်း ... ရှက်တော့ရှက်စရာပဲကွ နော်၊ ဆန်း



www.burmeseclassic.com

www.burmeseclassic.com



လည်းဆန်းကြယ်တယ်ကွ၊ ငါ့ရင်ထဲမှာ သူ့ကိုတွေ့လိုက်ရပြီး သူ ရန်တွေ့သွားပုံလေးကို အငေးသားကြည့်ရင်းနဲ့ စွဲလမ်းသွားခဲ့တာ အတော်ထူးဆန်းတယ်ကွာ"

မောင် စားပွဲကို လက်ဝါးနှင့်ရိုက်လိုက်ကာ ...

"အဲဒါ အချစ်ပဲပေါ့ ဝေယံ၊ ဘယ့်နှယ်လဲ ... ငါ့ကို ကိုယ်ချင်းစာတတ်ပြီလား၊ ကြောင်လို့ ခေါ်ချင်သေးလား၊ ဒါမှ မဟုတ် ငါ ခေါ်အလှည့်လား"

ကျီစယ်စကားတွေနှင့် ရယ်ဖွဲ့ဖွဲ့ရင်း မောင်ပြောနေသမျှ ဝေယံ အပြုံးတွေနှင့်သာ တုံ့ပြန်နေမိလေသည်။

"ဟော့ကောင် ... ပါးစပ်လေးလည်း ပြန်စေ့ထားဦး၊ ယင်တွေ့ခြင်တွေ ဝင်လို့ ရောဂါတစ်မျိုး ကုနေရဦးမယ်၊ ပြောပါဦး ဇာတ်လမ်းလေးက"

ဖြစ်သမျှကို ဝေယံပြောပြလိုက်သည်။ မောင် နားထောင်နေရာမှ ...

"ဟ .. ဒါဆို ဒီမှာ အလုပ်လာလျှောက်တာများလား"

ဒီတော့မှ ဝေယံမျက်လုံးတွေ ဝင်းလက်သွားပြီး လက်ဖျောက်တီးလိုက်ကာ ...





"အေး ဟုတ်နိုင်တယ်၊ အာ ... ငါ ဒါကို ဘာလို့မတွေးမိပါလိမ့်၊ ဘယ်တော့မှ ထပ်မတွေ့နိုင်တော့ဘူးဆိုပြီး ဆွေးရတော့မလို့ကွာ၊ ကျေးဇူး ကျေးဇူးပါ ဆရာ"

လက်သီးဆုပ်နှစ်ဖက်ကို ရင်ဘတ်မှာ ကပ်လိုက်ခွာလိုက်လုပ်ကာ ကိုရီးယားကားထဲကစတိုင်လ်အတိုင်း မောင့်အား ဝေယံ လုပ်ပြလိုက်လေသည်။

မချိုမချဉ်ဖြင့် မောင် ပြုံးလျက် ...

"အခုမှ အရှုး အမဲသားကျွေးမိပြီလားမသိဘူး၊ တွေ့တယ်မဟုတ်လား ဝေယံ ... အချစ်ဆိုတာ ဖန်တီးယူလို့ မရပါဘူးလို့၊ သူ့အလိုလို ဖြစ်ပေါ်လာပြီး သူ့အလိုလို ခံစားမိတာ ... အဲဒါ အချစ်ပဲကွ"

"မင်းကလည်း ဆရာတင်ခါမှ စကားလုံးတွေနဲ့ ငါ့ကို ထိုးနှက်နေပြန်ပြီ"

အမြင်ကတ်ကတ်ဖြင့် ဝေယံ မျက်စောင်းထိုးကာ ပြောလိုက်မှ တဟားဟားဖြင့် မောင် အော်ရယ်လိုက်လေတော့သည်။

"ဒါဆို မင်း ဆိုင်မြဲပြီပေါ့ ... ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ အလုပ်က အလုပ်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးယူလို့ မရတဲ့အချစ်က ဖူးစာမှန်ရင် ဝေးဝေးမပြေးတန်ကောင်းပါဘူး၊ ငါ့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမှာပါပဲ၊ အခုပဲကြည့် . . . တိုက်ဆိုင်လိုက်ပုံ''

''. . . . . . . . . . .''

ပြောလိုက်ခါမှ စကားကြီးစကားကျယ်ပြောနေသော ဝေယံအား မောင် အားရပါးရ ထောပနာပြုလိုက်လေသည်။

''အင်း . . . မင်းကတော့ မင်းပြောသလိုပဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ မှန်ပါပြီတဲ့၊ ငါ့ကောင်မလေးကရော ကြော်ငြာတွေကို တွေ့ပါ့မလားမသိဘူး၊ တွေ့တော့ရော ဒီအလုပ်ကို လျှောက်ချင်ပါ့မလားမသိဘူး''

ချက်ချင်း မှိုင်ကျသွားသော မောင့်ထံ ဝေယံလျှောက်ခဲ့၍ . . .

''မင်းဟာကလည်း ခုနကပုံစံနဲ့ တခြားစီ ချက်ချင်းဖြစ်သွားတော့တာပါလား၊ အသံရော မျက်နှာပါ အပြောင်းအလွဲက မြန်ပါ့၊ ကောင်မလေးကို မင်းဖုန်းပေးထားတာ ဘာလုပ်ဖို့လဲ၊ ဆက်သွယ်မေးမြန်းကြည့်ပေါ့၊ ဒါမှမဟုတ်ဘဲ လာတင်တဲ့လျှောက်လွှာတွေ ယူကြည့်လိုက်ပါလား၊ ကောင်မလေးလိပ်စာနဲ့ နာမည်





ပါ သိနေတဲ့ဟာကို''

အားမလိုအားမရဖြင့် ဝေယံပြောလေမှ မောင် အားရဝမ်းသာဖြစ်သွားပြီး . . .

''အေး . . . ဟုတ်သားပဲ၊ ဆောရီး . . . တစ်ယောက်တစ်လှည့်ပေါ့ကွာ၊ အပြန်အလှန် အခုလို သတိပေးဖော်လေး ရှိနေလို့ တော်ပါသေးရဲ့''

ပြောပြောဆိုဆို စားပွဲပေါ်ကဘဲလ်ကို နှိပ်လိုက်ရင်း မောင် ရယ်ကျဲကျဲ လုပ်နေလိုက်သည်။

ခဏအကြာ ဆိုင်မှ ဝန်ထမ်းကောင်မလေးတစ်ယောက် ဝင်လာပြီး ဝေယံ့ထံသို့ကြည့်ကာ . . .

''ဘော့စ် . . . ခေါ်ပါသလား''

''အေး . . . ခေါ်တယ်ကွ၊ ဒီနေ့လာတင်တဲ့ လျှောက်လွှာတွေ ယူခဲ့ပေးပါ''

ကောင်မလေးပြန်သွားပြီး လျှောက်လွှာတွေထည့်ထားသော ကော်ခြင်းလေးနဲ့အတူ ပြန်ရောက်လာခဲ့လေသည်။

စားပွဲပေါ်တင်ထားပေးခဲ့ကာ ပြန်ထွက်သွားမှ မောင့် တစ်ရှက်ချင်း ဖတ်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွက်သောလျှောက်လွှာစာရွက်အား ဖတ်နေစဉ် မောင့်မျက်နှာတစ်လုံး ဝင်းပကြည်လင်လာ၍ . . .

"တွေ့ပြီလား"

ဘေးကနေ အကဲခတ်နေသောဝေယံက အပိုင်ပင် မေးလိုက်လေသည်။

"တွေ့ပြီ တွေ့ပြီ . . . ဘယ်တုန်းက လာသွားတာပါလိမ့်၊ ဒါဆို လျှောက်လွှာပိတ်လိုက်တော့ ဝေယံ၊ သူကလေး လာလျှောက်ပြီးမှတော့ တခြားလျှောက်လွှာတွေ အပိုပဲဖြစ်မှာ"

"ဖြစ်ရပြန်ပြီ၊ ဒီနေ့ပဲ လျှောက်လွှာခေါ်တယ်, ဒီနေ့ပဲ ပိတ်တယ်ဆိုတော့ မင်းဟာက ယုတ္တိမရှိဘူး၊ ထားလိုက် . . . နောက်နေ့မှ ပိတ်ရက်ကို ကြော်ငြာမယ်၊ ဘယ်လိုကောင်မှန်း မသိဘူး . . . ငကြောင်"

ဦးသူက တွယ်နေကျမို့ နှစ်ယောက်သား အပြုံးမပျက်ကြ။ ဝေယံက ပေစောင်းစောင်းနဲ့ မောင့်ကိုကြည့်၍ ပြောခဲ့ပြီး ကိုယ့်ထိုင်ခုံဆီပြန်လာရင်း ရင်ထဲက တမ်းတလိုက်မိသည်က . . .

"ခုနက ငါ့ရင်ခုန်သံလေးရော အလုပ်လာလျှောက်တဲ့





ထဲမှာ ပါရဲ့လား၊ ပါ,ပါစေလို့ ဆုတောင်းရတော့မှာပဲ၊ မောင်ကတော့ နာမည်ရောလိပ်စာပါ သိနေလို့ အိုကေသွားပြီ၊ ငါ့မှာသာ ဘာမှမသိရဘဲ မျှော်လင့်ချက်နဲ့ပဲ စောင့်ရတော့မယ့်အဖြစ်၊ အင်း . . . မျက်နှာလေးကို အသေအချာ မှတ်မိလိုက်လို့သာ တော်တော့တယ်"

လို့ ရှုံးသွပ်စွာ တွေးမိ၏။

အေးလေ . . . ဖူးစာမှန်ရင် ပြန်ဆုံခွင့်ရမှာပါ။ ရင်ခုန်သံလေးရေ . . . မင်းနဲ့ နောက်ထပ်တွေ့မယ့်ရက်ကို စောင့်မျှော်ရင်း ကိုယ့်အတွက် မျှော်လင့်ချက်ရောင်ခြည်လေး ယူဆောင်ခဲ့ပေးပါလို့ ကိုယ်တောင်းဆိုပါရစေ။

"ဟော့ကောင် . . . ဘာဖြစ်သွားရတာလဲ"

တစ်ယောက်ကိုတစ်ယောက် မျက်ခြည်ပြတ်မခံ စောင့်ကြည့်နေကြသူချင်းမို့ ဝေယံ့အဖြစ်ကို မောင် ရိပ်မိလိုက်သည်။ ရိပ်မိရုံမက လှမ်းမေးမိလျက်သား ဖြစ်သွားရသည်။

ဝေယံ အပြုံးတစ်ခု ခပ်မြန်မြန် ဖန်တီးလျက် . . .

"ဘာမှမဖြစ်ပါဘူးကွ၊ အဖေ့ဆီ ပြေးရကောင်းမလားလို့ တွေးနေတာပါ၊ အလုပ်က အလုပ်ပဲလေကွာ၊ ရေစက်မကုန်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံရမယ့်သူအတွက် ကြိုတင်မျှော်လင့်မနေတာ အကောင်းဆုံးပါပဲ၊ သွားမယ်ကွာ ... အဖေမျှော်နေဦးမယ်''

မျက်နှာထပ်မပျက်ခင် ဝေယံ အခန်းထဲမှ ထွက်လာခဲ့လိုက်လေသည်။

လျှောက်လွှာစာရွက်ကိုင်ကာ ငေးနေမိသော မောင့်မှာသာ ဝေယံဖြစ်သွားပုံကို နားမလည်နိုင်အောင် ဖြစ်နေရသည်။

အဲဒါကတော့ လူတိုင်းလူတိုင်း အချစ်နဲ့တွေ့တဲ့အခါ အပြောင်းအလဲတွေ မြင်ဆန်စွာ ဖြစ်တတ်ပါကလားဆိုတာကိုပဲ ဖြစ်ပါ၏။

✿ ✿ ✿



## အခန်း (၆)

''သမီးတို့ရေ ... ဒီဘက်ကို တစ်ယောက်ကူးခဲ့ဦးဟေ့၊ သမီးတို့အတွက် စာတစ်စောင်ရောက်နေတယ်''

''ဟုတ်ကဲ့ ... လာပြီ ကြီးကြီး''

အိမ်ရှင်အပျိုကြီး၏ လှမ်းခေါ်သံကြောင့် သွက်သွက်လက်လက်နှင့် ရွှေရည် ကူးသွားလိုက်လေသည်။

စာဆိုသည့်အတွက် နှစ်ယောက်လုံး စိတ်ဝင်စားသွားရသည်။

ရွှေဂေဟာမှာ အလုပ်လျှောက်ထားစဉ် ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းလည်း ပြီးသွားပြီမို့ အချိန်ပိုင်းအလုပ် လုပ်နေကြရာမှ တစ်နေ့ကုန်လုပ်ရသောအလုပ်ကို ပြောင်းလုပ်ရင်း လူတွေ့စစ်ဆေးမည့်အချိန်ကို စောင့်နေကြခြင်းဖြစ်သည်။

အိမ်ပြန်ရောက်ရောက်ချင်း ကြားလိုက်ရသော ... စာရောက်နေခြင်းသည် ကောင်းသောသတင်းဖြစ်ပါစေဟု နှစ်ယောက်လုံး ဆုတောင်းနေမိကြလေသည်။

စာအိတ်လေးကိုင်ပြီး ပြန်ရောက်လာတဲ့ ရွှေရည်ကို ဘယ်ကလဲဆိုသောသဘောနှင့် မြယမုံ မျက်လုံးလေးပင့်ကာ မေးလိုက်မိသည်။

"ရွှေဂေဟာတဲ့၊ လူတွေ့စစ်ဖို့ ခေါ်တာနဲ့တူတယ်"

လက်ထဲကစာအိတ်ကိုဖောက်ရင်း မရဲတရဲလေးပြုံး၍ ရွှေရည် ပြန်ပြောလိုက်သည်။

စာအိတ်ထဲကထွက်လာသော ရွှေဂေဟာတံဆိပ်နှင့် စာရွက်ရှည်အားကြည့်ပြီး စာကို မဖတ်အားသေးဘဲ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးနေမိကြလေသည်။

နောက်မှ ...





ခေါင်းချင်းဆိုင်ကာ ပြိုင်တူ ဖတ်လိုက်ကြလေသည်။

နှစ်ယောက်စလုံး လိပ်စာက အတူတူပဲမို့ စာရွက်တစ်ရွက်တည်းနှင့် နှစ်ယောက်စလုံးအား အသိပေးသောစာပင်။

မျှော်လင့်နေကြသော လူတွေ့ခေါ်စစ်မည့်စာ ဖြစ်သည်။

စာဖတ်ပြီး သက်ပြင်းကိုယ်စီ ချလိုက်ပြီး ...

"ခက်တာပဲ၊ မနက်ဖြန်ဆိုတော့ တို့အလုပ်မှာ ဘာမှလည်း မပြောခဲ့ရသေးဘူး၊ ဘယ်လိုလုပ်ကြမလဲ ယမုံ"

ယမုံက စာရွက်ကိုပြန်ကြည့်၍ ...

"သူခေါ်ထားတာ ၁၁–နာရီမှပါဟဲ့၊ တို့ မနက်ဖြန်သွားပြောကြတာပေါ့၊ တစ်နေ့ခွင့်ယူလိုက်ရင် ပြီးတာပဲဟာ"

အဲဒီတော့မှ ရွှေရည် စာရွက်ကို ပြန်လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။

"တော်ပါသေးရဲ့"

လို့ အသံတိတ်ပြောရင်း သက်ပြင်း ဟင်းခနဲ ချလိုက်သည့်ရွှေရည်ကို မြယမုံ ပခုံးလေးလှမ်းပုတ်လျက် ...

"အဲဒီက အလုပ်ရသည်ဖြစ်စေ, မရသည်ဖြစ်စေ တစ်ပတ်လောက် ရွာကိုပြန်ရရင် မကောင်းဘူးလား ရွှေရည်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည် စဉ်းစားသလိုလုပ်ပြီးမှ …

"ကောင်းတော့ကောင်းပါတယ်၊ ဟိုက အလုပ်ရတယ်ဆို ချက်ချင်းအလုပ်ဝင်ရမယ်ဆို ဘယ်လိုလုပ်မလဲ"

"အောင်မယ်လေး … မုန့်ဆီကြော်က ဘယ်နားနေမှန်းမသိသေးဘဲနဲ့များ နှုတ်ခမ်းနာနဲ့ မတည့်မှာ အခုကတည်းကတွေးပူမနေနဲ့၊ တကယ်လည်း ရပါစေဦး၊ ရလည်း တောင်းပန်ပြီး ပြန်ဦးမှဖြစ်မယ်၊ အဖေတို့ အမေတို့ မျှော်လှရော့မယ်"

"ဟုတ်ပါတယ် … ငါလည်း ပြန်ချင်တာပါပဲ၊ အဲဒီက အလုပ်မဖြစ်လည်း တစ်ပတ်လောက်နားပြီး ရွာကိုပြန်၊ ရွာက ပြန်လာမှ တခြားအလုပ် ထပ်ရှာကြတာပေါ့ဟာ"

လက်ရှိအလုပ်က ရက်ရှည်ခွင့်မပေးသဖြင့် ခရီးသွားပြီး ပြန်လျှင် လုပ်ရမည့်ကိစ္စကို အခုကတည်းက ကြိုတင်တွက်ကိန်းချနေကြရလေသည်။

မိဘများက မရှိမရှားများထဲကဆိုပေမယ့် ကိုယ့်ဝန်ကိုယ်ထမ်းလိုသည့်စိတ်ဓာတ်ဖြင့် သမာအာဇီဝဖြစ်သည့် အလုပ်မှန်သမျှ မရှက်မကြောက် လုပ်ကိုင်နေကြသူတွေမို့ တခြားအလုပ်ပြောင်းရလည်း စိတ်ဓာတ်ကျမနေကြ။





လစာကောင်းပြီး အတည်တကျလုပ်နိုင်မည့် အလုပ်ကို ရှာဖွေရင်း ကိုယ့်ဘဝရပ်တည်နိုင်ရေးအတွက် ရရာအလုပ်ကို လုပ်နေကြရခြင်း ဖြစ်သည်။

မိဘများက မွေးရပ်မြေမှာပဲ အတူတကွ လုပ်ကိုင် စားသောက်ရန် ပြန်ခေါ်သော်လည်း နောက်ဆံမတင်းရဘဲ ရှေ့ရေးအတွက် တိုးတက်ရာတိုးတက်ကြောင်းလမ်းစကို ရှာဖွေလိုသော လူငယ်စိတ်ပီပီ ဖွဲလုံ့လ ဝီရိယတို့ဖြင့် ကြိုးစားလိုကြ၍ နှစ်ယောက်သား ရန်ကုန်မှာ ကုတ်ကတ်ပြီး နေနေကြခြင်းဖြစ်သည်။

အခုတော့ … တိုက်ဆိုင်စွာ အလုပ်အပြောင်းအလဲကို အကြောင်းပြု၍ အနားရခိုက် ပြန်ကြရန် စိတ်ကူးမိခြင်းဖြစ်သည်။

တိုင်ပင်ဆွေးနွေးပြီးကြသည်နှင့် ညနေစာအတွက် တက်ညီလက်ညီ ပြင်ဆင်ကြရပြန်သည်။

စားရင်းသောက်ရင်းနဲ့ပဲ မနက်ဖြန်အတွက် ကြိုတင်ကာ ရင်ခုန်ရင်း နှစ်ယောက်သားကြား တိတ်ဆိတ်လို့နေရလေသည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဝေယံ ...မင်းကောင်မလေးကို မှတ်မိတယ်နော်"

"မမှတ်မိရအောင် ငါက အရူးလားကွ"

ဒီနေ့ လူတွေ့စစ်ရန် အလုပ်လျှောက်ထားသူများကို ခေါ်ထားသည့်အတွက် မောင်နှင့်ဝေယံတို့ ခေါင်းချင်းရိုက်နေကြခြင်း ဖြစ်သည်။

အလုပ်လျှောက်ထားသူများကြောင့်တော့ မဟုတ်။ သူတို့ ရင်ခုန်ရသူများအတွက် ကြိုတင်ခေါင်းစားနေကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံမရှိသော ဝေယံက ပိုဆိုး၏။ အခုမှ ရင်ခုန်ဖူးသူနှင့် ဘယ်လိုမျက်နှာချင်းဆိုင်ပြီးတော့ ပြောရမည်ဆိုသည့် အဖြစ်ကိုတောင် ပြင်ဆင်နိုင်စွမ်း မရှိခဲ့၊ ရင်ခုန်လှုပ်ရှားနေမိ၏။

"ဝေယံ ... မင်းစိတ်ကို တည်ငြိမ်အောင်ကြိုးစားဦး ကိုယ့်လူ၊ တော်ကြာ မေးရမှာတွေ မမေးမိဘဲ မမေးသင့်တာတွေ သွားမေးမိနေလို့ ပြဿနာတက်နေဦးမယ်နော်"

အချိန်နီးကပ်လာလေ ဝေယံ စိတ်တွေမတည်ငြိမ်လေ ဖြစ်နေပုံကို မောင် ကြည့်ရှုနှင့်သိနေတာကြောင့် တမင် နောက်ပြောင်ကျီစယ်နေခြင်း ဖြစ်သည်။

ဒီနေ့ကိစ္စကို ဝေယံအား မောင် လွှဲပေးထားလိုက်သည်။ ဝေယံတစ်ယောက်တည်း စိတ်လှုပ်ရှားနေခြင်းမဟုတ်၊ မောင်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေရသည် မဟုတ်ပါလား။ နောက်ပြီး မေးရင်းပြောရင်းနှင့် သူ့အသံကို မြယမုံ မှတ်မိသွားမှာလည်း စိုးလေသည်။

ဝေယံကတော့ သူ့ကောင်မလေး ဘယ်လိုပုံစံလေးနှင့် ရောက်လာမလဲဟု တွေးတာ မတွေးတာ သူ,မသိ။ သူကတော့ ယဉ်စစနှင့် ချစ်စဖွယ်မျက်နှာလေးကို မြင်ယောင်နေမိလေသည်။





"ဘော့စ် ... လူစုံနေပါပြီ"

"ဟုတ်"

နှစ်ယောက်သား မည်မျှ အတွေးတွေလွန်၊ စိတ်ကူးတွေ ယဉ်နေမိကြသည်လဲ မပြောတတ်။ ဝန်ထမ်းကောင်မလေး ဝင်လာပြီးပြောမှ လက်ပတ်နာရီကို ပြိုင်တူကြည့်မိကြလေသည်။

"အင်း ... တစ်ယောက်ချင်း လွှတ်လိုက်ပါ"

ကောင်မလေး ပြန်ထွက်သွားတယ်ဆို ဖရိုဖရဲဖြစ်နေသော ကိုယ့်ပုံစံကိုယ် ပြန်ပြင်ဆင်နေကြရလေသည်။

သုံးယောက်မြောက် အမေးအဖြေလုပ်ပြီး အခန်းထဲကို ဝင်လာသူက မြယမုံ။

"နာမည်က မြယမုံနော်"

"ဟုတ်ကဲ့"

"အခုပေးထားတဲ့လိပ်စာက ကိုယ်ပိုင်လိပ်စာလား"

"ဟင့်အင်း ... မဟုတ်ပါဘူး၊ ယမုံတို့က နယ်ကနေ အလုပ်လာလုပ်တာပါ၊ အခုလိပ်စာက အိမ်ငှားနေတဲ့လိပ်စာပါ"

"ယမုံတို့ဆိုတော့"

"ဩော် ... ဟို ယမုံတို့ သူငယ်ချင်းနှစ်ယောက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်ကို လျှောက်တာ သူလည်းပါပါတယ်''

''နာမည်က ဘယ်သူတဲ့လဲ''

''ရွှေရည်နှင်းပါ''

ဖြေသာဖြေနေရသည်။ မြယမုံစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားမိသည်။ အလုပ်အကြောင်း မမေးဘဲ မဆိုင်တာတွေ မေးနေလိုက်တာလို့ ထင်နေမိ၏။

ဒီကြားထဲ ... နေ့ခင်းကြောင်တောင် နေကာမျက်မှန်အကောင်းစားကြီးကို တပ်လျက် တစ်ဖက်ခုံမှာထိုင်နေသူအား ယမုံ အစာမကျေချင်။ မျက်မှန်ရဲ့နောက်ကွယ်ကနေ လူကိုကြည့်နေလိုက်ပုံက မုန်းစရာ။

''အခုလျှောက်ထားတဲ့အလုပ်ကို ကျွမ်းကျင်ကြောင်း ထောက်ခံစာတော့ မပါဘူးနော်''

''ရှင် ... မလိုအပ်ဘူးထင်လို့ ပါမလာပါဘူး၊ သင်တန်းဆင်းလက်မှတ်ပါတယ်ဆို ရတယ်မှတ်လို့''

မေးပြီး ခေါင်းတညိတ်ညိတ်လုပ်နေသူအား မြယမုံ စိုက်ကြည့်ရင်း စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်လာရ၏။

ရှေ့ကလူတွေကို ဘယ်လိုမေးသလဲ မပြောတတ်။ သူမ





ကို မေးနေပုံက အလုပ်နှင့် ဘယ်လိုမှ မပတ်သက်။

''ဆက်သွယ်ရမယ့် ဖုန်းနံပါတ်လေးရှိရင် ပေးခဲ့ပါလား၊ တကယ်လို့ အလုပ်အတွက် ရွေးသည်ဖြစ်စေ, မရွေးသည်ဖြစ်စေ အကြောင်းကြားနိုင်အောင်လို့ပါ''

''ဟုတ်ကဲ့ ရပါတယ်''

ဘောလ်ပင်နဲ့စာရွက်ကိုလှမ်းပေးသူထံမှ မြယမုံ အလိုက်သင့်ယူလိုက်ပြီး ရေးပေးလိုက်သည်။

''ဒါ ကျွန်မတို့အိမ်ရှင်ရဲ့ ဖုန်းနံပါတ်ပါ''

''ကောင်းပါပြီ ... သွားလို့ရပါပြီ၊ နောက်တစ်ယောက်''

''ဟင်''လို့ မြယမုံ အသံမထွက်အောင် မနည်းထိန်း၍ အပြင်ထွက်ခဲ့ရသည်။

မှန်တံခါးကို တွန်းဝင်လာတဲ့ ရွှေရည်ကိုတောင် မော့မကြည့်ဖြစ်ခဲ့။ ဘာမှလည်း ထွေထွေထူးထူး မမေးတဲ့အပြင် အပိုအလိုစကားလည်း မပြော။ မဆိုင်တဲ့အကြောင်းတွေ မေးပြီး ပြန်လွှတ်လိုက်သည်။

ဒါဆို အလုပ်ရဖို့ မကျိန်းသေတော့။ သက်ဆိုင်တဲ့ စာရွက်စာတမ်းတွေ ပါမလာလို့ တင်းသွားတာများလား။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... လူပုံက တည်ကြည်ပြတ်သားမယ့်ပုံပါ။ သူ့ဘေးက လူလည်း မဆိုးပါဘူး၊ ဘာလို့ စကားတစ်ခွန်းမှ ဝင်မပြောတာပါလိမ့်။

ဩော် ... ဒါက ငါ့အတွက် အရေးမကြီးပါဘူး။ သူတို့အကြောင်းနဲ့သူတို့ ရှိမှာပေါ့။ အရေးကြီးတာက ဒီအလုပ် မကျိန်းသေရင် နောက်အလုပ်ရှာဖို့ပဲ။

ဒါနဲ့ နေပါဦး ... ဒီလူ့အသံကို ငါ ဘယ်မှာကြားဖူးပါလိမ့်။

အပြင်က ခုံတန်းလေးမှာ ရွှေရည်ထွက်အလာကို စောင့်ရင်း မြယမုံ ထွေရာလေးပါး တွေးနေမိသည်။

မကြာလိုက် ... ရွှေရည် မျက်နှာပျက်လျက် ထွက်လာသည်။ နောက်တစ်ယောက် ထပ်၍ဝင်သွားလေသည်။

ရွှေရည်ကိုကြည့်၍ အမောတကောဖြင့် ...

"ဘာဖြစ်လာတာလဲ ရွှေရည်"

"လာပါဟာ၊ လမ်းကျမှပြောမယ်၊ ဒီမှာမပြောချင်ဘူး"

ဆိုင်ထဲကနေ ခပ်သုတ်သုတ်ထွက်လာကြပြီး လမ်းပေါ်ရောက်သည်နှင့် ရွှေရည် မျက်နှာလေး တင်းမာလျက် ...





"အလုပ်လာလျှောက်တာကို မဆိုင်တာတွေ မေးတယ် ယမုံရယ်၊ ငါ စိတ်တိုလိုက်တာ အရမ်းပဲ၊ ငါ့မှာ ဘာလိုအပ်ချက်တွေ တွေ့သွားလဲတော့ မသိဘူး၊ မမေးသင့်တာတွေ မေးပြီး ပြန်လွှတ်လိုက်တယ်"

"ဟင် ... နင့်ကိုရောပဲ"

မြယမုံ မျက်ခုံးလေးပင့်၍ အံ့ဩစွာ မေးလိုက်မိသည်။

"ဘာလဲ ... နင်လည်း ဒီအတိုင်းပဲလား"

မကျေမချမ်း ဖြစ်နေသည့်ကြားက ရွှေရည် အံ့ဩသော မျက်နှာလေးနှင့် မြယမုံအား စူးစမ်းသလိုကြည့်ကာ မေးလိုက်သည်။

မြယမုံ ခေါင်းညိတ်ပြတော့ ရွှေရည်သွားနေတဲ့ ခြေလှမ်းတွေ ရပ်တန့်သွားပြီး မျက်မှောင်လေးကုတ်လျက် ...

"ငါတို့ပုံစံကိုကြည့်ပြီး အထင်သေးသွားတာလား မသိဘူးနော် ယမုံ"

"ငါတို့ပုံစံက ဘာဖြစ်နေလို့လဲဟဲ့"

ကိုယ့်ကိုယ်ကိုယ် အထင်သေးရန်ကောဟူသော ပုံစံဖြင့် မြယမုံမေးလိုက်ရာ ရွှေရည် ခေါင်းကို ဖျတ်ခနဲ တစ်ချက်ကုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း ...

"ငါတို့ပုံစံတွေက ကွန်ပျူတာကျွမ်းကျင်ပုံ မရဘူး ထင်သွားလားလို့ပါ၊ လူပုံတွေက သေးသေးကွေးကွေး၊ နွဲ့နွဲ့နှောင်းနှောင်းတွေ မဟုတ်လား"

မြယမုံ ပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ ခွီးခနဲ ရယ်ချလိုက်ပြီး ...

"အောင်မယ်လေးဟဲ့ ... သူ့ကိုယ်သူများ နွဲ့နွဲ့နှောင်းနှောင်းတဲ့၊ နေပါဦး ရွှေရည်ရဲ့ ... ကွန်ပျူတာကျွမ်းကျင်သူက ဗလကြီးကြီး ထောင်ထောင်မောင်းမောင်း ဖြစ်ရမယ်လို့ ကြော်ငြာထားလို့လား"

"လုပ်ပြီ ... ကတ်ဖဲ့ပြီးပြောတော့မယ်၊ ငါပြောတာက တို့ကို အထင်သေးသွားတာလားမသိဘူးလို့ ပြောချင်တာပါဟဲ့"

သူမ,ပြောတာကို သဘောမပေါက်ဘဲ ပြောချင်ရာပြောနေသော မြယမုံအား ရွှေရည် မျက်စောင်းလေးခဲ၍ ဆောင့်ဆောင့်အောင့်အောင့်ပင် ပြောလိုက်တော့သည်။

မြယမုံ မျက်နှာပိုးသတ်ကာ ...

"ကျောင်းအစ်မကလည်း ဒေါ်သကြီးပဲ၊ ငါက နင့်ကို





တမင်စနေတာပါဟဲ့၊ ငါလည်း တွေးနေတာပါ။ တို့တွေ ဘာလိုအပ်ချက်ရှိနေလဲလို့၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော် ရွှေရည် ... အရည်အချင်းတွေက အခုရမ်းပြည့်စုံနေလို့ မေးစရာမလိုတော့လို့ မမေးတာဆိုရင်တော့ နင် ဘာပြောမလဲ"

ရွှေရည် မျက်လုံးများ ဝင်းလက်လာပြီး ...

"အင်း ... အဲလိုဆိုရင်တော့ ကောင်းတာပေါ့၊ အဲလိုတွေးကြည့်ရင်တော့ မဆိုဘူးဟဲ့ ... မျှော်လင့်ချက် ရှိသေးတယ်၊ ငါတို့မှာက မျှော်လင့်ချက်နဲ့ နေကြရတာမဟုတ်လား ယမုံရယ်၊ တစ်ဆင့်ချင်း အမြင့်ကို တက်နိုင်ဖို့ အားယူနေကြရတာဆိုတော့ မျှော်လင့်သလို ဖြစ်မလာမှာတော့ စိုးရိမ်မိတယ်၊ ဒီအလုပ် မရလည်း နောက်အလုပ်ရှာဖို့ အားမလျှော့ပေမယ့် အတည်တကျမရှိသေးတဲ့ဘဝကို တစ်ခါတစ်ခါတော့ အားငယ်မိတယ်ဟာ"

"နင်ကလည်း ချက်ချင်းပဲ မြေကြီးပေါ်ပစ်လှဲလိုက်တော့မယ့်အတိုင်းပဲ၊ ငါလည်း အဲဒီအခန်းထဲက ထွက်လာပြီး အပြင်မှာထိုင်နေတုန်းက သွားပါပြီ၊ အလုပ်နဲ့ဝေးပြီလားမသိဘူးဆိုပြီး အားငယ်မိသေးတယ်၊ နင့်ပါ ငါ့ကိုမေးတဲ့အတိုင်း မေးတယ်ဆိုလိုက်ကတည်းက အားမငယ်တော့ဘူး၊ တစ်ခုခုတော့ ဒါ တို့



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်တဲ့ကိစ္စ ရှိနေလိမ့်မယ်ထင်တယ်လို့ တွေးမိလိုက်တယ်''

ပေါ့ပါးရွှင်ပျစွာ ပြောနေသော ယမုံကို ကြည့်ပြီး ရွှေရည်ပါ စိတ်လက်ပေါ့ပါးလာပြီး ...

''အဲဒါဆိုလည်းဟာ တစ်ခုခုစားကြရအောင်၊ အချိန်တွေပိုနေသေးတာ အိမ်မပြန်သေးဘဲ တစ်နေရာရာမှာ စိတ်အေးလက်အေး သွားထိုင်ကြရအောင်''

''ကောင်းတယ် ... ဗိုလ်တထောင်ဘုရားကို သွားကြမလား''

''အေး''

နှစ်ယောက်သား သဘောတူညီချက်ယူပြီး မြန်မာထမင်းဟင်းများ ရနိုင်သော ထမင်းဆိုင်တွင် ဝင်၍စားကြပြီး ဗိုလ်တထောင်ဘုရားသို့ ထွက်လာခဲ့ကြလေသည်။

ထိုအတူ ရွှေဂေဟာ၏ ရုံးခန်းထဲတွင်လည်း ...

''ဝေယံ ... မင်းကောင်မလေး အလုပ်လျှောက်တဲ့ထဲပါလား''

''မပါပါဘူးကွာ''





မောင့်ကောင်မလေးနာမည် မြယမုံဆိုတာ သိထားနှင့်သော ဝေယံအဖို့ ငါ ရင်ခုန်ရတာလည်း အဲဒီကောင်မလေးပဲလို့ ဘယ်လိုပြောထွက်ပါ့မည်နည်း။

ဘူးပဲ ကွယ်လိုက်ရသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မဖြစ်ပေါ်ဖူးသော ခံစားချက်များကတော့ ရင်ထဲမှာ အလုံးအရင်းနှင့် မွှေနှောက်နေကြလေပြီ။

အနိုင်နိုင် ထိန်းထားရသော ဟန်ဆောင်မှုများက ဘယ်အချိန်မှာ ဘူးပေါ်သလို ပေါ်လာမလဲ မပြောတတ်။ မောင်ကတော့ အပျော်တွေနှင့် ပြုံးလို့ ရွှင်လို့။

''ဒါဆို တို့ဆိုင်မှာ ဈေးလာဝယ်တဲ့ကောင်မလေး ဖြစ်ရမယ်ကွ၊ စိတ်ခတ်မကျပါနဲ့ကွာ ... ဒီဆိုင်ကို လာနေကျဆိုရောက်လာဦးမှာပါ၊ ငါကတော့ ယမုံနဲ့ နေ့တိုင်းတွေ့နေရတော့မယ့်အဖြစ်ကို တွေးမိတိုင်း ရင်ခုန်နေမိတယ်ကွာ''

အလိုက်ကမ်းဆိုးမသိစွာ အရိပ်အကဲမကြည့်ဘဲ ဆက်ပြောနေသော မောင့်ကို စိတ်အချဉ်ပေါက်လာမိသော်လည်း ဟန်ဆောင်ပြုံးကိုတော့ ဝေယံ ပြုံးနေနိုင်သေးသည်။

ဘာတစ်ခွန်းမှတော့ ဝင်မပြောမိ။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသမျှသာ ပြုံး၍နားထောင်နေလိုက်ပါ၏။

တကယ်ဆို မောင့်မှာလည်း အပြစ်ရှိတာမဟုတ်။ ကံကြမ္မာကိုက ကိုယ့်ဘက်မှာ မရှိခဲ့တာဘဲ။

ကံမကောင်းလိုက်ပုံများ မောင့်ကြိုက်နေတဲ့ ကောင်မလေးက ကိုယ်ရင်ခုန်ရတဲ့ ကောင်မလေးဖြစ်နေသတဲ့။

ကံကြမ္မာဆိုတာကြီးသာ အကောင်အထည်ပြလို့ရရင် မင်းလားကွ ငါ့ကို ဒုက္ခပေးတာ ... ဆိုပြီး တွေ့ရာနဲ့သာ ကောက်ထုချင်တော့တာပါပဲ။

"ဝေယံ"

"အင် ဟင်"

မောင့်ရဲ့ခေါ်သံကြောင့် အတွေးလွန်နေသော ဝေယံတစ်ယောက် ကမန်းကတန်း ပြန်ထူးလိုက်ပြီး ခွေဖျော့ဖျော့ ဖြစ်နေသော ခန္ဓာကိုယ်ကိုပါ တည့်မတ်အောင် ပြန်ပြင်ထိုင်လိုက်ရင်း ...

"ဘာပြောမလို့လဲ"

အကဲမလှသော ဝေယံပုံစံက မောင့်အတွက် မေးခွန်းထုတ်စရာ ပုစ္ဆာတစ်ပုဒ် ဖြစ်သွားခဲ့၏။





"မင်း ဘာဖြစ်နေတာလဲ ဝေယံ"

စူးစမ်းသလိုကြည့်၍ မောင် မေးလိုက်သည်။

"ဘာဖြစ်လို့လဲကွ၊ ဘာမှမဖြစ်ပါဘူး"

"သေချာလို့လား"

ဘူးကွယ်လိုက်သော ဝေယံကို စူးစူးစိုက်စိုက်ကြည့်ကာ ထပ်မေးလိုက်ပြန်သည်။

မောင့်ကို မျက်စောင်းခဲ၍ ဝေယံ ကြွပ်ဆတ်ဆတ် ကြည့်ပြီး ...

"မသေချာရအောင် ငါက ဘာဖြစ်နေလို့လဲ၊ ငါ့ကို မင်းက ဘာပုဒ်မတွေ တပ်ချင်နေလို့လဲ"

"အဟက် ... အဲဒီထိ မရည်ရွယ်ရပါလားကွာ၊ မင်းနဲ့ငါ ပေါင်းလာတာ တစ်ရက်နှစ်ရက်လည်း မဟုတ်ဘူး၊ တစ်လနှစ်လလည်း မဟုတ်ဘူး၊ တစ်နှစ် နှစ်နှစ်လည်း မဟုတ်ဘူးနော် ဝေယံ၊ ကွဲသွားတာမှ သုံးနှစ်လောက်ပဲ ရှိဦးမှာ၊ အဲဒီအချိန်အကန့်အသတ်လေးအတွင်း မင်း ဘယ်တုန်းက ဟန်ဆောင်ကောင်းသွားတာလဲ"

ထိုနေရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး မျက်နှာထိ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားဖြင့် ဝေယံက မေးလိုက်သလို မောင်ကလည်း မထိလေးစားရယ်လိုက်ရင်း မခံချိမခံသာဖြစ်အောင် မေးလိုက်သည်။

တစ်ခါမှ မတွေ့ဖူးသော ဝေယံ့အမူအရာကို မထင်မှတ်ဘဲ တွေ့လိုက်ရ၍ မောင် တမင် ရိတိတိပြောလိုက်ခြင်းပဲ ဖြစ်သည်။

အဲဒီတော့မှ ဝေယံ ငြိမ်ကျသွားပြီး ထိုင်ခုံမှာ ပြန်ထိုင်လျက် မပွင့်တပွင့်ဖြင့် ...

"ငါ ဘာမှ ဟန်မဆောင်ထားဘူး မောင်၊ အမှန်ပြောရရင် ဒီနေ့ သူလေးကို ငါ အမျှော်ကြီးမျှော်လင့်ထားခဲ့တာ၊ မျှော်လင့်ချက်နဲ့ စိတ်ကူးတွေယဉ်နေမိတဲ့ ငါ့အဖြစ်က ဒီနေ့ ... ဒီနေ့ ... မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားခဲ့ရပြီလေ၊ ဒါကြောင့် ငါ မခံစားနိုင်ဘူး ဖြစ်သွားလို့ပါကွာ၊ ခွင့်လွှတ်သူငယ်ချင်း"

တကယ့်ကို စိတ်ထိခိုက်ကြေကွဲနေသော သူငယ်ချင်းအဖြစ်ကိုကြည့်ပြီး မောင် ကိုယ်ချင်းစာသွားမိသည်။ ပြောမိတာတွေ လွန်သွားမှန်းလည်း နားလည်သွားသည်။

စာနာစိတ်ဖြင့် ဝေယံ့အနားကို လျှောက်လာခဲ့ပြီး ပခုံးကို ဖက်လျက် ...





"မင်းကွာ ... မချစ်တတ်တော့လည်း မင်းပဲ၊ ချစ်တတ်လာပြန်တော့လည်း ကြေကွဲလွယ်လိုက်တာ၊ အချစ်ဆိုတာ ဖန်တီးယူလို့မရမှန်း မင်းနားလည်နေမှပဲ၊ အဲဒီအချစ်က မင်းရင်ထဲကို ရောက်လာတာ ဖန်တီးယူခဲ့တာလား၊ ဒါကို သဘောပေါက်ရင် အချိန်အခါနဲ့ အခြေအနေကို စောင့်ကြည့်ရုံပေါ့၊ ဘာစိတ်ဓာတ်ကျနေတာလဲ၊ ဒီတစ်ခါ အခြေအနေပေးရင်တော့ လက်မလွှတ်စေနဲ့ပေါ့ကွာ"

အားပေးနေတဲ့မောင့်ကို မော့မကြည့်မိအောင် ဝေယံ စိတ်ကို ထိန်းထားရ၏။

မင်း ခူးဖို့ရည်ရွယ်ထားတဲ့ ပန်းတစ်ပွင့်ကို ဘယ်အချိန်ဘယ်ကာလမှ ငါ့အတွက် အခွင့်အရေးတွေ ပေးလာမှာလဲ မောင် ... လို့သာ မေးလိုက်ချင်ပါရဲ့။

တကယ်တော့ ... အပြောကြီးတဲ့ ငါ့ကို အချစ်နတ်ကကလူကျီစယ်သွားရော့သလား။

ဘယ်တော့မှ အချစ်ဆိုတာ ငါ့ရင်ထဲကို ရောက်လာမှာမဟုတ်ဘူးလို့ စကားကြီးစကားကျယ်တွေ ပြောခဲ့တဲ့ ငါ့ဓာတ်လမ်းအစကတည်းက နာခဲ့တာ မင်းမသိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်ကို မင်းသိရင် ဒီလို အားပေးနိုင်ပါဦးမလား။

စိတ်ကို ထိန်းထားပေမယ့် ရင်ထဲမှာတော့ မောင့်ကို စကားတွေ မနားတမ်းပြောနေမိသည်။ မေးခွန်းတွေ တသီကြီး မေးနေမိ၏။

ဒီလောက်အားပေးနေတာတောင် တစ်ချက်ကလေး မော့ကြည့်ဖော်မရတဲ့ ဝေယံကို အားမလိုအားမရဖြင့် အနားသွားရပ်လျက် မျက်နှာကို ငုံ့ကြည့်ကာ ...

"ဝေယံ ... ဒီလောက်ကြီးမခံစားနဲ့ကွာ၊ လာ ... တို့ အပြင်မှာ တစ်ခုခု သွားစားရအောင်၊ အချစ်စစ်မှန်ရင် မင်း ရှောင်လွှဲလို့ မရပါဘူး၊ ငါ့ကိုပဲ ကြည့် ... ဆိုက်ဆိုက်မြိုက်မြိုက် ကို ရောက်လာတာ တွေ့တယ်မဟုတ်လား"

ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်သော မောင့်အသံက နားထဲကတစ်ဆင့် သွေးကြောတစ်လျှောက် သံရည်ပူနှင့်အလောင်းခံရသလို ပူဆင်းအောင့်မျက်သွားရတာကြောင့် ဝေယံ့ခန္ဓာကိုယ် တွန့်ခနဲ ဖြစ်သွားရသည်။

မောင် နားမလည်စွာ ကြည့်လျက် ...

"ဘာဖြစ်သွားတာလဲ ဝေယံ"





"အဟင်း ... မင်းပြောတာ ဟုတ်ပါလားလို့ သတိဝင်လာပြီး အံ့ားတက်သွားတာလေ"

ဟန်ဆောင်အပြုံးနှင့်အတူ မုသားစကားကိုပါ အလွယ်တကူ ပြောလိုက်နိုင်သောအဖြစ်အား ဝေယံ ကိုယ့်ဘာသာပင် အံ့သြသွားရ၏။

ယုံကြည်စွာ အပြုံးနှင့်ကြည့်နေသော မောင့်ရှေ့မှာ နောက်တစ်ကြိမ် မူပျက်မသွားအောင် စိတ်ထဲက တွေးနေသော ခုနကအတွေးကိုလည်း မနည်း ဖျောက်ဖျက်နေရသည်။

အလုပ်ခန့်လိုက်ပါက နေ့တိုင်း တွေ့နေရမည့်မျက်နှာလေးကို ဘယ်လိုစိတ်ထားနဲ့ ကြည့်နေနိုင်မှာလဲဆိုသည့် အတွေးက မောင့်အပြုံးအောက်မှာ ပျောက်ဆုံးသွားခဲ့ရသည်။

ဒီလိုပဲ ကြာလာရလျှင် တဖြည်းဖြည်း ကိုယ့်ရင်ထဲကနေ ချစ်တတ်တဲ့စိတ်တွေ ပျောက်ဆုံးသွားရင် ကောင်းလေစွလို့ပါ တွေးမိရင်း အပြုံးတွေလှိုင်လှိုင်ပြုံး၍ မောင့်ပခုံးကို ထဖက်လျက် ...

"လာကွာ ... အပြင်သွားကြရအောင်"

သွက်လက်တဲ့ဟန်၊ သွက်လက်တဲ့ခြေလှမ်းတွေနဲ့ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲသွားသော ဝေယံကို မောင် မပွင့်တပွင့်ပြုံးကာ ကြည့်ရင်း အနောက်မှာချန်၍ လျှောက်လာခဲ့သည်။

ဒီကောင် ဘာဖြစ်နေတာလဲဟုလည်း အထပ်ထပ် တွေး လာမိသည်။

အခုပဲ ငိုင်၊ အခုပဲ ပြုံး၊ အခုပဲ စိတ်မြန်လက်မြန်နဲ့ ထထွက်ခဲ့၏။

ဒါတွေဟာ သူ့ဆီမှာ တွေ့နေကျအမူအရာတွေမှမဟုတ်တာ။

အင်း ... တစ်ခုခုတော့ တစ်ခုခုပဲ။

အသေအချာပဲ။

အလစ်ကို စောင့်ဖမ်းမှနဲ့တူတယ်လို့ တွေးလိုက်ရင်း မောင့်မျက်နှာ ပြုံးစိစိဖြစ်သွားရလေ၏။

✹ ✹ ✹



## အခန်း (၈)

"ငါတို့ ရွာပြန်နေတုန်း အလုပ်ကများ လုမ်းခေါ်နေရင် ခက်မယ် ယမုံ"

နောက်ဆံတင်းစကား ရွှေရည်ကဆိုတော့ မြယမုံ မျက်နှာမဲ့ပြလိုက်သည်။

"ထွက်လာမှတော့ နောက်ဆံတင်းမနေနဲ့၊ ခေါ်သည်ဖြစ်စေ, မခေါ်သည်ဖြစ်စေ ပြန်လာမှ ကြည့်ရှင်းမယ်၊ ဆုံးဖြတ်ပြီးသားကို ပြင်မနေနဲ့"

အလုပ်လျှောက်ထားသည်ကို လူတွေ့စစ်ပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မရလောက်ဘူးထင်တယ်ဆိုပြီး နှစ်ယောက်သား စိတ်ဓာတ်ကျသွားကြသော်လည်း မျှော်လင့်ချက်ကတော့ ထားနေတုန်းပင်။

သို့သော်လည်း ရွာမပြန်ရတာ နှစ်နှဲ့ချီနေပြီမို့ အလုပ်ကိုခေါင်းထဲကထုတ်ပြီး စိတ်အေးလက်အေး ခရီးထွက်ရန် မြယမုံစိတ်ကူးပြီးသား ဖြစ်သည့်အတွက် ဘာကိုမှ တွေးမနေချင်။

ဒါ့ကြောင့် ကားလက်မှတ်ဝယ်ရန် အဝေးပြေးဂိတ်ကိုထွက်လာခဲ့ခြင်း ဖြစ်သည်။

နှစ်ယောက်သား ဂိတ်ဝင်းထဲကို ဝင်လာပြီး လက်မှတ်ရုံမှာ လက်မှတ်ဖြတ်ကြသည်။

ထိုစဉ် ကားလေးတစ်စီး လက်မှတ်ရုံနားမှာ လာရပ်လျက် . . .

"အဖေ . . . ဒီနေ့ စောစောပြန်လာပါလို့ ဘွားကမှာလိုက်တယ်၊ ဟင် . . . မင်းတို့"

ကားပေါ်က ဆင်းလာသူက နေကာမျက်မှန်ကို ချွတ်လျက် လက်မှတ်ရုံအတွင်းသို့ စကားလှမ်းပြောရင်း မြယမုံတို့ကိုတွေ့သွားကာ အံ့သြမှင်တက်မိလျက် အသံပင်ထွက်သွားရသည်။

လက်မှတ်ဝယ်ပြီး လှည့်ထွက်လိုက်တဲ့ မြယမုံတို့ကလည်း





အသံရှင်ကို တွေ့လိုက်သည်တွင် အံ့သြငေးမောသွားရပါ၏။

ဝေယံနှုတ်ဖျားမှ "ဟင် . . . မင်းတို့" လို့ အသံထွက်လာသော်လည်း မြယမုံတို့မှာတော့ "ဟင် . . . ဒီလူ" ဆိုတဲ့အသံက လည်ချောင်းဝမှာသာ တစ်ဆို့လျက် အပြင်သို့ထွက်မလာ။ မျက်လုံးတွေမှာတော့ ထိုစကားအဓိပ္ပာယ် ပေါ်လွင်နေခဲ့သည်။

အံ့သြစွာရပ်နေကြသော သူမတို့နှစ်ယောက်နားသို့ ဝေယံ လျှောက်လာပြီး . . .

"ခင်ဗျားတို့ ခရီးသွားမလို့လား"

"ဟုတ်ပါတယ်"

"အလုပ်က ဘယ်လိုလုပ်မလဲ"

"ရှင့်"

မထင်မှတ်ထားသည့်အတွက် မြယမုံတို့နှစ်ယောက်သား အံ့သြရပြန်သည်။ ဘာပြန်ဖြေရမှန်းမသိ၍ ကြောင်အနေဆဲ . . .

"ကျွန်တော် အလုပ်ရှင်ကို တင်ပြထားပါတယ်၊ ခင်ဗျားတို့နှစ်ယောက် အလုပ်ရဖို့ ကျိန်းသေနေလို့ မေးတာပါ၊ ခရီးက ဘယ်နှရက်· ကြာမှာလဲ"

တစ်ခါတွေ့ဖူးရုံနဲ့ မှတ်မိနေတယ်ဆိုတာကိုပင် မြယမုံ



www.burmeseclassic.com

www.burmeseclassic.com



ပီတိဖြစ်သွားရပြီး ထပ်မေးလိုက်တဲ့စကားကို အလျင်အမြန် ဖြေလိုက်မိသည်။

"အလုပ်ရဖို့ ကျိန်းသေတယ်ဆိုရင်တော့ အမြန်ပြန်လာမှာပါ၊ မိဘတွေဆီ မရောက်တာကြာနေလို့ မဖြစ်မနေ ပြန်ကြရမှာမို့ပါ"

"ဟုတ်ပါတယ်ရှင်"

ရွှေရည်ကပါ ဝင်ပြီးပြောလိုက်ရာ ...

"ဪ ... ဒါဆိုလည်း အေးအေးဆေးဆေး သွားပါ၊ ခင်ဗျားတို့ပေးထားတဲ့ဖုန်းနံပါတ်နဲ့ အိမ်ရှင်ကို အကြောင်းကြားထားပါ့မယ်၊ ပြန်ရောက်တာနဲ့ ကျွန်တော်တို့ဆီ ပြန်ဆက်သွယ်ပေါ့"

"ဟုတ်ကဲ့"

"လက်မှတ်ရပြီလား"

"ရပါပြီ၊ ညနေမှထွက်မှာပါ"

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုကြပါဦး"

"ဟုတ်ကဲ့"

ရည်မွန်စွာပြောဆိုပြီး ထွက်သွားသူအား မြယမုံတို့





သမင်လည်ပြန်လိုက်ကြည့်နေမိကြလေသည်။

ကားလက်မှတ်ရုံထဲ ဝင်သွားသူက လှည့်ပင်မကြည့်တော့။

"ဟဲ့ ... ခေါင်းက ဒီဘက်ပြန်လှည့်ဦးလေ၊ ဘာလို့ ဒီလောက်လိုက်ကြည့်နေတာလဲ"

ဘယ်လောက်ကြာအောင် ရပ်ကြည့်နေမိသည် မသိ။ ရွှေရည် လက်တို့လိုက်မှ မြယမုံ ဒီဘက်ပြန်လှည့်ဖြစ်သည်။

"နင်မသိပါဘူး ရွှေရည်ရယ်၊ ဟိုနေ့ကတည်းက နင့်ကို ငါပြောမလို့၊ မေ့နေတာနဲ့ မပြောဖြစ်တာ၊ ငါ့ဆီဖုန်းဆက်တဲ့သူရဲ့ အသံနဲ့ သူ့အသံတူနေတာ လူတွေ့စစ်တဲ့နေ့ကတည်းက ငါ သတိထားမိနေတာ၊ အခုလည်း သူ့အသံကို ငါ သေသေချာချာ နားထောင်နေတာ၊ တစ်ထေရာတည်းပဲ"

"ဟင် ... သူ ဟုတ်နိုင်ပါ့မလား"

သေချာအောင် ရွှေရည် ထပ်မေးလိုက်သည်။ မြယမုံ ခေါင်းခါလျက် ...

"သူလို့ ငါ မပြောမိပါဘူး၊ အသံတူတယ်လို့ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ရုပ်ကတော့ ဖြောင့်တယ်နော်၊ ဟိုနေ့က သူ့ဘေးမှာထိုင်နေတဲ့သူလည်း ဖြောင့်တာပဲ၊ ဘယ်သူက သူဌေးလဲတော့ မသိဘူး၊ ဝတ်တာစားတာတွေက အပျံစားပဲ၊ ဟဲ့ ဟဲ့ . . . ဟိုမှာ တို့ကို လှမ်းကြည့်နေပြီ၊ သွားကြစို့"

ရွှေရည်ပြော၍ မြယမုံ လှမ်းကြည့်လိုက်တော့ တကယ်ပဲ သူ လှမ်းကြည့်နေပါသည်။ ဘာကြောင့်မှန်းမသိ . . . မြယမုံ ရင်ထဲ နွေးခနဲ ဖြစ်သွားရသည်။

ဆက်ရပ်နိုင်စွမ်း မရှိတော့တာကြောင့် မြယမုံ ဆက်လျှောက်ခဲ့ရ၏။ ဘေးကနေ ရွှေရည် အကဲခတ်လာရင်း . . .

"ဘာလဲ . . . ဟတ်ထိသွားတာလား"

မြယမုံ ပြန်မဖြေမိ။ ဖြေစရာလည်း အဖြေမရှိပါ။

အသံတူလို့ စိတ်ဝင်စားသွားရာက သူ့မဟုတ်မှာ စိုးရိမ်သွားတာတော့ ဝန်ခံရမလို။ ဟက်ထိတာ,မထိတာထက် ရင်ထဲမှာ လှုိက်ဖိုသွားတာတော့ သိနေ၏။

သို့သော်လည်း ဖုန်းတစ်ခါဆက်ပြီး ပေါ်မလာတော့သော အသံရှင်အတွက် ရင်ခုန်မိတာတောင် ရှက်ချင်လာမိသည်။

အပြောလေးကို သာယာသွားမိတဲ့ ကိုယ့်ကိုယ်ကိုယ်သာ





အပြစ်တင်ရမလို။

ဖုန်းထဲမှာကြားရတဲ့ အပြောအဆိုနဲ့ အခုတွေ့ရတဲ့သူပုံကတော့ တခြားစီပဲ။ မဟုတ်နိုင်ဘူးနဲ့တူပါတယ်ဆိုပြီး သက်ပြင်းဖွဖွ ချလိုက်မိ၏။

"ဟဲ့ . . . ငါမေးတာ မဖြေဘဲ ဘာတွေ စိတ်ကူးယဉ်နေတာလဲ"

"မယဉ်ပါဘူးဟယ်၊ နင့်ပြောသလိုမှ မဖြစ်တာ၊ ဘာဖြေစရာလိုလို့လဲ"

တံတောင်နဲ့တွက်ပြီး မေးလာသော ရွှေရည်ကို မကြည့်ဘဲ လေးတွဲ့စွာ မြယမုံပြန်ဖြေမိသည်။

"ဘာမှဖြေစရာမရှိလည်း သုတ်သုတ်လျှောက်၊ ဟိုမှာ ကားရပ်နေပြီ၊ ပြေးကြစို့၊ ညနေအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ရမယ်လေ"

မှတ်တိုင်မှာ ကားရပ်နေတာ တွေ့၍။

တရွေ့ရွေ့ဝေးကွာသွားသော မြယမုံ၏နောက်ကျောပြင်ကို လက်မှတ်ရုံနေထဲကနေ လှမ်းကြည့်နေသော ဝေယံမှာတော့ စိတ်မသက်မသာဖြင့် ခေါင်းခါလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်စွာ လာကြုံပုံက အံ့သြစရာ။ သို့သော်လည်း ဝမ်းမသာနိုင်။

ကိုယ်မြတ်နိုးသူက သူများရည်ရွယ်ထားသူ။ အဲဒီလူက လည်း တခြားလူ မဟုတ်။ ညီအစ်ကိုတော်မျှ ချစ်ရသူ။

အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုသော်လည်း တခြားသူနဲ့သာ ပြိုင်ဘက်ဖြစ်လိုက်ချင်၏။ အခုတော့ ဝေယံ တွေးကာ အသက်ဝဝရှူ၍ ခေါင်းကိုမော့ပစ်လိုက်မိသည်။

"သား ဘာဖြစ်လာတာလဲ၊ မျက်နှာလည်း မကောင်း ဘူး"

အရိပ်အကဲကိုကြည့်ကာ ဦးဘသာ သားကို မေးလိုက် သည်။

"ဘာမှ မဖြစ်ပါဘူးအဖေ ... ဒီရက်ထဲ အလုပ်တွေပင် ပန်းလို့ ခေါင်းနောက်နေလို့ပါ"

"အဲဒါဆိုလည်း ဘာလို့လာတာလဲ သားရယ်၊ အနားယူ လိုက်ရောပေါ့"

ဖခင်၏စေတနာစကားကြောင့် မှသားသုံးလိုက်ရတာကို စိတ်မကောင်းဖြစ်သွားရတာ ဝေယံ အတတ်နိုင်ဆုံး မျက်နှာကို





ပြုံးရွှင်စွာ ထားလျက် ...

"ဒီလောက်လည်းမဟုတ်ပါဘူး အဖေရ၊ အခုဆို မောင့် အကူအညီတွေကလည်း ရနေတော့ သား နားခွင့်ရနေပါတယ်၊ ဘွားက အဖေနဲ့ တိုင်ပင်စရာရှိလို့ စောစောပြန်ခဲ့လို့ မှာတာနဲ့ သားထွက်လာခဲ့တာ၊ အဖေပြန်လေ"

"ဒါဆိုလည်း အဖေပြန်ဦးမယ်၊ ဘာများ တိုင်ပင်မလို့ပါ လိမ့်"

ဦးဘသာ သူ့ဘာသာ• တစ်ယောက်တည်းပြောရင်း လက်မှတ်ရုံထဲမှ ထွက်ခဲ့လိုက်သည်။

ဦးဘသာထိုင်သွားသော ခုံတွင် ဝေယံဝင်ထိုင်လျက် သူ့အဖေ ခုနက ဖြတ်ခဲ့သော လက်မှတ်ဖြတ်ပိုင်းလေးကို ဖတ် ကြည့်နေမိသည်။

မြယမုံ၊ မှတ်ပုံတင်အမှတ် -----၊ သွားမည့်ခရီး - မြင်းခြံ၊ ခုံအမှတ် --- စသည်များကို တစ်ခုချင်း အသေအချာ ဖတ်၍ ညနေ ကားထွက်ချိန်ရောက်လာမည့်သူလေးအား အတွေး နှင့် စိတ်ကူးကြည့်နေမိပါ၏။

✲



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရည် . . . အဝတ်အစားတွေလည်း အများကြီး ထည့်မနေနဲ့ဦး၊ ဟိုလူပြောသလိုဆို တို့ အလုပ်ရဖို့ ကျိန်းသေတယ်၊ ရွာမှာ ကြာကြာမနေဘူး၊ မြန်မြန်ပြန်လာမှ ဖြစ်မယ်"

စိတ်ထဲကို အင်္ကျီအဝတ်အစားတွေ စွတ်ထည့်နေသော ရွှေရည်ကို သတိပေးရင်း သူမကိုယ်တိုင်လည်း အဝတ်အစား အနည်းငယ်ကိုသာ အိတ်ထဲသို့ ထည့်လိုက်သည်။

မယူမဖြစ်ယူရမည့် မှတ်ပုံတင်ကို ပိုက်ဆံအိတ်ထဲ ထည့်လိုက်သည်။

"ယမုံ"

"အင်"

ပိုက်ဆံတွေရေနေရာမှ ယမုံ ပြန်ထူးလိုက်၏။

"နင့်ဖုန်း ထည့်ခဲ့ဦးလေ"

သတိပေးစကားပြောလိုက်သော ရွှေရည်ထံ ယမုံ ဆတ်ခနဲ လှည့်ကြည့်၍ . . .

"ဘာကိစ္စယူခဲ့ရမှာလဲ"





"မဟုတ်ဘူးလေဟာ၊ ဒီလူ ဖုန်းမဆက်တာကြာနေပြီ၊ ဆက်လိုဆက်ငြားပေါ့"

ရွှေရည်က လေပြေလေးနဲ့ ပြောသော်လည်း ယမုံ . . .

"ဆက်ချင်ဆက်၊ မဆက်ချင် နေတော့၊ ထားခဲ့လိုက်မယ်၊ အစက သူ့အသံနဲ့ သူ့စကားတွေ နားထောင်ပြီး စိတ်ယိုင်သွားမိတာတောင် နောင်တရတယ်၊ ငါ့ကို ဘယ်လိုသဘောနဲ့သူ ဆက်သွယ်ချင် ဆက်သွယ်မယ်၊ မဆက်သွယ်ချင်ရင် ပစ်ထားမယ်ဆိုပြီး လုပ်နေလဲမသိဘူး၊ တွေးကြည့်ရင် ရှက်ဖို့တောင်ကောင်းတယ်၊ ငါ အမှန်ပြောတာ . . . လွှင့်ပစ်ရမှာ နှမြောလို့သာ၊ နို့မို့ အမှိုက်ခြင်းထဲရောက်တာ ကြာလှပြီ"

ဒေါသနှင့်မာနကြောင့် ယမုံပြောသမျှစကားလုံးတိုင်းမှာ ခက်ထန်မာကျောနေရ၏။

ရွှေရည် ဘာမှ ဆက်မပြောရဲတော့။ နောက်ထပ် ဒေါသတွေပိုလာမှာ စိုး၍ ငြိမ်နေလိုက်ရသည်။

အပြစ်ကင်းစင်တဲ့ ယမုံမျက်နှာလေး တင်းမာနေပုံက အတော် ဒေါသထွက်နေမှန်း သိသာလှသည်။

ဟုတ်တာပဲလေ . . . မိန်းကလေးတစ်ယောက်ကို ကစား



www.burmeseclassic.com

www.burmeseclassic.com



စရာ အရုပ်တစ်ရုပ်လို သဘောထားကြတဲ့ ယောကျ်ားတွေကြောင့် လည်း လောကကြီးက အကျည်းတန်နေရတာ။

ထည့်စရာရှိတာကိုသာ ဆက်ထည့်နေလိုက်ပြီး အတွေး တွေကို ခေါင်းထဲက ထုတ်ပစ်လိုက်လေသည်။

အားလုံးပြီးစီးသွား၍ ရေချိုးရန် ပြင်နေကြဆဲ ဟန်းဖုန်း လေးမှ မြည်လာသောအသံကြောင့် နှစ်ယောက်သား ဖုန်းရှိရာကို ပြိုင်တူ လှမ်းကြည့်လိုက်မိကြလေသည်။

မကိုင်ဖြစ်ကြသေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြန်သည်။

ရွှေရည်က မေးငေါ့ပြီး သွားကိုင်လေလို့ အမူအရာနဲ့ ပြောပေမယ့် ယမုံ ချီတုံချတုံ ဖြစ်နေမိ၏။

သူ့အတွက် ပျော်တော်ဆက် အဖြစ်မခံနိုင်ဆိုသည့် အတွေးက ခြေထောက်တွေကို သွားခွင့်မပြု၊ လက်ကိုလည်း လှုပ်ရှားခွင့် မပေး။ အဆက်မပြတ် မြည်နေသောဖုန်းလေးကိုသာ မကောင်းဆိုးဝါးတစ်ကောင်နှယ် ကြည့်နေမိသည်။

"ဟဲ့ ... ဟိုဘက်ခန်းကသမီးတို့ ဖုန်းမြည်နေတာ ကြာလှပြီ၊ ဘယ်သွားကြလဲ ... ကိုင်မယ့်သူ မရှိဘူးလား"





ခေါင်းရင်းခန်းက အပျိုကြီး ထအော်လိုက်မှ မြယမုံ ကပျာကယာ ဖုန်းကိုကောက်ကိုင်လိုက်မိပါ၏။

ခလုတ်ကိုနှိပ်ပြီး နားမှာကပ်ထားလိုက်ပေမယ့် မထူးမိ။ သူမဘက်က တုံ့ပြန်သံမကြားရမှ တစ်ဖက်ကနေ ...

"ယမုံ ဖုန်းနားထောင်နေပြီး ဘာလို့ ပြန်မထူးရတာလဲ၊ ကိုယ် ဖုန်းခေါ်နေတာလည်း ကြာလှပြီ၊ ဘာလို့ မကိုင်တာလဲ"

မကိုင်ချင်လို့ မကိုင်တာပေါ့လို့ ပြောရန်ကြံပြီးမှ ယမုံ ပြောမထွက်၊ မအားလို့ပါလို့ပဲ ပြောဖြစ်လိုက်၏။

"မအား ဘာတွေလုပ်နေလို့လဲကွ"

ရှည်လိုက်တာလို့ စိတ်ထဲက ညည်းတွားရင်း ယမုံ အမှန်အတိုင်း ပြောဖြစ်ပြန်သည်။

"ခရီးသွားမလို့ ပြင်ဆင်နေတာ"

ဖြေသံကတော့ တိုတောင်းမာကျောနေ၏။

"ဟင် ... ခရီး ... ဘယ်ခရီးလဲ၊ ဘယ်တော့သွားမှာ လဲ ... အခုလား"

လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အမောတကော မေးပုံက အရေးတကြီးနိုင်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လို့ ပြောမယ်ကြံနေတဲ့ ယမုံနှုတ်ခမ်းပါးလေး အာစေးအထည့်ခံလိုက်ရသလို ဘာသံမှ ထွက်မလာဖြစ်။ အမှန်အတိုင်း ပြောလိုက်လျှင် သူ ဘယ်လိုများဖြစ်သွားနိုင်မလဲလို့ ပူပင်သွားရသည်။

“ပြောပါဦး ယမုံ . . . ဘယ်တော့လဲ၊ ဘာကိစ္စနဲ့သွားမှာလဲ၊ ကိုယ်သိပါရစေ”

ယမုံ့ဘက်က အသံတိတ်နေတော့ သူ့ဘက်က သက်ပြင်းချသံနဲ့အတူ ဆွေးမြည့်စွာ ပြောလာတာက . . .

“အင်းလေ . . . ယမုံ မှန်ပါတယ်၊ ဘယ်ကလဲ ဘယ်လိုလူလဲ မသိသေးတဲ့သူတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ ပတ်သက်ချင်မှာမဟုတ်တာ သဘာဝကျပါတယ်၊ တစ်နေ့ကျ မင်းယုံကြည်လာအောင် ကိုယ်သက်သေပြမှာပါ၊ အချိန်အကန့်အသတ်တော့ လိုလိမ့်မယ် ယမုံ၊ ဘာလို့လဲဆိုတော့ မိဘပိုက်ဆံနဲ့ ကိုယ် မင်းကိုလက်တွဲဖို့ မကြိုးစားချင်ဘူး၊ ကိုယ်ပိုင်ဝင်ငွေနဲ့ မင်းကို တင့်တောင့်တင့်တယ် ထားချင်တယ်၊ အဲဒါကြောင့် ကြိုးစားနေတဲ့ အချိန်မှာ မင်းနဲ့ကိုယ် ခဏခဏတွေ့ဖို့ မလွယ်ဘူးလေ၊ လူချင်းတွေ့ဖို့ အချိန်စောနေသေးမှန်း ကိုယ်သိတယ်၊





အသံလေးတော့ ကြားခွင့်ရချင်တယ် ယမုံ၊ ဘာကြောင့်ပဲခရီးထွက်ထွက် . . . မင်း ပြန်လာလိမ့်မယ်လို့ ကိုယ်ယုံကြည်နေမယ်၊ မင်းသိထားစေချင်တာက ကိုယ့်ရင်ထဲက မင်းအတွက် ချစ်ခြင်းမေတ္တာတွေက အပြည့်ပဲလို့၊ ကိုယ် ဖုန်းချလိုက်တော့မယ်နော်၊ မင်းတို့အိမ်ရှေ့ ခြံတံခါးဝမှာ မင်းအတွက် ပစ္စည်းလေးတစ်ခု ကိုယ်ထားခဲ့တယ်၊ အမှတ်တရပေါ့ . . . ဘိုင်”

ယမုံ ဘာမှပြန်မပြောလိုက်ရဘဲ သူက ဖုန်းချသွားခဲ့သည်။

ဖုန်းခလုတ်လေးကို ပိတ်ပြီး ယမုံ ငိုင်နေမိ၏။

ဒီလူ ဘယ်လိုလူစားပါလိမ့်။

အတွေးထဲမှာ သူက ရှင်သန်လာပြန်သည်။

အနားကိုလာရပ်တဲ့ ရွှေရည်က မေးလာတော့ အစအဆုံး ပြောပြလိုက်ရသည်။

ရွှေရည် မျက်လုံးလေးပြူးကာ နားထောင်ပြီး ခြံထဲသို့ ဆင်းပြေးသွားလေသည်။

ပြန်လာတော့ လက်ထဲမှာ အထုပ်လေးတစ်ထုပ်။

ယမုံ စိတ်ဝင်စားသော်လည်း ရင်မခုန်ခဲ့။ ထူးခြားစွာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမနှလုံးသားလေး ကြွေရနေလေသည်။

ပါကင်ထုပ်လေး ပြေသွားချိန် အံ့ဩစွာ ရွှေရည် ထ အော်လိုက်ပေမယ့် ယမုံ ငေးကြည့်နေတာအပြင် ထူးခြားမှုရှိ မနေ။

ဒီလူ စိတ်ကူးယဉ်သမားပဲလို့တော့ တွေးမိပါ၏။ မပွင့် တပွင့်လည်း ပြုံးလိုက်မိသည်။

ကြည့်ပါဦး ... ဖန်လုံးလေးထဲမှာ ကောင်လေးနဲ့ကောင် မလေး ဖုန်းပြောနေသော အရုပ်လေးနှစ်ရုပ်။

ဒါကို ဘယ်က သွားရှာဝယ်လာပါလိမ့်။

"ဟဲ့ ... ငတ်တုတ်ကြီး အသက်ပျောက်သွားတာလား၊ နင့်ကြည့်ရတာ ဘယ်လိုမှလည်း မနေပါလား၊ ငါတော့ ရင်ခုန် လွန်းလို့ အသက်ရှူတောင်မဝချင်ဘူး၊ ဒီလူကြည့်ရတာ ပဥ္စလက် အာရုံ ရနေလား မသိဘူး။ သူ့အကြောင်းပြောလိုက်တာနဲ့ သူ့ ဖုန်းမြည်လာတော့တာပဲ၊ တိုက်ဆိုင်တာဆိုရင်တော့ အတော် ထူးဆန်းတယ်၊ ဒီမှာလည်း ကြည့်ပါဦး ... အရုပ်လေးပို့ပုံက စိတ်ကူးယဉ်ပါ့"

တတွတ်တွတ်ပြောရင်း သူမကို ဝေဖန်နေသော သူငယ်





ချင်းအား မြယမုံ ပြုံးပြလိုက်ပြီး ...

"ရင်ခုန်နေရင် နင်ယူထားလိုက်လေ၊ ငါမလိုချင်ဘူး။ ငါ့ရင်ထဲမှာ ဘယ်လိုမှမနေတာတော့ ဝန်ခံပါတယ်၊ ဒါပေမဲ့ တိုက်ဆိုင်မှုတွေကိုတော့ အံ့ဩမိပါတယ်၊ ဒီလောက်ပါပဲ၊ ဟူး ... ငါ ရေချိုးနှင့်မယ်ဟာ"

ဖုန်းကို စားပွဲပေါ်ပစ်တင်ခဲ့ပြီး ရေချိုးရန် အင်္ကျီချွတ်နေ သော မြယမုံကို ရွှေရည် အကဲမခတ်တတ်တော့။

ယခင်နေ့တွေက ဖုန်းထဲမှအသံရှင်ကြောင့် ရင်ခုန်ခဲ့ပါ သည်ဆိုသော သူမက အခု သွေးအေးနေပုံများ ဘယ်လိုယုံရမှန်း မသိတော့။ သက်ပြင်းချကာ ထွက်သွားပုံက တစ်ခုခုကို ဖုံးကွယ် ထားလေသလား။ ဆက်ချင်တဲ့အချိန်ကျမှ သူ့ဆန္ဒအတိုင်း ထဆက်တတ်သော အသံရှင်ကြောင့်များ စိတ်ကုန်သွားတာလား ဖြစ်နိုင်သည်။

အင်း ... နောက်တစ်ခုရှိနိုင်ဦးမလား။ အဲ ... သိပြီ၊ ဟိုလူ ငါတို့ကို အလုပ်မှာ လူတွေ့စစ်ဆေးတုန်းကလူ။ အဲဒီလူကို အဝေးပြေးကားဂိတ်မှာ ထပ်တွေ့ပြီးမှ ယမုံ့ပုံစံ အပြောင်းအလွဲ ဖြစ်သွားတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ခြောက်ခံပြီး ရွှေရည်တွေးနေတုန်း ရေချိုးပြီး အခန်းထဲ ပြန်ဝင်လာသောယမုံက ...

"ဟောတော့ ... ဒီနားက အခုထိ မထရသေးဘူးလား သွားပြီ ... ငါ့သူငယ်ချင်းလေး ဆိုက်ကိုဝင်သွားပြီနဲ့တူတယ် ဒါမှမဟုတ် လက်ဆောင်ပစ္စည်းလေးကိုကြည့်ပြီး စိတ်ကူးယဉ် နေတာလား"

"တော်စမ်းပါ ယမုံရယ် ... ငါ စိတ်ကူးရအောင် ငါ့ က အဝေးကြီးမှာ၊ ငါ စဉ်းစားနေတာက နင့်အကြောင်း"

စိတ်ရှုပ်ထွေးဟန်ဖြင့် ရွှေရည်ပြောပြီး ပစ္စည်းလေးကို မထားခဲ့ရက်။ လက်ထဲမှာ ကိုင်ထားမိသည်။

သူငယ်ချင်း၏အဖြစ်ကို တွေ့ရပေမယ့် မြယမုံ မလျော့ ရက်။ ဘယ်တော့မဆို အလကားနေ ကိုယ့်ကိုယ်ကိုယ်ထက် သူတစ်ပါးကို သနားတတ်တာ သူမအကျင့်။ အခုလည်း ပစ္စည်း လေး ယမုံပစ်ထားတော့မှာ သိနေ၍ နှမြောကရုဏာသက်ပြီး တကိုင်ကိုင်ဖြစ်နေချေပြီ။

ယမုံ မသိကျိုးကျွန်ပြုလျက် ...

"ငါ့အကြောင်း ပြောပါဦး ... ဘာအကြောင်းလဲ"





"နင် ဟိုလူကြောင့်များ စိတ်ပြောင်းသွားတာလားလို့ တွေးနေမိတာ"

BURMESE CLASSIC .com

"ဘယ်သူလဲ"

ပါးပြင်ပေါ်ကို တစ်တို့ချင်းတို့နေရာမှ ယမုံ အေးဆေးစွာ ပင် မေးလိုက်သည်။

"ခုနက ကားဂိတ်မှာတွေ့ခဲ့တဲ့လူ၊ တို့ကို လူတွေ့စစ် တုန်းက သူပဲ"

ညာဘက်ရင်အုံ ဒုတ်ခနဲ မြည်သံက အရှိန်ပြင်းသွားရ ပြီး လက်ထဲကဘူးလေး လွတ်ကျသွားတော့သည်။

မျက်နှာတစ်ပြင်လုံးလည်း မိတ်ကပ်မညှိရသေးဘဲ ရဲရဲ တွတ်သွားရ၏။ ရွှေရည်ကို မြယမုံ လှည့်မကြည့်ရဲ။

လွတ်ကျသွားတဲ့ဘူးလေးကို ရွှေရည်ကောက်ပေးလိုက် ပြီး ...

"ငါပြောတာ မှန်နေတာလား ယမုံ၊ ငါက သိချင်လို့ စပ်စုတာပါ၊ နင် မမှားပါဘူး၊ ဖုန်းထဲက အသံရှင်နဲ့က နင်နဲ့ ဘာမှပတ်သက်သေးတာမှ မဟုတ်တာ၊ နင့်မှာ ရွေးပိုင်ခွင့် ရှိပါ တယ်၊ ဒါလေးကို နင်မယူရင် ငါသိမ်းထားလိုက်တော့မယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်ပါဘူး . . . နှမြောလို့''

လက်ထဲကပစ္စည်းကို ခုတင်ပေါ်တင်ထားခဲ့ပြီး ရေချိုးရန် ထွက်သွားသော ရွှေရည်မရှိမှ ယမုံ မောပန်းစွာ သက်ပြင်းချလိုက် မိသည်။

ရွှေရည်စွပ်စွဲသလို ဟုတ်တာမဟုတ်တာ သူမကိုယ်သူမ ပင် အသေအချာမသိသေးသော်လည်း ရွှေရည့်အပြောနဲ့တင် တုန်လှုပ်သွားရတာ ကိုယ်တိုင်ပင် နားမလည်သေး။

ကိုယ့်မျက်နှာ ကိုယ့်ဘာသာ မှန်ထဲကြည့်ပြီး ငါဘာလဲ လို့တောင် ပြန်မေးရမလို။

သို့သော် ကားလက်မှတ်ရုံထဲကနေ ငေးကြည့်ကာ ကျန် ရစ်ခဲ့သူရဲ့ အကြည့်တစ်ချက်မှာ သူမ,နားမလည်သော ဘာသာ စကားတွေက မျက်လုံးထဲ စွဲထင်လျက်။

နောက်ပြီး မင်းအတွက်လို့ချည်း အမြဲပြောတတ်သောသူ တစ်ယောက်၏အသံကို ကြားယောင်ရင်းဖြင့် . . .။

✲ ✲ ✲



အခန်း (၉)

ဒီနေ့ မြယမုံရော ရွှေရည်ပါ ရွှေဂေဟာမှာ အလုပ်ဆင်း ကြမှာ ဖြစ်သည်။

ခရီးကပြန်လာတယ်ဆို အိမ်ရှင်အန်တီကြီးဆီမှာ အလုပ် ခန့်လိုက်ကြောင်း သတင်းကောင်းက ရောက်နေနှင့်ပြီ ဖြစ်သည်။

ခရီးမထွက်ခင်ကတည်းက ကြိုတင်ကာ ပြောလိုက် သော ဟိုလူရဲ့အပြောကို အမှတ်တမဲ့ နေခဲ့ကြတာ ပြန်လာတော့ အမှန်တကယ်ဖြစ်နေ၍ အံ့သြမိကြသေးသည်။

ဒါကြောင့် သာမန်ကာလျှံကာပဲ မေးတာပါလားလို့ အခုမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မိကြ၏။

အစကတော့ အလုပ်ခန့်ရန် စည်းကမ်းမကိုက်ညီ၍ သူမ တို့ကို ပေါ့ပေါ့တန်တန်မေးတာဟု ထင်ထားခဲ့မိတာ အခုမှ အထင် လွဲမိတာကို အားနာမိတော့သည်။

ရောက်တာနဲ့ သတင်းကြားတယ်ဆို ရွှေဂေဟာကို ဖုန်းနဲ့ ဆက်သွယ်ပြီးကြလေပြီ။ ယူနီဖောင်းဝတ်ရန် မလို၊ အဆင်ပြေ သင့်တင့်စွာ ဝတ်စားလျှင် ပြီးပါသည်ဟု အကြောင်းပြန်သည့် အတွက် ဒီနေ့ သူတို့သတ်မှတ်လိုက်သော အချိန်အတိအကျ အရောက်သွားရန် နှစ်ယောက်သား ဝီရိယကြီးကြီးဖြင့် စောစော ထ၍ ပြင်ဆင်နေမိကြသည်။

ဆိုင်အရောက် ၈–နာရီကို မနက် ၆–နာရီကတည်းက ထ၍ ထမင်းချက်သူကချက်၊ ဟင်းအတွက်ပြင်ဆင်သူက ပြင်ဆင် ဖြင့် အလုပ်ရှုပ်နေရသည်။

ထမင်းပေါင်းအိုးနှင့် တည်သည့်အတွက် တာဝန်တစ်ခု တော့ ငြိမ်းသည်။

အားလုံးက ကျက်တယ်ဆို ထမင်းဘူးထည့်ကာ ကား မှတ်တိုင်သို့ သုတ်ခြေတင်ကြရလေသည်။





ရွှေဂေဟာသို့အရောက် အလုပ်စဝင်တဲ့အကြောင်း သတင်းပို့ရမည်ဆိုသည့်နေရာသို့ သွားကာ သတင်းပို့ကြသည်။

သူတို့ညွှန်လိုက်သောအခန်းသို့ နှစ်ယောက်သား ထွက်ခဲ့ ကြသည်။

လူတွေ့စစ်တုန်းက အခန်းဖြစ်နေလေတော့ ရွှေရည် တော့ မသိ၊ မြယမုံ နှလုံးခုန်သံက ဗျောက်အိုးအတွဲလိုက် ဖောက် နေသည့်အလား။

အလုပ်စဝင်ရ၍လား၊ တစ်ယောက်သောသူကို တွေ့ရ မှာမို့လားဆိုတာကိုဖြင့် သူမ သရုပ်မခွဲချင်တော့ပါ။ နှစ်ယောက် သား တစ်ယောက်ကိုတစ်ယောက် အားပေးသလိုကြည့်လိုက်ကြ ပြီး မှန်ကပ်တံခါးကို ပြိုင်တူတွန်းဖွင့်ဝင်လိုက်ကြလေသည်။

တံခါးဖွင့်တာနှင့် လှမ်းကြည့်လာသူက ...

"သြော် ... ရောက်လာကြပြီကိုး၊ ဒီဘက်ကို လာကြပါ၊ မင်းတို့ ဒီအခန်းထဲမှာပဲ အလုပ်ဝင်ရမှာ၊ နောက်မှ အခန်း သတ်သတ်ဖွဲ့ပေးမယ်၊ ဒီအခန်းလည်းကျယ်ပါတယ်၊ ထိုင်ကြလေ၊ ကိုယ့်နာမည် ဝေယံဖြိုးလို့ခေါ်တယ်၊ အားလုံးကတော့ ဝေယံလို့ ခေါ်ကြတယ်၊ မင်းတို့လည်း ကိုဝေယံလို့ ခေါ်ပေါ့၊ ကိုယ်က



www.burmeseclassic.com

ဒီဆိုင်ရဲ့တာဝန်ခံပါ၊ နောက်တစ်ယောက် လာလိမ့်မယ်၊ သူကတော့ ဒီဆိုင်ပိုင်ရှင်ရဲ့ မြေးပေါ့၊ နာမည်က မြတ်နိုးမောင်လို့ခေါ်တယ်၊ မောင့်ကို အားလုံးက မောင်လို့ခေါ်ကြပြီး သူ့ကိုယ်သူလည်း မောင်လို့ ထည့်ပြောတတ်တယ်၊ ဒါတွေရှင်းပြနေရတာ သူနဲ့ဆုံလိုက်တဲ့အခါ မင်းတို့ နားမရှိင်းရအောင် ကြိုရှင်းပြတာပါ''

ဝေယံက သူ့ကိုယ်သူ မိတ်ဆက်လိုက်ပြီး မြတ်နိုးမောင်အတွက်ပါ ကြိုတင်မိတ်ဆက်ပေးရင်း အကြောင်းအရာတွေကိုပါ ရှင်းပြနေလေသည်။

မြယမုံတို့နှစ်ယောက်ကတော့ သူညွှန်ပြရာ ခုံတွေမှာ ဝင်ထိုင်လျက် သူ ရှင်းပြတာတွေကို စိတ်ဝင်စားစွာ နားထောင်နေကြပါ၏။

မြယမုံက ပိုမည်ထင်ပါသည်။ ဘာကြောင့်လဲဆိုတော့ ဝေယံ၏အသံနှင့် လေယူလေသိမ်းကို အထူးအာရုံစိုက်မိနေခြင်းကြောင့်ပါ။

ဖုန်းထဲကအသံရှင်၏အသံနှင့် ကိုဝေယံဆိုတဲ့ သူ့ရဲ့အသံတူနေတာတော့ မှန်သည်။ လေယူလေသိမ်းက မတူချင်။ ဟိုကလူတစ်ယောက်ရဲ့စိတ်ကို အသံနဲ့ညှို့ယူနေသလို ထင်ရလောက်





အောင် စွဲဆောင်မှုရှိသည်။ ဒီလူ့အပြောအဆိုက ထိုသို့မဟုတ်။ ဘာမဆို တိကျပြတ်သားစွာ ပြုလုပ်တတ်သည့်ပုံစံဖြင့် လေယူလေသိမ်းကအစ ဆွဲဆွဲငင်ငင်မရှိ တိကျပြတ်သားသည်။

မြယမုံ ဂရုစိုက်နားထောင်နေရင်း ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားရ၏။ ဖုန်းထဲကအသံရှင် သူ မဟုတ်ပါလားဆိုသည့်အသိက သူ့ကို နုံးခွေသွားစေတော့သည်။

သူမတို့ကို စိုက်ကြည့်နေသော မျက်လုံးအတွင်းသို့ မြယမုံ အဖြေရှာနေမိသည်။ ဘာအရိပ်အရောင်မှ ရှိမနေ။ ပကတိတည်ငြိမ်အေးစက်နေ၏။

ထို့ထက်ပိုတိကျစရာ မလိုတော့တဲ့အဆုံး မြယမုံ သက်ပြင်းကျိတ်ချ၍ သူ့အပြောမှာ အာရုံစိုက်လိုက်ပြန်သည်။

"အဲဒီမှာ ကွန်ပျူတာနှစ်လုံးထားပေးထားတယ်၊ အေဖိုးဆိုဒ်စာရွက်တွေလည်း အရန်သင့်ပဲ၊ မင်းတို့ကို အလုပ်တစ်ခုလုပ်ခိုင်းထားတယ်၊ အဲဒါကို အရင်လုပ်ကြည့်ပါ၊ ပြီးရင် ကိုယ့်စားပွဲပေါ် လာတင်ထားလိုက်၊ မောင်လာတော့ စစ်ဆေးလိမ့်မယ်၊ သူလာတော့မှ နောက်ထပ်အလုပ်သစ်တွေပါလာရင် သူရှင်းပြလိမ့်မယ်၊ လွတ်လွတ်လပ်လပ်နေပါ၊ ကိုယ့်ကိုလည်း ဘာမှ

www.burmeseclassic.com



အားနာစရာမလိုဘူး၊ မေးချင်တာ မေးနိုင်တယ်၊ ဪ ... မေ့နေလို့၊ မင်းတို့ကို လစာ ငါးသောင်းစပေးမယ်၊ နောက် မင်းတို့ရဲ့လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး တိုးပေးဦးမှာပါ၊ ကဲ ကဲ ... အလုပ်စလုပ်နိုင်ပါပြီ''

ထိုသို့ စကားစကိုဖြတ်ကာ သူ့စားပွဲမှာ ပြန်ထိုင်လျက် တကယ်ပဲ အလုပ်ပဲ အာရုံစိုက်နေတာလား ဒါမှမဟုတ် သူမတို့ နှစ်ယောက် အနေမကျဉ်းကျပ်စေရန် အလုပ်ထဲကို အာရုံနှစ်သလို လုပ်နေသလားတော့ မသိ။ စားပွဲပေါ်က လက်ပ်တော့လေးကို အလုပ်ပေးနေကော့သည်။

မြယမုံတို့လည်း ကိုယ့်အတွက် ပေးထားသောနေရာဆီ လျှောက်ခဲ့ကြပြီး လုပ်ငန်းစရန် ပြင်လိုက်ကြသည်။

ခိုင်းထားသည့်အလုပ်ဆိုတာကိုလည်း အသေအချာ ဖတ်ကြည့်လိုက်၏။

နှစ်ယောက်သား မျက်မှောင်ကုတ်သွားရသည့်အဖြစ်။

ပညာကို စမ်းသပ်မယ်ဆိုလို့ တော်တော် ခက်ခက်ခဲခဲ လုပ်နိုင်းသလားမှတ်တယ်၊ ကွန်ပျူတာသင်တန်း တက်ဖူးသူတိုင်း လုပ်တတ်သည့်အလုပ်ပင်။





ရွှေဂေဟာ၏ လချုပ်စာရင်းများကို ရိုက်ခိုင်းခြင်းဖြစ်သည်။

ဘာကိစ္စနဲ့ ဒီလောက်လွယ်တာကို ခိုင်းပါလိမ့်လို့ နှစ်ယောက်သား တူညီစွာ တွေးမိကြ၏။

သို့သော် တစ်ဖန်ပြန်တွေးမိကြသည်က မလိုအပ်ဘဲ ခိုင်းဟန်မတူ ... ဟု။

လူတွေ့စစ်တုန်းကပဲ ကြည့်၊ အလုပ်နှင့်မသက်ဆိုင်သော ကိစ္စများကိုမေးပြီး အလုပ်ကျတော့ ခန့်လိုက်သည်သာ။ အခု လည်း အကြောင်းတော့ရှိမှာပါပဲလို့ အတွေးရောက်ကာ သေချာ စိစစ်၍ ရိုက်ပေးလိုက်သည်။

တကယ့်ကို ဉာဏ်ကြီးရှင်များပါပဲ။ ယမုံတို့ဘက်က လည်း ရှာဖွေလေ တွေ့ရှိလေဆိုတဲ့ စကားကို နှလုံးမူမိလို့ တော်တော့သည်။ ပေးထားသောစာရင်းတွေက ပေါင်းထားသည့် ဂဏန်းတွေ မှားနေတာ တွေ့ရလေသည်။

ဒါကြောင့် သူပေးထားတဲ့စာရင်းထဲကအတိုင်း မရိုက်ဘဲ သေချာအောင် ပြန်စစ်ပြန်ပေါင်းပြီးမှ ရိုက်လိုက်သည်။ အကုန်လုံး နီးပါး ပြန်စစ်ရသည်။ အားလုံးပြီးသည်နှင့် သူမတို့ရိုက်ပြီးသားက



www.burmeseclassic.com

www.burmeseclassic.com



သတ်သတ်၊ ပေးထားသောစာရင်းက သတ်သတ်ခွဲ၍ ဝေယံ့ စားပွဲပေါ် သွားတင်ထားလိုက်ကြသည်။

ဝေယံ မော့ပင်မကြည့်။ သူ့အလုပ်သာ သူဆက်လုပ်နေလေသည်။

မျက်လုံးက မကြည့်သော်လည်း အသည်းနှလုံးထဲမှာဖြင့် ချစ်သူ့ပုံရိပ်က ဘယ်တော့မှ ပျောက်ပျက်မသွား။ မျက်စိမှိတ်ထားသော်ငြား သူ့အရိပ်ပေါ်လာ . . . ဆိုတဲ့တေးသွားဟာ သူ့အတွက် ရည်ညွှန်းပြီး စပ်ဆိုခဲ့လေသလားလို့ ဝေယံ ထင်နေမိသည်။

အဲဒါကြောင့် မောင့်ကိုပင် ကိုယ်ချင်းစာနာစိတ် ဖြစ်ရပါသည်။

ကိုယ့်ထက်စာရင် သူက ယမုံကို အရင်တွေ့သူလေ။ တွေ့တွေ့ချင်း စွဲလမ်းစိတ်နဲ့ တခြားသူမလုပ်နိုင်သော လုပ်ရပ်တွေကို လုပ်ခဲ့တဲ့သူ။ အခုလည်း အဘွားပိုင်စီးပွားရေးကို ဦးစီးတယ်ဆိုတာထက် ယမုံ့အတွက် ကြိုးစားနေခြင်းသာ။ ဒါတွေ ယမုံ သိမနေ။ အနားမှာ အချိန်ပြည့်ရှိနေတဲ့ ကိုယ်ကသာ မောင့်ရဲ့ရူးသွပ်မှုကို သိနေတာဖြစ်သည်။

တော်ရုံရူးသွပ်မှုမဟုတ်တာလည်း သိထားခြင်းကြောင့်





ရှေ့တိုးရန် ဟန်ပြင်ထားတဲ့ကိုယ့်ခြေလှမ်းတွေကို အသာလေး နောက်ဆုတ်ထားလိုက်ခြင်းဖြစ်သည်။

ကြာလာလျှင် အချိန်က ကုစားသွားလိမ့်မည်ဟု ထင်ထားခဲ့တာ။ အခုတော့ ထင်သလိုဖြစ်မလာခဲ့။ မိနစ်တိုင်း စက္ကန့်တိုင်းမှာ သူမ,သာလျှင် စိုးမိုးနေခဲ့လေသည်။

ဟန်ဆောင်ဖုံးကွယ်မှုက ဘယ်လောက်ကြာရှည်ခံမည် မသိသော်လည်း နေ့တိုင်း မြင်တွေ့နေရတော့မည့်ဒုက္ခကိုဖြင့် ဘယ်လိုရှောင်ကွင်းရမှန်းမသိ ဖြစ်နေရသည်။

အခုလည်း ကြည့်စမ်းပါဦး . . .။ နက်ပြာရောင်ပါတိတ် ဝမ်းဆက်လေးနဲ့ ကျစ်ဆံမြီးနှစ်ဖက် ခွဲစည်းထားပုံလေးက ရိုးရိုးလေးပြင်ဆင်ထားပေမယ့် အဆန်းတပြားတွေထဲမှာ တစ်မျိုးလေး မျက်စိထဲ ကြည့်ကောင်းနေရသည်။

ဝေယံတစ်ယောက် ဝေဒနာကို အတွေးနဲ့ လွှင့်မြောပစ်လိုက်ရင်း ရင်ထဲပေါ့သွားရန် သက်ပြင်းဖွဖွချလိုက်မိ၏။

သူ့အလုပ်သူလုပ်နေသူကို ယမုံတို့ အနှောင့်အယှက် မပေးဘဲ ကိုယ့်နေရာကိုယ် ပြန်လာကာ အချိန်မကျသေးသော်လည်း ထမင်းစားရန် ထမင်းဘူးဖွင့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဝေယံထံမှ ...

''ထမင်းစားကြတော့မလို့လား၊ စောပါသေးတယ်၊ ခဏ လောက်စောင့်ပါဦး၊ မောင်က ခင်ဗျားတို့အလုပ်စဝင်တဲ့ အထိမ်း အမှတ်အဖြစ် သူက ကြိုဆိုပွဲလေးလုပ်မလို့ ပြောတယ်၊ တခြား လူတွေတော့ ပါမယ်မထင်ဘူး၊ ကိုယ်တို့လေးယောက်တည်းပဲ ဖြစ်လိမ့်မယ်၊ သူလာရင် အားလုံးအပြည့်အစုံ ဝယ်ခြမ်းလာမှာ၊ ခဏလေးစောင့်လိုက်ပါ''

ထမင်းဘူးဖွင့်နေသော မြယမုံတို့လက်တွေ တွန့်ခနဲ ဖြစ်သွားရသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဝေယံထံ ပြိုင်တူလှည့်ကြည့်မိကြ၏။

ဝေယံက သူပြောချင်တာပြောပြီး၍ သူ့အလုပ်သူ လုပ် နေလေပြီ။

မြယမုံတို့စိတ်ထဲမှာတော့ ဘာဆိုင်လို့လဲ၊ ဒီလောက်လို လို့လားဆိုတဲ့ မေးခွန်းက ထောင်သောင်းမက မေးနေဖြစ်သည်။

အသံတွေကတော့ ထွက်မလာခဲ့။ ထမင်းဘူးကိုသာ ပိတ်ရနိုး၊ ဆက်စားရနိုးဖြစ်နေကြဆဲ ... မြတ်နိုးမောင် ရောက်





လာတော့သည်။

''ဟော ... ရောက်နေကြပြီကိုး၊ ကိစ္စလေးတစ်ခုရှိတာ နဲ့ နောက်ကျသွားတယ်၊ ဝေယံ ... ဒါ သူတို့အတွက် ပေးလိုက် ပါ၊ ဘယ်လိုမှတော့ သဘောမထားပါနဲ့၊ ကိုယ်တွေနဲ့ အလုပ် အတူ တွဲလုပ်ရမယ့်သူတွေမို့ ရင်းနှီးမှုရှိအောင် တမင်ကြိုဆိုပွဲလေး လုပ်လိုက်တာပါ၊ စားကြနော် ... အားမနာနဲ့''

မှန်ချပ်တံခါးဖွင့်လာပြီး မြယမုံတို့ဘက်ကို လှည့်ကြည့်၍ စကားတွေဆက်တိုက်ပြောရင်း လက်ထဲက အထုပ်တွေကို ဝေယံ့ ထံ လွှဲပေးလိုက်သည်။

ဖော့ဘူးနဲ့ ထည့်ထားသော ထမင်းပေါင်းတွေကို သူမတို့ စားပွဲပေါ် ဝေယံ သွားတင်ပေးလိုက်သည်။ နောက် အအေးပုလင်း များ။

မြယမုံတို့ အားနာသောမျက်ဝန်းများနဲ့ သူတို့ဆီအကြည့် ပို့လိုက်သော်လည်း သူတို့လည်း သူတို့ဘာသာ ဖော့ဘူးတွေဖွင့် ကာ အံရန်သင့်ရှိဟန်ရှိသော ဖွန်းခက်ရင်းတွေနှင့် စားနေကြလေ ပြီ။

ဒီတော့ မြယမုံတို့နှစ်ယောက် သက်ပြင်းငွေ့ငွေ့ချလျက်



www.burmeseclassic.com

www.burmeseclassic.com



ဖော့ဘူးတွေဖွင့်ကာ ပါလာသောဇွန်းဖြင့် ခပ်စားနေလိုက်ရတော့သည်။

စားသောက်ပြီးကြသည်နှင့် မြတ်နိုးမောင်ကပဲ စတင်ကာ

"ဒါ သူတို့ကိုခိုင်းထားတဲ့ဟာတွေလား"

စားပွဲပေါ်က စာရွက်ထပ်တွေကို လက်ညှိုးထိုး၍ ဝေယံအား မေးနေလေသည်။

ဝေယံက ခေါင်းညိတ်ပြတော့ မြယမုံတို့ဘက် အကြည့်ပို့၍ ...

"ဒါတွေကို အရင်စစ်လိုက်ဦးမယ်၊ နောက်တစ်ခု ခိုင်းစရာရှိသေးတယ်၊ အဲဒါတွေစိတ်တိုင်းကျမှ အရေးကြီးတဲ့လုပ်ငန်းအတွက် တိုင်ပင်ညှိနှိုင်းပါ့မယ်၊ အခုတော့ နားကြပါဦး"

မြယမုံတို့ဆီမှ အဖြေစကားကို မစောင့်။ သူ့ဘာသာပြော၊ သူဘာသာပဲ အစီအစဉ်တွေ ဆွဲနေလေသည်။

စားပြီးသားဖော့ဘူးတွေကို အမှိုက်ခြင်းထဲ သွားထည့်ပြီး ပြန်လာသော ဝေယံက မောင့်နားကိုကပ်ကာ ဘာပြောလိုက်သည် မသိ ...။ စာရွက်တွေကို စိတ်ဝင်စားစွာ ဖတ်နေသော မောင့်အကြည့်က မြယမုံတို့ဆီ ပြန်ရောက်လာပြီး ...





"အလုပ်မှမရှိသေးတာ၊ မင်းတို့ အပြင်ထွက်ပြီး ဆိုင်အတွင်း လှေလာနိုင်တယ်၊ အညောင်းပြေပေါ့၊ နောက်မှ မင်းတို့ အနေမခက်အောင် အခန်းသတ်သတ် လုပ်ပေးပါ့မယ်"

သူ့စကားအဆုံးမှာ မြယမုံတို့နှစ်ယောက် အပြင်သို့ ထထွက်ခဲ့လိုက်သည်။

အပြင်ရောက်မှပဲ နှစ်ယောက်သား အသက်ကို ဝအောင် ရှူမိကြသည်။

အလုပ်သဘောအရ စကားများသာဖြစ်သော်လည်း ဘာကြောင့်မှန်း မသိ၊ ဝေယံဆိုသည့်သူကိုရော မြတ်နိုးမောင်ဆိုသည့်သူကိုပါ မြယမုံစိတ်ထဲ တစ်မျိုးကြီးခံစားနေရသည်။

နောက်ပြီး သူတို့နှစ်ယောက်စလုံးအသံက ခပ်ဆင်ဆင်၊ မြတ်နိုးမောင်ဆိုတဲ့သူရဲ့အသံက ပို၍ရင်းနှီးနေသလို ခံစားရ၏။

မဖြစ်နိုင်ပါဘူးလို့ မသိစိတ်က ခေါင်းခါနေပေမယ့် မသိစိတ်က လက်ခံနေမိသည်။

ဟုတ်တယ် ... ဒီအသံဟာ ဖုန်းထဲကအသံရှင်ပဲ။ ဒါပေမဲ့ ဘယ်လိုမှ ဆက်စပ်မရ။ သူဖြစ်နေခဲ့သော်ဆိုတဲ့အတွေးကြောင့် စိတ်ရှုပ်သွားရတာကတော့ ဘာကြောင့်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်လည်း ဘာတွေတွေးနေလဲ ခန့်မှန်းရခက်နေသည်။ မြယမုံလိုပဲ တိတ်ဆိတ်စွာ ဟိုကြည့်ဒီကြည့်လုပ်ရင်း လမ်းသာလျှောက်နေတယ်၊ တစ်ခုခုကို အဖြေရှာနေသလို။

ရွှေရည်ကို အကဲခတ်မရ၍ မြယမုံ တံတောင်နဲ့တွက်လိုက်ပြီး . . .

"ရွှေရည် . . . ဘာတွေတွေးနေလဲ"

"နင်ရော"

မဖြေဘဲ ပြန်မေးလာသောရွှေရည်ကို မြယမုံစိုက်ကြည့်လျက် . . .

"အဲဒီလူနှစ်ယောက်အကြောင်းကို တွေးနေတာ၊ အထူးသဖြင့် မြတ်နိုးမောင်ဆိုတဲ့လူ".

"ဟင် . . . သူ့ကို ဖြစ်သွားပြန်ပြီလား"

စိုးရိမ်ပူပန်မှုမျက်လုံးများဖြင့် အလောသုံးဆယ် မေးလိုက်သော ရွှေရည့်ပုံစံက အံ့သြထိတ်လန့်နေပုံ။

ဒီပုံစံမျိုး သူငယ်ချင်းဖြစ်သူထံမှ တစ်ခါမှ မတွေ့ဖူးလေတော့ မြယမုံက . . .

"ငါက ဘာပြောသေးလို့လဲ ရွှေရည်ရယ်၊ နင့်ပုံစံက





ငါတောင်လန့်တယ်၊ ငါ မြတ်နိုးမောင်အကြောင်းစဉ်းစားတာက ဖုန်းထဲကအသံရှင်နဲ့ တူနေလို့၊ ဒါပေမဲ့ ပြန်တွေးကြည့်ရင် ဘယ်လိုမှ ပတ်သက်စရာအကြောင်း မရှိတာ အသိသာကြီးပဲ၊ ကိုဝေယံဆိုတဲ့သူကိုပဲ သူ့အသံနဲ့တူတယ်လို့ ထင်ခဲ့မိတာ၊ သေသေချာချာ တွေးကြည့်တော့ ဘာမှလည်း မဆိုင်ဘူး။ နင်ကရော ဘာဖြစ်သွားတာလဲ"

ရွှေရည် မလုံမလဲနှင့် . . .

"အဟွန်း . . . ဘာမှမဖြစ်ပါဘူး၊ နင့်စိတ်က ဟိုလူ့ဆီရောက်လိုက်, ဒီလူ့ဆီရောက်လိုက် ဖြစ်နေမှာစိုးလို့ သတိပေးမလို့ပါ"

မြယမုံမျက်နှာလေးကို လှပစွာမဲ့လိုက်ပြီး . . .

"ဒီမှာရွှေရည် . . . နင် ငါ့ကို အထင်သေးတာတော့ ဝမ်းနည်းတယ်ဟာ၊ ငါ့စိတ်က ဘယ်သူ့ဆီကိုမှ မရောက်ဘူး . . . စိတ်ချနေ၊ တစ်ယောက်သောသူဆီမှာပဲ နိုတွယ်နေတော့မယ်ဆိုတာ ငါ့ဘာသာသိနေတယ်"

တိုးလျှညင်သာလွန်းတဲ့ မြယမုံလေသံလေးက ရွှေရည့်နလုံးသားတွေ ပူနွေးသွားရသည်အထိ အကြောအခြင်ထဲထိတိုင်



www.burmeseclassic.com

www.burmeseclassic.com



စီးမျှောလျက်။

"ဘယ်သူလဲဟင်"

"ဒါကတော့ တော့ပ်စီးကရက်ပါနော်၊ နင့်မြတ်နိုးမောင် မဟုတ်တာတော့ သေချာတယ်"

မျက်နှာလေးပျက်ကာ မေးလာတဲ့ ရွှေရည်ကို မြယမုံ မချိုမချဉ်မျက်နှာလေးနှင့် ပြောလိုက်ရာ အင်္ကျီအကျ အစွပ်အစွဲခံ လိုက်ရ၍ ရွှေရည့်မျက်နှာလေး ရဲရဲနီသွားရတော့သည်။

မဟုတ်ဘဲနဲ့ဟာလို့ ငြင်းလေမလားဆိုပြီး ရွှေရည့်မျက်နှာ လေးကို မလွှတ်တမ်း မြယမုံ ကြည့်နေပေမယ့် ခေါင်းမဖော်နိုင် လောက်အောင် ရှက်နေသူ သူငယ်ချင်းမလေးအား ဆက်ပြီး မနောက်ရက်တော့ပေ။

ဩော် ... အချစ်နဲ့တွေ့ကြတဲ့အခါ လူသားတိုင်း နူးညံ့ သိမ်မွေ့နေပါသည်။

မြယမုံတို့နှစ်ယောက် ထိုသို့ အချေအတင်ဖြစ်နေကြစဉ် အခန်းထဲရှိ ဝေယံတို့နှစ်ယောက်မှာလည်း ...

"ဘယ်လိုလဲမောင် ... စိတ်တိုင်းကျရဲ့လား"

စာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် စိတ်ပါလက်ပါ





ကြည့်နေသော မောင့်ကို မေးငေါ့၍ ဝေယံ မေးလိုက်သည်။

"စိတ်တိုင်းက အစကတည်းက ကျပြီးသားပဲဟာ၊ ဒါ တွေကို အလုပ်မရှိ အလုပ်ရှာပြီး လုပ်ခိုင်းထားတာ မင်းသိသား နဲ့"

ဟုတ်လည်းဟုတ်ပါသည်။ ဒီစာရွက်တွေက လုံးကြုပ် ထားသော စာရွက်များသာ ဖြစ်သည်။

သို့ပေမယ့် သူမတို့ ဘယ်လောက်စေ့စပ်သေချာသလဲ ဆိုတာကိုတော့ စမ်းသပ်ထားပါ၏။

ထင်ထားတာထက်တောင် စေ့စပ်သေချာနေ၍ မောင် အကျေနပ်ကြီး ကျေနပ်နေရပါသည်။ ဒါမှလည်း ဘွားလက်ခံနိုင် အောင် တင်ပြနိုင်မည် မဟုတ်ပါလား။

ဒီလုပ်ငန်းကို မောင်ဦးစီးပြီး လုပ်နေတယ် ဘယ်လိုပဲ ဆိုဆို ... အသေးအမွှားလေးကအစ ဘွားကို တင်ပြရသည် သာ။

အဝေးပြေးကားတွေဆိုလည်း ဒီအတိုင်းပင်။

ဦးဘသာ ဦးစီးနေပေမယ့် လချုပ်စာရင်း၊ နေ့စဉ်မှတ် တမ်းတို့ကို ဒေါ်အိမ်စိုးထံ တင်ပြရမြဲ၊ ရှင်းပြရမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ရွှေဂေဟာ စူပါမားကတ်နှင့် ရွှေမြန်မာ အဝေးပြေးကားလုပ်ငန်းတို့ အချိန်ကြာမြင့်စွာ ရပ်တည်နေနိုင်သည့်လား မပြောတတ်။

"သူတို့ကို ဒီအခန်းထဲမှာပဲ ဆက်ထားဖို့ စိတ်ကူးလား မောင်"

"အေး ... လောလောဆယ်တော့ ထားဦးကွာ၊ ဒါမှ ရင်းနှီးမှုရှိလာမှာ"

မောင်ကတော့ သူ့အတွေးနှင့်သူ ဟုတ်နေတော့သည်။ ဝေယံသာ ကိုယ့်အတွက်ကို ဆက်မတွေးရဲ။

မှားသည်မှန်သည် မဝေဖန်ဘဲ တိတ်ဆိတ်သွားသော ဝေယံ့ထံ မောင် မျက်လုံးစွေကြည့်လျက် ...

"ဘာလဲကွ ... မင်းဟာက ငါပြောတာ မှားတယ်,မှန်တယ် မဝေဖန်ဘဲ ဘာလို့ တိတ်သွားရတာလဲ"

"ဝေဖန်နေစရာလိုသေးလို့လား၊ အားလုံး မင်းဖန်တီးထားတဲ့ကိစ္စတွေပဲဟာ၊ မင်းဆန္ဒ မပြည့်မဝမချင်း ဖန်တီးမှုတွေ ရှိနေဦးမှာပဲ မဟုတ်လား၊ ငါက မင်းစေခိုင်းသမျှ လုပ်ရုံပဲလေ"

"ဟာ ... အဲ့သလိုတော့ မပြောပါနဲ့ဝေယံရာ၊ မင်းအကြံ





ဉာဏ်လည်း လိုပါတယ်၊ မင်း နှစ်ပေါင်းများစွာလုပ်လာတဲ့ လုပ်ငန်းကို ငါက အရန်သင့်လေး အခုမှ လုပ်မယ်ကြံကာ ရှိပါသေးတယ်ကွာ၊ မြယမုံကိစ္စနဲ့ပတ်သက်ပြီး ငါဖန်တီးသမျှလည်း အမှားအမှန် မင်း ဝေဖန်သင့်တာပဲ၊ မှားနေတာ မှန်လို့က ငါပြင်မှာပါ၊ ဒါပေမဲ့ ငါတစ်ခု စဉ်းစားမိတယ် ဝေယံ၊ မြယမုံနဲ့ နီးကပ်ဖို့ ဖုန်းတစ်လုံး အဆုံးခံလိုက်တဲ့ကိစ္စကို ရပ်တန်းကရပ်လိုက်မလားလို့"

"ဘယ်လို"

ကုလားထိုင်တစ်လုံးမှာ လျော့ရဲစွာ ထိုင်နေသော ဝေယံတစ်ယောက် ခန္ဓာကိုယ်ကို ပြန်မတ်၍ ခပ်မြန်မြန်ပဲ မေးလိုက်လေသည်။

"ဒီလိုကွ ... ဖုန်းကိစ္စနဲ့ မြယမုံကို ငါ မချည်နှောင်ချင်တော့ဘူး၊ သူ့ဆီကအချစ်ကို ငါ့နည်းငါ့ဟန်နဲ့ပဲ ရအောင်ယူတော့မယ် စိတ်ကူးတယ်၊ ဖုန်းထဲကနေ ရင်းနှီးမှုယူပြီး ဖြားယောင်းနေမယ့်အစား အမြင် အမြင်ချင်း ဖလှယ်, အသိ အသိချင်း ဖလှယ်ပြီးမှ ရလာမယ့် အစစ်အမှန်ရလဒ်ကိုပဲ ငါလိုလားတော့တယ် ဝေယံ"



www.burmeseclassic.com

www.burmeseclassic.com



မင်း အမြင်မှန်ရလာပြီပဲလို့ ဝေယံပြောမယ်ကြံပြီးမှ . . .

"ရလာမယ့်ရလဒ်က မင်းအတွက် မီးနီပြနေရင်ကော"

"မီးစိမ်းတဲ့အထိ ငါစောင့်မှာပေါ့၊ ဘယ်မီးပွိုင့်က အမြဲနီနေတာ မင်းတွေ့ဖူးလဲ"

"အဲဒီမီးပွိုင့်က အမြဲပဲ မီးနီပြနေတဲ့၊ ဘယ်တော့မှ မစိမ်းဘဲ ပျက်နေတဲ့မီးပွိုင့် ဆိုရင်ရောကွာ"

"အာ ဒီကောင် . . . ပါးစပ်ပုပ်ကြီးနဲ့၊ ငါ့ကိုယ်ငါ အထင်ကြီးလို့တော့ မဟုတ်ပါဘူး၊ မောင်ဆိုတာ နာမည်တစ်လုံးနဲ့နေတာပဲ၊ ဘဝမှာ မဖြစ်ဘူးဆိုတာတော့ မရှိခဲ့ဖူးသေးတာ မင်းအသိ၊ အခုမှ အထင်နဲ့အမြင် လွဲရင်တော့ မြတ်နိုးမောင်ဆိုတဲ့ နာမည်ကို ပြောင်းလိုက်ရုံပေါ့ကွာ၊ နေပါဦး . . . မင်းမေးပုံက တစ်မျိုးဖြစ်နေလားလို့"

ဝေယံနှင့်မျက်နှာချင်းဆိုင်လိုက်ပြီး မျက်လုံးကို စေ့စေ့ကြည့်လျက် မောင်ဆိုလိုက်သည်။

တည်ငြိမ်သောအပြုံးတို့ဖြင့် . . .

"ငါ့ကိုကြည့်လို့ မင်း ဘာတွေ့မှာလဲ၊ ငါက ရိုးရိုးသားသား မေးတာပဲ၊ ကောင်မလေးအပေါ် မင်း ဘယ်လောက်





အတိုင်းအတာထိ စိတ်ရှည်မလဲလို့ သိချင်လို့"

"မင်း ငါ့ကိုလျှော့တွက်တာကိုး၊ ဟာ . . . လာကြပြီထင်တယ်၊ မင်းအလုပ် မင်းလုပ်တော့"

မှန်ချပ်ကနေ လှမ်းမြင်လိုက်ရသော အရိပ်နှစ်ရိပ်ကြောင့် နှစ်ယောက်သား ဖုတ်လူးပြာလူးဖြင့် အလုပ်လုပ်နေဟန်ပြုလိုက်ရသည်။

မြယမုံတို့ကတော့ သတိမထားမိပေ။ စားပွဲပေါ်မှာ ထမ်းရောက်နေသော စာရွက်အထပ်ထွေကိုသာ အာရုံရောက်နေကြလေသည်။

စာရွက်တစ်ရွက်ကို မြယမုံ ကောက်ဖတ်ကြည့်လိုက်ပြီး

"ဒါတွေကို ဘာလုပ်ရမှာပါလဲ၊ ခုနက ရိုက်ပြီးသားတွေ ကျေနပ်ပါရဲ့လား"

နာမ်စားမသုံးဘဲ မေးလာသော မြယမုံအား မြတ်နိုးမောင် လှမ်းကြည့်၍ လွန့်လွန့်လေးပြုံးကာ . . .

"ကိုယ့်နာမည် မြတ်နိုးမောင်ပါ၊ အများကတော့ မောင်လို့ အလွယ်တကူခေါ်ကြတာပဲ၊ မင်းတို့လည်း အဆင်ပြေသလိုခေါ်နိုင်ပါတယ်၊ ဒါမှ ခေါ်ရတာအဆင်မပြေရင် ကြိုက်တဲ့ နာမ်



www.burmeseclassic.com

www.burmeseclassic.com



စား သုံးပါ ... ရပါတယ်၊ ဥပမာ ... သူဌေးဖြင့် သူဌေးပေါ့၊ ဒါမှမဟုတ် ဘော့(စ်) ပေါ့ကွာ၊ ခုနက ရိုက်ထားတာတွေ စိတ်တိုင်းကျပါတယ်၊ မင်းတို့ရဲ့ဉာဏ်ပြေးမှုလေးတွေကို သဘောကျပါတယ်၊ အခု ပြင်ရမှာက ပစ္စည်းစာရင်းတွေကို အင်္ဂလိပ်လိုရေးထားတာ အမှားတွေများနေတယ်၊ ၃-လွှာက လျှပ်စစ်ပစ္စည်းဌာနကစာရင်းတွေပါ၊ အဲဒီက စာရင်းစစ် ခွင့်ယူထားလို့ မင်းတို့လည်း အလုပ်မရှိသေးတဲ့အတွက် ပြင်ခိုင်းမိတာ၊ လုပ်ကြည့်ပါ"

ပြောပုံကိုက ရယ်စရာမို့ မြယမုံ ပြုံးမိသွားရသည်။ ဒါပေမဲ့ သူနဲ့မဆိုင်တော့သလို ဝေယံလုပ်နေပုံက ပြေးထုချင်စရာကောင်းနေတော့ မရည်ရွယ်ဘဲ မျက်စောင်းလေးထိုးလိုက်မိလေသည်။

သူ့သူဌေးရောက်လာပြီမို့ ဘာမှ ဝင်ပြောစရာမလိုတော့ဘူးလို့များ သစ္စာဆိုထားတာလား မပြောတတ်။ မြတ်နိုးမောင်ဆိုတဲ့သူ ပြောသမျှ လှည့်ပင်မကြည့်၊ သူ့လက်ပ်တော့လေးနဲ့သာ အလုပ်ရှုပ်နေလေသည်။

မကျေမချမ်းဖြင့် မြယမုံ စာရွက်ကို အစအဆုံး ဖတ်ကြည့်လိုက်သည်။





စာရွက်အစကအဆုံး မပြင်ရတဲ့စာလုံး မရှိ။ ပစ္စည်းတစ်ခုတိုင်းရဲ့ အမည်စာရင်းမှာ အေနဲ့အာ မှားချင်မှား၊ မမှားလျှင်နေရာလွဲကာ မှားနေတတ်၏။

ရွှေရည်ကိုလက်တို့ပြီးမေးကြည့်တော့ သူ့စာရွက်တွေမှာလည်း ဒီအတိုင်းပဲဟု ဆိုသည်။

ဒီတော့ မြယမုံမျက်နှာလေးရှုံ့တွသွားရသည်။ ဒီလောက် အမှားအယွင်းများတဲ့ ဝန်ထမ်းတွေကို ဘယ်ကများ ရှာတွေ့ထားပါလိမ့်ဟု တွေးနေဖြစ်သည်။

ကိုယ်တွေကိုကျ အမျိုးမျိုးစစ်ဆေးနေလိုက်တာ။ အင်းလေ ... အရင်က ဒီလိုမလုပ်ခဲ့လို့ ဒီလိုဝန်ထမ်းမျိုးနဲ့တွေ့တာဖြစ်မှာပေါ့လို့ ပျစ်ပျစ်နစ်နစ် ဝေဖန်လိုက်မိ၏။

ပြီး ကွန်ပျူတာပါဝါခလုတ်ကို နှိပ်ရန် လက်ကပြင်ဆဲ မျက်လုံးက အလိုလို ရှေ့ကိုကြည့်မိသွားရသည်။

မြယမုံ ဒိုင်းခနဲ ရင်ကိုထိမှန်တော့သည်။ ခုနက ဘာမှမသိသလို လုပ်နေသော ဝေယံ၏မျက်လုံးတစ်စုံက ဘယ်အချိန်ကတည်းက ကြည့်နေသလဲမသိ။ ရှိုးတိုးရှန်းတန်းဖြင့် အမြန်ခေါင်းငုံ့လိုက်ရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ သက်ပြင်းငွေ့ငွေ့ချကာ မျက်နှာလွှဲသွားသည်။ ဘယ်လိုနားလည်ရပါ့မလဲ။ သူ့အကြည့်တွေမှာ တစ်ခုခုကို ခံစားနေရသလိုမျိုး ငါထင်နေမိတယ်။

အဲဒါ ဘာအဓိပ္ပာယ်လဲ။

လက်ရှိ ကိုယ်လုပ်ရမည့်အလုပ်ကို မြယမုံ စိတ်မဝင်စားနိုင်။ ဝေယံဆိုသူ၏အကြည့်တစ်ချက်ကို သရုပ်ခွဲခြင်းဖြင့် အာရုံစူးစိုက်နေမိသည်။

သွက်သွက်လက်လက်နဲ့ အလုပ်ကို စိတ်ဝင်တစား လုပ်နေသော ရွှေရည်ကို မသိမသာငဲ့ကြည့်ပြီး ကိုယ့်စိတ်ကို မလုံပြန်။ ဒီတော့ စာလုံးပေါင်းတွေ အသေအချာစစ်ရင်း အာရုံပြောင်းပစ်ရသည်။

တစ်ချက်တစ်ချက် သူကြည့်နေသေးလားလို့ သိချင်စိတ်နဲ့ လှမ်းကြည့်ရန် စိတ်ကူးမိသော်လည်း နောက်ထပ် ဆုံတွေ့ရမည့် မျက်ဝန်းဒဏ်ကို ခံနိုင်ရည်မရှိတော့တာကြောင့် အလုပ်ထဲမှာ စိတ်ကို အတင်းနှစ်ထားလိုက်သည်။

တစ်ဖက်မှ ဝေယံကလည်း သူမနည်းတူ ရင်ခုန်သံတစ်ပိုင်းတစ်စဖြင့် အလုပ်ထဲ စိတ်နှစ်ထားရ၏။





မဖြစ်နိုင်မှန်းသိလျက်နှင့် ဇာတ်လမ်းကိုမဆက်ရန် ကိုယ့်စိတ်ကိုယ် ကိုယ့်ဘာသာ အကြိမ်ကြိမ် ဆုံးမနေရသည်။

တစ်ခါတလေလည်း အဲဒီသိတတ်မှု၊ နားလည်ပေးမှုဆိုတဲ့ လူမှုရေးစိတ်ဓာတ် စည်းကမ်းကြီးကို ချိုးဖောက်ပစ်ဖို့ ကြိုးစားခဲ့တာလည်း အခါပေါင်းမရေတွက်နိုင်တော့။

လက်တွေ့မှာတော့ မလုပ်ဖြစ်ခဲ့ပါ။ ခိုးကြည့်နေမိတာကိုပင် အပြစ်ကြီးတစ်ခုလို ယူဆနေမိသည်။

ရင်ထဲမှာ သိမ်းဆည်းထားခဲ့တဲ့ သူမကို ချစ်မိတဲ့အချစ်တွေကတော့ ဝန်ထုပ်ဝန်ပိုးတစ်ခုအလား။

တစ်ပါးသူ မရိပ်မိအောင် ဖုံးဖိနေရတာကရော ဘယ်အချိန်မှာ ခိုးထုပ်ခိုးထည်နဲ့ မိမလဲဆိုတဲ့အတွေးနဲ့ နေ့စဉ်နေ့တိုင်း တထိတ်ထိတ်ဖြစ်နေခဲ့ရတာ အသက်ရှူရတာပင် မဖြောင့်။

တစ်နေ့တစ်နေ့ လူမသိ သူမသိ သက်ပြင်းချနေခဲ့ရတဲ့ ရက်ပေါင်းက အသေအချာတွက်ကြည့်လျှင် သူမကို မြယမုံအဖြစ် သိလိုက်ရတည်းက ဖြစ်သည်။

ကြာလျှင် သက်ဆိုးရှည်ဖို့တောင်မလွယ်။

ဒီလိုတွေးနေတဲ့ကြားကပဲ ဝေယံ သက်ပြင်းမောတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် မှုတ်ထုတ်လိုက်မိ၏။

"ဘာဖြစ်နေတာလဲ ဝေယံ"

လေသံမျှအနားကပ်ကာ မောင် မေးလိုက်တာပေမယ့် ဝေယံ့နားထဲ ပုံးသံ၊ အမြောက်သံတွေ ကြားရသည့်နှယ် စိတ်လန့်တုန်လှုပ်သွားပြီး အယောင်ယောင်အမှားမှားဖြင့် လက်တစ်ဖက် ကာလိုက်မိသည်။

ဝေယံ့အဖြစ်ကိုကြည့်ပြီး မောင် တဟားဟားနှင့် ရယ်လျက်။

"မင်းဟာက ဘာတွေတွေးနေလို့ အဲသလောက် လန့်သွားရတာလဲဟ"

မောင့်ရယ်သံကြောင့် မြယမုံတို့ပါ လှမ်းကြည့်မိကြသည်။

ဝေယံ မျက်နှာတွေနီမြန်းကာ ရှက်ကိုးရှက်ကန်းဖြင့် ဘာမှပြန်မဖြေနိုင်ဘဲ အခန်းပြင်သို့ ထွက်သွားလိုက်ရလေသည်။

ရှက်လိုက်တာ။

မြယမုံတို့အရှေ့မှာ ဖြစ်လိုက်သည့်အတွက် ပိုပြီးရှက်မိပါ၏။





အကျိုးအကြောင်း ဘာမှမသိကြပေမယ့် သို့လော သို့လောတွေ တွေးနေတော့မှာပဲ။

အခန်းထဲသို့ ဘယ်လိုမျက်နှာနှင့် ပြန်ဝင်ရမှန်းမသိတာကြောင့် အဝေးပြေးကားဂိတ်သို့ ဝေယံ ထွက်ခဲ့လိုက်ပါတော့သည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'တူ တူ တူ တူ'

"ဟလို ... မြတ်နိုးမောင်ပါ"

အိပ်ချင်မူးတူးဖြင့် ဖုန်းကိုလှမ်းယူကာ နားထောင်ရင်းမောင် အသံပြုလိုက်သည်။

"အံမယ် ...ငါ့သားက တယ်ယဉ်ကျေးနေပါလား၊ ဖေဖေပါ သားရဲ့"

"ဟာ ဖေဖေ ... ပြော ဖေဖေ၊ သားနားထောင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ၏အသံမှန်း သိလိုက်တာနှင့် ငေါက်ခနဲ ထထိုင်ကာ ...

"အဟင်း ... မင်းအမေက ဘယ်လောက်တောင် အလုပ်ရှုပ်နေလို့ ဖုန်းမဆက်ရတာလဲတဲ့၊ ရွှေစိတ်တော် ကောက် နေတယ်လေ၊ မင်းကလည်း မင်းပဲ၊ သွားတုန်းကတော့ မကြာ ခင် ပြန်လာပါ့မယ်ပြောပြီး အခုကျတော့ ဘွားအေရှေ့လည်း ရောက်ရော တစ်မျိုးဖြစ်သွားပြန်ရော၊ တကယ်ပဲ ဒီကိုပြန်မလာ တော့ဘူးလား၊ တစ်ခါပဲ ဖုန်းပြောပြီး နေနိုင်လိုက်တာ၊ မနေနိုင် တဲ့မိဘတွေက စဆက်ရတယ်၊ ပြောပါဦး ... အမေက မင်းကို ဘယ်လို သိမ်းသွင်းလိုက်တာလဲလို့"

အပြစ်တင်သံမဟုတ်သော်လည်း မချိတင်ကဲအသံကြီး နှင့်ပြောနေသော ဖခင်အား မောင် ဘယ်လိုနှစ်သိမ့်ရမှန်း မသိ တော့။

တကယ့်လက်တွေ့မှာ မောင် မိဘများထံ မပြန်ရခြင်း အကြောင်းရင်းက ဘွားကြောင့်မဟုတ်။ တစ်ယောက်သောသူ ကြောင့်သာဖြစ်သည် မဟုတ်ပါလား။ ဘွားပယောဂ လုံးဝမပါ တာကို ဘယ်လိုရှင်းပြရပါ့မလဲ။





"ဟော့ကောင် ... ဘာလို့တိတ်နေရတာလဲ၊ ပြောစရာ စကား မရှိတာလား"

"မဟုတ်ပါဘူး ဖေဖေ၊ ဖေဖေတို့ကို ဘယ်လိုစကားနဲ့ နှစ်သိမ့်ရမှန်းမသိဘူး ဖြစ်နေလို့ပါ၊ ဟိုမှာတုန်းက ဖေဖေတို့ကို ကတိပေးခဲ့ပေမယ့် ဒီရောက်တော့ လုပ်ငန်းနှစ်ခုကို သူစိမ်းတွေ နဲ့ ဘွားရပ်တည်နေရတာ မကြည့်ရက်လို့ပါ ဖေဖေ၊ ဘွားက တော့ ပြောပါတယ် ... ပြန်မယ်ဆိုလည်း ပြန်ပါတဲ့၊ နေသားကျ နေတဲ့ သူ့ဘဝအတွက် ခင်ရာဆွေမျိုးပါပဲတဲ့လေ"

ဒေါသသံစွက်လာတဲ့ ဖခင်၏အသံကြောင့် ပျာပျာသလဲ မောင် ဖြေရှင်းရလေသည်။

ဖခင်ဘက်မှ ခေတ္တ တိတ်ဆိတ်သွားပြီး ...

"အဲဒါနဲ့ မင်း စိတ်လည်သွားတယ်ပေါ့၊ မင်းအမေကို ရော ထည့်တွက်ရဲ့လား"

ထိုမေးခွန်းက ထိရောက်လွန်း၍ မောင် အဖြေရှာမရ။ ဒါပေမဲ့ တစ်ထိုင်တည်း မြန်မြန်ဆန်ဆန် ဆုံးဖြတ်ကာ ပြောသင့် တာကို ပြောလိုက်ရပါ၏။

"ထည့်တွက်ပါတယ် ဖေဖေ၊ မေမေတို့ ဖေဖေတို့က



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်အားဖြင့် ငယ်ကြသေးတယ်မဟုတ်လား၊ နောက်ပြီး သားမရှိလည်း စီးပွားရေးလုပ်ငန်းတွေကို ကိုယ်တိုင်ဖြေရှင်းနိုင်ကြတယ်လေ၊ ဘွားမှာက သူစိမ်းတွေအလယ်မှာ တစ်ယောက်တည်း၊ အသက်ကလည်း ကြီးလှပြီ၊ ဝေယံတို့သားအဖကတော့ ဘွားအပေါ်မှာ ကောင်းကြပါတယ်၊ ဒါပေမဲ့ ဖေဖေစဉ်းစားကြည့်လေ … မေမေတို့ ဖေဖေတို့တောင် သားကို အမြဲမျှော်လင့်နေသေးရင် ဘွားဆို ဖေဖေ့ကို ဘယ်လောက်မျှော်လင့်ထားမလဲ … တွေးကြည့်ပါ ဖေဖေ၊ အဲဒါကြောင့် ဘွားနားမှာ နေခွင့်ပေးပါလို့ သားတောင်းဆိုပါရစေ''

မောင့်စကားက ဘယ်လောက်တာသွားသလဲ မပြောတတ် … ဦးမြတ်စိုးထံမှ ဘာသံမျှ ထွက်မလာတော့။

ခဏကြာမှ …

''အေးလေ … မင်းအကြောင်းပြချက်က ဒါ အမှန်ဆိုရင် မင်းဆန္ဒအတိုင်းပေါ့၊ အေး … မင်းပြောလို့ ငါကလည်း ပြောပါရစေ၊ မေမေက ငါ့ထက် ဘသာကို အားကိုးလို့ လုပ်ငန်းတွေအပ်ခဲ့တဲ့အကြောင်း မင်းမသိသေးတာမို့ ငါရှင်းပြချင်ပါရဲ့၊ သားအရင်းထက် သူစိမ်းကို ပိုခင်တွယ်တဲ့ ငါ့အမေ မင်းအဘွား





သူစိမ်းတွေနဲ့ပဲ ပျော်နိုင်ပါစေကွာ … ဒါပဲ၊ တစ်ခုတော့ပြောမယ် … ဆန္ဒ ရှိတဲ့တစ်နေ့ မင်းပြန်လာချင်ရင် အချိန်မရွေးပဲနော်''

မောင့်ထံမှ တုံ့ပြန်သံကိုပင် နားမထောင်တော့ ဖုန်းချသွားလေပြီ။

ဖုန်းခလုတ်ကို ပိတ်ကာ မောင် တွေတွေလေးငေးနေမိသည်။ ဖခင်၏ရင်ထဲက အစိုင်အခဲကို အခုမှသိလိုက်ရသည်။

ဦးလေးဘသာအပေါ် ဖေဖေ အမြင်စောင်းနေတာပင်။ ဘွားအပေါ် သားအရင်းတမျှ ကောင်းနိုင်သူပါ။ ဒါလည်း မောင့်အမြင်ကိုး။ အတိတ်က ဘယ်လိုအကြောင်းတရားတွေရှိခဲ့သလဲ ဆိုတာ မောင်မှ မသိရသေးဘဲ။

သူတို့ဘာသာ ဘာအကြောင်းပဲ ရှိခဲ့ ရှိခဲ့၊ မောင်ကတော့ ပစ္စုပ္ပန်တည့်တည့်မှာ လျှောက်လှမ်းဖို့ပဲ စိတ်ကူးရှိပါသည်။

သက်ပြင်းချရှင်း အတွေးကိုဖြတ်ကာ ခုတင်ပေါ်က ဆင်းလိုက်လေသည်။

''မောင် … စောစောစီးစီး ဘယ်ကဖုန်းလဲကွ၊ ဘာလဲ … ကယောင်ကတမ်းနဲ့ ဖုန်းထဆက်နေတာလား၊ မင်းကို ငါ ရပ်ကြည့်နေတာ ကြာလှပြီ၊ ငေးငိုင်နေတာပဲ၊ ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



မေးလည်းမေး အနားကိုလျှောက်လာတဲ့ ဝေယံအား မောင် မပွင့်တပွင့်ပြုံးလျက် . . .

"ဖေဖေပါကွာ၊ ပြန်မလာလို့ ပြောနေတာ"

ခတ်သိတွေမှို့ ဝေယံပါ ပြုံးလျက် . . .

"မင်းကို ကောနေတယ်ပေါ့"

"ကောတယ်လို့တော့ မဟုတ်ပါဘူးကွာ၊ ငါက ပြန်ခဲ့မယ်ပြောခဲ့တော့ အကျိုးအကြောင်း မေးတာပါ၊ ဖုန်းတောင် မဆက်လို့တဲ့"

မယုတ်မလွန် ပြန်ဖြေရင်း မောင့်အကြည့်တွေက ဝေယံ့ထံ စူးစိုက်မိသွားရပြီး . . .

"အဲဒါ ထားစမ်းပါဦး၊ မင်း မနေ့က ဘာဖြစ်တာလဲ၊ မေးမလို့ ငါစောင့်နေတာ၊ ဘယ်အချိန်မှ မင်းပြန်လာလဲ၊ ငါ အိပ်ရာထဲဝင်တဲ့ထိ မင်းမရောက်သေးဘူး"

လက်ထဲက ဖုန်းကို ခုတင်ပေါ်ပစ်တင်လျက် ဝေယံ့လက်ကို အမိအရဆွဲထားကာ မောင် မရမက မေးလေတော့သည်။

နှုတ်ခမ်းလေးကွေးညွတ်ရုံ ဝေယံ ပြုံးရင်း . . .





"အဟင်း . . . ဘာမှ မဖြစ်ပါဘူးကွာ၊ ငါ့စိတ်ကူးနဲ့ငါ အလုပ်ထဲနစ်ထားတဲ့ဟာ၊ မင်းက အနားကနေ ကပ်အော်တော့ လန့်သွားတာပေါ့"

"အဲဒီဆင်ခြေက အဖြစ်မှန်ကို ဖုံးကွယ်ထားတယ်လို့ ငါထင်တယ်၊ ဘယ်တုန်းကမှ မင်း သတိလက်လွတ် မနေခဲ့ဖူးတာ ငါအသိပါ ဝေယံ၊ နောက်ပြီး သက်ပြင်းတွေ ခဏ ခဏ ချတာလည်း ငါသတိထားမိတယ်၊ ပြောစမ်းပါ . . . မင်းမှာ ဘာအခက်အခဲတွေ ရှိနေလို့လဲ"

ဝေယံ ဘယ်လိုပဲဖြေဖြေ မောင်မယုံ၊ အတွင်းသိအဆင်းသိတွေပဲဟာ။ ဒီကောင် ဘာအလုပ်ပဲလုပ်လုပ် စေ့စပ်သေချာပြီး အလုပ်တစ်ခုကို ဝန်ထုပ်ဝန်ပိုးလို သဘောမထား၊ ဘာမဆို အေးချမ်းစွာ ဖြေရှင်းတတ်သူမှန်း သိထားသည်ပဲ။

အခုဟာက သက်ပြင်းတွေ တချချနဲ့ မျက်နှာလည်း အရင်လိုမရွှင်ပျတာ သတိထားမိနေသည်။

မေးမယ် မေးမယ်နဲ့ မမေးဖြစ်။ အခုတော့ မနေ့က တိုက်ဆိုင်စွာ ဖြစ်ပျက်သွားတဲ့အဖြစ်အပျက်ကြောင်း မေးဖြစ်သွားတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေကွာ"

လက်ကို ဆောင့်ဆွဲလိုက်ပြီး မောင် ထပ်မေးသော်လည်း ဝေယံ အပြုံးမပျက် တဟဲဟဲလုပ်၍ ...

"မင်းဟာက ငါ့ကို တရားခံစစ်သလို စစ်နေတာလား၊ အမှန်အတိုင်းပြောတာမှ မယုံလည်း မတတ်နိုင်ဘူး၊ အခု ငါ လာပြောတာက အဖေ နေမကောင်းလို့ ငါ ကားဂိတ်မှာ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် သွားနေပေးရမယ်တဲ့ ...ဒါ လာပြောတာ"

"ဟင် ...ဦးလေးက တော်တော်ဖြစ်နေလို့လား"

ဒီလိုဆိုတော့ မောင် စိုးရိမ်သွားပြန်သည်။

"သိပ်ဖြစ်တာတော့ မဟုတ်ဘူးပေါ့ကွာ၊ လူကြီးဆိုတော့ ပင်ပန်းတဲ့ဒဏ် သိပ်မခံနိုင်တော့တဲ့သဘောပေါ့၊ အဲဒါကြောင့် မင်းကို ငါပြောချင်တာ၊ ၃–လ္ဘာက လျှပ်စစ်ပစ္စည်းရောင်းတဲ့ ဌာနကို တို့မြေညီထပ်မှာပဲ ပေါင်းလိုက်ပါလားလို့၊ အဲဒါဆို တို့တွေ တစ်ပေါင်းတစ်စီးတည်း အချိန်ကုန်သက်သာလာမှာ"

ဝေယံအကြံပေးချက်ကို စဉ်းစားသလိုလုပ်ရင်း ...

"အေးပါကွာ ...ငါစဉ်းစားပါ့မယ်၊ အခု ဦးလေးကို





ဆေးခန်းမပြဘူးလား၊ ဘွားကရော ဘာပြောလဲ"

"ဘွားက ဘာပြောမှာလဲ၊ ကျန်းမာရေးအတွက် အနားယူဖို့တောင် ပြင်ဦးလွင်ကအိမ်ကို လွှတ်နေသေးတယ်၊ အဲဒါကြောင့် ကားဂိတ်မှာ ငါသွားနေပေးရမယ်၊ အဲဒါ မင်းသိအောင် လာပြောတာ"

"ညရော ဟိုမှာအိပ်မှာလား"

"အေးပေါ့"

"တခြားကိစ္စကြောင့်တော့ မဟုတ်ပါဘူးနော်"

"သေကွာ၊ ငါ့လက်ကိုလွှတ်တော့၊ ဘာကောင်မှန်း မသိဘူး ...အူကြောင်ကြောင်နဲ့"

မယုံသလို ထပ်မေးလာသော မောင့်လက်ထဲက သူ့လက်ကို ဆောင့်ရုန်းပြီး ပျစ်ပျစ်နှစ်နှစ်ပြော၍ ဝေယံထွက်သွားလေတော့သည်။

မယုံတစ်ဝက် ယုံတစ်ဝက်နှင့် အခန်းထဲမှာ ငေါင်တောင်တောင်ကျန်ခဲ့သော မောင့်မှာ အခုတစ်လော မူပျက်နေသော ဝေယံကို မသင်္ကာချင်။

အခုရော ရိုးရဲ့လား ဆိုတဲ့အတွေးက မောင့်ဦးနှောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က မထွက်။ ဘာမှန်းလည်း မရေရာ။

သို့သော်လည်း ဆက်တွေးချိန်မရ။ ဆိုင်ကိုသွားဖို့ ပြင်ရတော့သည်။

ဝေယံမရှိလျှင် အကုန်လုံး ကိုယ့်တာဝန်ချည်း ဖြစ်တော့မည်။ ဒါကို တွက်ကတ်နေလို့ မဖြစ်။ ကိုယ်မရှိတုန်းကလည်း ဝေယံတစ်ယောက်တည်း လုပ်ခဲ့တာပင်။

ရုံးခန်းထဲကို လှမ်းဝင်လိုက်တာနှင့် ယမုံမျက်လုံးများ တစ်နေရာသို့ အကြည့်ရောက်ရသည်။ တွေ့နေကျနေရာမှ အမြဲအရင်ရောက်နှင့်နေသူကို မတွေ့ရ၍ ရင်ထဲ ဟာတာတာကြီး ဖြစ်သွားရဖို၏။

ဣန္ဒြေလေးနဲ့ ကိုယ့်ထိုင်ခုံဆီ လျှောက်လာပေမယ့် သူဘာလို့ နောက်ကျတာလိမ့် ဆိုတဲ့အတွေးက ရင်ထဲမှာ ခိုတွယ်နေသည်။

ဒီနေ့မှ ရွှေရည်ကလည်း နေမကောင်း၍ သူမ တစ်ယောက်တည်း လာခဲ့ရသည်။

ဘယ်သူ့မှမရောက်သေးတော့လည်း လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့လို့ စိတ်သက်သာအောင် တွေးလိုက်မိ





သည်။ နို့မို့ဆို သူတို့ရှိနေတော့ နေရတာ စိတ်ကျဉ်းကျပ်ပါဘိ။

ထိုသို့တွေးပြီး ထမင်းဘူးနှင့် ရေဘူးများထည့်ထားသော ဆွဲခြင်းကို စားပွဲပေါ်တင်လိုက်ပြီး ခုံနောက်မှီကိုမှီကာ သက်သောင့်သက်သာ ထိုင်နေလိုက်သည်။

ကားတိုးစီးလာခဲ့ရတာ စိတ်ပင်ပန်းလာတာမို့ မျက်လုံးလေးကိုပါ မှိတ်ထားမိ၏။

ထိုစဉ် မှန်တံခါးတွန်းဖွင့်သံကြား၍ ဖျတ်ခနဲ မျက်လုံးဖွင့်လျှင် ခန္ဓာကိုယ်ကို မတ်ခနဲ ပြင်ထိုင်လိုက်သည်။

မရဲတရဲနှင့် ဝင်လာသူကို ကြည့်လိုက်တော့ ထင်ထားသလို ဝေယံမဟုတ်ဘဲ မြတ်နိုးမောင် ဖြစ်နေခြင်းကြောင့် ...

''မင်းတစ်ယောက်တည်းလား''

''ဟုတ်ကဲ့ ... ရွှေရည်နေမကောင်းလို့ နေခဲ့ပါတယ်''

လက်ထဲကအိတ်ကို စားပွဲပေါ်တင်ရင်း နေကာမျက်မှန်ကိုချွတ်ကာ ခပ်အေးအေးပင် မောင်မေးလိုက်သလို မြယမုံကလည်း လေသံမှန်မှန်ဖြင့် ပြန်ဖြေလိုက်လေသည်။

''အင်း ... တိုက်ဆိုင်လိုက်တာ၊ ဝေယံလည်း ဒီနေ့ အလုပ်မဆင်းဘူး၊ ဩော် ... ရော့ကွာ၊ ဒါလေးကို မင်းလေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး၊ ကိုယ့်လုပ်ငန်းသစ်အတွက် ဒီဇိုင်းသစ်ရှာချင်လို့၊ မင်းရဲ့အတတ်ပညာနဲ့ ပေါင်းပြီး တို့တွေ လက်တွဲလုပ်ကြတာပေါ့''

ညည်းပြောပြောလေး ပြောရာကနေ သတိရသွားဟန်ဖြင့် အိတ်ထဲမှ ကတ်တလောက်စာအုပ်တစ်အုပ်ကို လှမ်းပေးနေတာကြောင့် မြယမုံ မောင့်အနားသို့လျှောက်သွားကာ ယူကြည့်လိုက်သည်။

လှေ့လာကြည့်ပါဦးလို့ ပြောထားတဲ့အတွက် နေရာကို ပြန်လာပြီး စိတ်ဝင်စားစွာ တစ်ရွက်ချင်း ကြည့်နေမိသည်။

ယောက်ျားဝတ်၊ မိန်းမဝတ်အင်္ကျီပုံဆန်းများနှင့် ဒီဇိုင်းမျိုးစုံလှသော အင်္ကျီများမှ တံဆိပ်ဆန်းဆန်းများကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်ရလေသည်။

ဘာအတွက်ဆိုတာ ကျိန်းသေမသိရသေးပေမယ့် အဓိပ္ပာယ်ကိုတော့ မြယမုံ ရေးရေးမြင်လာသည်။

ဒါကြောင့် မောင့်အနားကို ထလျှောက်သွားပြီး . . .

''လူကြီးမင်း . . . အင်္ကျီအတွက် တံဆိပ်အသစ်ထွင်ချင်လို့ ပါလားရှင်''





လက်ထဲက ကတ်တလောက်ကို စားပွဲပေါ်တင်လိုက်ရင်း မြယမုံမေးလိုက်တော့ စာငုံ့ရေးနေသော မောင့်ခေါင်းကြီး ဆတ်ခနဲ မော့လာကာ မျက်နှာကြီး ရှုံ့မဲ့လျက် . . .

''အာ . . . မင်းကွာ၊ မင်းခေါ်ပုံနဲ့ ငါ့ဆံပင်တွေတောင် ဖြူကုန်ပြီလား မသိဘူး၊ နာမည်မခေါ်ချင်လည်း တခြားအခေါ်အဝေါ်တွေ ရှိပါတယ်၊ ဘယ်လိုဖြစ်ပြီး အဲဒီအခေါ်အဝေါ်ကြီး မင်းပါးစပ်ထဲ ရောက်သွားရတာတုံး''

ထိုသို့ပြောလိုက်တော့ ရှုံ့မဲ့နေတဲ့ မောင့်မျက်နှာကို ကြည့်ပြီး မြယမုံ ပြုံးတုံ့တုံ့ဖြစ်သွားရသည်။

အမြဲတမ်း မျက်နှာကို ခပ်တင်းတင်းလုပ်ထားတတ်တဲ့ ပုံစံက အခုတော့ အရေခွံခွာချလိုက်သလား မှတ်ရလောက်အောင် ပြောင်းလဲသွားရပါ၏။

သူ့ပုံစံကြောင့် မြယမုံ ပါးစပ်လေးကို လက်ဝါးနဲ့ပိတ်ကာ တောင့်တောင့်လေး ရပ်နေမိတော့သည်။

သူမကို မောင် မျက်လုံးစွေကြည့်လျက် လက်ထဲက ဘောလ်ပင်ကို ပစ်ချလိုက်ပြီး . . .

''ထိုင်ကွာ၊ မင်းထင်တာ မှန်ပါတယ်၊ အဲဒီမှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတဲ့ တံဆိပ်တွေနဲ့ လုံးဝကွဲပြား အမြင်ဆန်းပြီး တံဆိပ်နာမည်ကအစ လူတကာနှုတ်ဖျားမှာ ပြောစမှတ်တွင်ရလောက်အောင် ဖြစ်ရမယ့်နာမည်မျိုးလေး မင်းစဉ်းစားပေးပါ၊ ကိုယ်အခု ယောက်ျားရှပ်တွေထုတ်တဲ့ စက်ရုံတစ်ခုနဲ့ ဆက်သွယ်ထားတယ်၊ နိုင်ငံခြားက မဟုတ်ဘူး ... မြန်မာနိုင်ငံကပဲ၊ ခုနက မင်းကြည့်လိုက်တဲ့ ကတ်တလောက်က နိုင်ငံခြားကလာတာ၊ အေး ... ကိုယ်ပြောချင်တာက ကိုယ့်မြန်မာနိုင်ငံကထွက်တဲ့ ပစ္စည်းတွေလည်း နိုင်ငံတကာစံချိန်မီအရည်အသွေးထက် မနိမ့်ကြောင်း ပြချင်တာပဲ''

သူ ဆွဲထုတ်ပေးသောခုံမှာ မြယမုံထိုင်လိုက်ရင်း သူ ရှင်းပြသမျှကို မျက်တောင်မခတ် စိုက်ကြည့်လျက် နားထောင်နေမိ၏။

ဒီလိုလူမှာလည်း ကိုယ့်အမျိုးကို ချစ်တဲ့စိတ်ရှိသားပါလားလို့ တွေးကာ ချီးကျူးနေမိသည်။

သူကလည်း မြယမုံကို စိုက်ကြည့်ကာ တပြုံးပြုံးဖြင့် ပြောနေခြင်းပင်။

အခုလိုဆိုတော့လည်း မြယမုံ ရှက်ကိုးရှက်ကန်း ဖြစ်မ





နေ။ လုပ်ဖော်ကိုင်ဖက်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အမြင်ချင်း အသိချင်း ဖလှယ်နေသည့်အတိုင်း။

''မြန်မာလူမျိုးတွေ ကိုယ့်နိုင်ငံကထွက်တဲ့ပစ္စည်းတွေကို တန်ဖိုးထားစေချင်တဲ့စေတနာနဲ့ ကိုယ် ရည်ရွယ်ခဲ့တာပဲ၊ မင်းဘက်က အစွမ်းကုန်ကြိုးစားပေးပါ၊ ဘယ့်နှယ်လဲ ... ဖြစ်ပါ့မလား''

အမိန့်စကား မဟုတ်ဘဲ အကူအညီတောင်းသလို ပြောလာသော စကားအတွက် မြပ ်မုံ သာသာလေးပြုံး၍ ခေါင်းညိတ်ပြရင်း ...

''ဟုတ်ကဲ့ ... ယမုံ တတ်နိုင်သလောက် ကြိုးစားကြည့်ပါ့မယ်၊ ဟို ...''

မြယမုံ အခေါ်အဝေါ်အတွက် စကားဆက်ရန် ခက်နေပြီး မောင့်မျက်နှာကို အားနာစွာကြည့်လိုက်မိသည်။

မောင် သဘောတကျ ပြုံး၍ ...

''ခေါ်ပါ ကြိုက်သလိုခေါ်ပါ၊ ဟို ... ခုနက လူကြီးမင်းတော့ မဟုတ်ဘူးနော်၊ ကိုယ့်အသက် အခုမှ နှစ်ဆယ့်ငါးတည်း ဝင်ရုံရှိသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ချော်ချော် သူ့စကားကြောင့် မြယမုံ ပြုံးမိပြန်သည်။ နောက်မှ . . .

"ဦး ဦးမောင်လို့ခေါ်ရင် ရမလားဟင်၊ ယမုံ့အသက်နှစ်ဆယ်ဆိုတော့ အဲသလိုခေါ်ရင် ဖြစ်တယ်မဟုတ်လား"

တုံ့ဆိုင်းဆိုင်းလေးပြောပြီး မရဲတရဲလေး မေးလာတာကို အောင့်သက်သက်နှင့် မောင်ပြုံးနေရပြီး . . .

"အင်း . . . ရပါတယ်၊ အေးကွာ . . . ကိုယ့်မိဘတွေကလည်း ပေးလိုက်တာ ကောင်မလေးတွေ မခေါ်ရဲလောက်အောင်ကို နာမည်က စီးပိုးတယ်၊ ဒါတောင် မင်းတို့ရှေ့မှာ ကိုယ့်နာမည်ကိုယ် ထည့်မပြောရဲဘူး၊ အနေခက်မှာစိုးလို့၊ ကိုယ်ကတော့ မင်းနာမည်ကို ယမုံလို့ခေါ်မယ် . . . ရလား"

"ဟုတ်ကဲ့ . . . ရပါတယ်၊ ယမုံ့ကို အများက ယမုံလို့ပဲ ခေါ်ကြတာပဲ"

"ဟုတ်ပြီ၊ ဒါဆို တို့နှစ်ယောက် လုပ်ငန်းအသစ်စမယ့် အထိမ်းအမှတ်ရယ်, နာမည်ပေးကင်ပွန်းတပ်ရယ်အတွက် အပြင်မှာ တစ်ခုခုသွားစားရအောင်၊ ကိုယ်လိုက်ကျွေးမယ် . . . သွားစို့"

သူ့အတွက်ကြီးပဲ မကြည့်ဘဲ တစ်ပါးသူအတွက်ပါ ညှာ





တာစွာ ထည့်တွက်ပေးတတ်သော စိတ်ထားလေးကို ယမုံလေးစားစွာဖြင့် သူ့ရဲ့ဖိတ်ခေါ်မှုကို မငြင်းရက်ဘဲ လိုက်သွားရန် ပြင်လိုက်မိသည်။

သို့သော် စိတ်ထဲမှာ တစ်စုံတစ်ယောက်ကို သတိရသွားမိတော့သည်။

ရုံးခန်းထဲကနေ နှစ်ယောက်သားထွက်လာတော့ သူတို့နှစ်ယောက်ကိုကြည့်ပြီး တီးတိုး တီးတိုး သဖန်းထိုးရင်း ကျန်နေခဲ့ကြသော ပါးစပ်ပေါက်များကို ကျောခိုင်းလျက် ကားပါကင်သို့ ရောက်လာခဲ့ကြသည်။

နောက်ခန်းတံခါးကို ဖွင့်ပြီး ဝင်မယ်အလုပ် . . .

"ရှေ့မှာလာထိုင်လေ၊ လာပါ . . . ဘာရှက်စရာရှိလဲ၊ ရှက်လည်းမရှက်နဲ့၊ အားလည်းမနာနဲ့ . . . လာ"

မောင့်ရဲ့ခေါ်သံကြောင့် မြယမုံ ဆိုင်ဘက်ဆီ ယောင်တောင်တောင်နှင့် လှည့်ကြည့်မိပြီး အားတုံ့အားနာနှင့် မောင့်ကို ပြန်ကြည့်မိလိုက်သည်။

ပေါ့ပေါ့ပါးပါးပင် မောင်ကပြောပြီး တံခါးပါ အရန်သင့် ဖွင့်ပေးနေတော့ မြယမုံ ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကလေးက ဝေါခနဲ မောင်းထွက်လျက် မြန်မာထမင်းဟင်းများသာ သီးသန့်ရောင်းသော 'စားကြမယ်ဟေ့ ကောင်းကောင်း' ထမင်းဆိုင်သို့ ဦးတည်လိုက်လေသည်။

ဆိုင်ထဲကို ရောက်တယ်ဆို ထမင်းဟင်းများအား သူ့ဘာသာ စိတ်တိုင်းကျမှာပြီး ...

"ကဲ ... စား ... အားမနာနဲ့၊ ဟိုတစ်ယောက် အလုပ်ပြန်ဆင်းရင် သူ့ပါ ဒီမှာခေါ်ပြီး လာကျွေးဦးမယ်၊ ဒီဆိုင်က အိမ်ဟင်းအိမ်ထမင်းလိုပဲ စားကောင်းတယ်"

အမယ်စုံလှသော ဟင်းများကို တစ်ခုချင်း ခပ်ထည့်လျက် ပြောလည်းပြော သူကိုယ်တိုင်လည်း အားရပါးရ စားနေလေတော့သည်။

မြယမုံ ဟင်းနှင့်ထမင်းကို တို့ကနန်းဆိတ်ကနန်းစားရင်း အားပါးတရစားနေသော သူ့ကိုကြည့်ကာ အံ့သြနေရသည်။

နိုင်ငံခြားမှာ အနေများပေမယ့် မြန်မာဟင်းထမင်းကိုတော့ နှစ်သက်သားပါလားလို့ တွေးနေဖြစ်သည်။

ခေါင်းပုံစံကို ကြည့်ဦးမလား။ တခြားယောကျ်ားလေးတွေလို ဟဲလ်စတိုင်လ်ကို အဆန်းမထွင်။ နဂိုသူ့ဆံပင် လှိုင်းတွန့်များကို တိုကပ်ကပ်လေး ညှပ်ထားပြီး သူ့မျက်နှာနှင့် လိုက်ဖက်အောင် ပုံအနည်းငယ်သာသွင်းထားလေသည်။





မောင့်ကိုကြည့်ပြီး ဝေဖန်ရင်း တစ်ယောက်သောသူကို မျက်စိထဲ မြင်ယောင်လာပြန်သည်။

သူလည်း မောင့်နှယ် တောင့်တင်းသန်မာသော သူ့ခန္ဓာကိုယ်နဲ့ လိုက်ဖက်စွာ ကြည့်ကောင်းအောင်ဝတ်ဆင်ထားပြီး ခေါင်းကို သေသပ်စွာ ဖြီးသင်ထားတတ်သော်လည်း ဆေးဆိုးခြင်း၊ ပုံသွင်းခြင်း လုံးဝမပြု။ သို့သော်လည်း ယောကျ်ားပီသစွာ ခံ့ညားလွန်းနေသည်။

မျက်လုံး၊ မျက်ခုံး၊ နှာတံကအစ ပုံဖော်ထားသလား ထင်ရလောက်အောင် ယောကျ်ားပီသလွန်းသည်။ အဓိကက မျက်လုံးပါပဲ။ ဒီမျက်လုံးရဲ့ အကြည့်တစ်ချက်မှာတောင် မြယမုံ ရင်ခုန်ခဲ့ရတာ။ အမြဲတမ်းသာ အကြည့်ချင်းဆုံရလျှင် မလွယ်။

ဟင်း ... အခု သူ ဘာလို့ အလုပ်ကိုမလာတာပါလိမ့်။

"ဟင် ယမုံ ... စားလေ၊ ဘာလဲ ... ဘာဖြစ်လို့လဲ"

မောင့်ကိုကြည့်ပြီး ဝေဖန်နေရာက ဝေယံ့အကြောင်းပါ စဉ်းစားမိတော့ မြယမုံ သက်ပြင်းရှိုက်လိုက်မိသည်။ ဒီအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမဖော်တမ်း ထမင်းငုံ့စားနေတဲ့ မြတ်နိုးမောင် ခေါင်းမော့ အလာ ဆွေးဆွေးမြည့်မြည့်လေးငေးနေတဲ့ မျက်လုံးနဲ့ တန်းအဆုံ လက်ထဲက ခက်ရင်းနဲ့ဇွန်းကို ခဏချ၍ မောင် မေးလိုက်မိသည်။

မြယမုံ အိုးတိုးအမ်းတမ်း ဖြစ်သွားရကာ ...

"အာ ... ဘာမှမဖြစ်ဘူး၊ ယမုံ ဦးမောင်ကိုကြည့်ပြီး ချီးကျူးနေတာပါ၊ နိုင်ငံခြားမှာ အနေကြာပြီး မြန်မာထမင်းဟင်းကို ကြိုက်နှစ်သက်တာတွေ, မြန်မာပြည်ကို ချစ်မြတ်နိုးတဲ့စိတ် ရှိတာတွေကို စဉ်းစားမိလို့ပါ"

ပျာပျာသလဲဖြင့် အမှန်တစ်ဝက် အမှားတစ်ဝက် ရောကာ မြယမုံ ဖြေလိုက်ရသည်။

"ဩော် ... ဒါလား၊ ဒါက ရှင်းရှင်းလေးပါ ... ကိုယ်က မြန်မာပြည်မှာမွေးပြီး မြန်မာပြည်မှာ ကြီးပြင်းလာတဲ့ မြန်မာလူမျိုးလေ၊ နောက်ပြီး မိဘတွေကလည်း မြန်မာလူမျိုးတွေပဲ၊ ဟိုကို ကိုယ့်မိဘတွေ ဘာအကြောင်းကြောင့် ရောက်သွားရသလဲ ဆိုတာ သေသေချာချာ မသိရပေမယ့် ကိုယ့်မိဘတွေလည်း မြန်မာပြည်ကို အရမ်းချစ်ကြပါတယ်၊ မလွှဲသာလို့ ဟိုမှာနေကြရပေမယ့် မြန်မာထမင်း, မြန်မာဟင်းသာ အဓိကထားစားကြတာ





ပါ၊ မိသားစုစုံတဲ့အခါ မြန်မာစကားပဲ ပြောတယ်"

"ဩော်"

သူတို့မိသားစုလေးကို မြယမုံ အထင်ကြီးလေးစားပြီးရင်းလေးစားနေမိတော့သည်။

ပြောပြီးသည်နှင့် ထမင်းငုံ့စားနေသော မောင့်ကို ဒီတစ်ခါတော့ မြယမုံ ငေးမကြည့်ဖြစ်တော့ပေ။ ထမင်းကိုသာ ခပ်သုတ်သုတ် စားနေလိုက်တော့သည်။

မောင့်မှာ ထမင်းသာငုံ့စားနေရတယ် ရင်ထဲမှာ အပျော်တွေ လွှန်နေရသည်။

သူကလေး ရှက်နေမှာစိုးလို့ မသိဟန်ဆောင်ပေးထားခါမှ သူကလေးက ကိုယ့်ကိုကြည့်ပြီး ဝေဖန်နေသတဲ့။ ကံကြမ္မာက ဖန်တီးပေးလိုက်တဲ့ အခွင့်အရေးလေးကို အမိအရ အသုံးပြုမိတဲ့ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတွေတင်နေမိသည်။

မထင်မှတ်ဘဲ အချိန်တိုတွင်းမှာ ရင်းနှီးခဲ့ရပြီ မဟုတ်လား။ ဒါကို ဝေယံသိလျှင် ဘယ်လောက်အံ့ဩရှာမလဲ၊ ကြွားချင်ပါတယ်ဆိုမှ ဒီကောင်က အိမ်ကို တော်တော်နဲ့ ပြန်လာပုံမပေါ်။ ညကျမှ ဖုန်းနဲ့ လှမ်းကြွားရမယ် ... အဟွန်း။



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ... အား ပူး ... ဖရူး ရူး"

မောင် အတွေးထဲမှာ ရယ်လိုက်ရာ အပြင်မှာလည်း တကယ်ရယ်မိသွားပြီး ပါးစပ်ထဲက ထမင်းတွေ အပြင်ထွက်ကုန်တော့သည်။

"ဟင် ဦးမောင် ... ထမင်းသီးသွားတာနဲ့တူတယ်၊ ရော့ ရော့ ... ရေသောက်လိုက်"

ရေပုလင်းထဲက ရေကို ဖန်ခွက်ထဲ မြယမုံ ခပ်မြန်မြန်ငှဲ့ပြီး မောင့်လက်ထဲကို အတင်းထည့်ပေးလိုက်လေသည်။

မောင်လည်း ထမင်းသီးတာမဟုတ်ပေမယ့် ထမင်းသီးဟန်ပြုကာ ရေယောင်လိုက်ရတော့သည်။

နားရွက်တွေပါ နီရဲလျက် ကိုယ့်လိပ်ပြာတော့ ကိုယ်မလုံပါ။ ဖန်ခွက်ထဲကရေကို ကုန်အောင်သောက်ပြီး ...

"အား ... ဘယ် ဘယ်လိုသီးသွားလဲ မသိပါဘူးကွာ"

ဟုဆိုပြီး ရှက်ရယ်ရယ်ကာ ထမင်းစားခြင်းကို အဆုံးသတ်လိုက်လေသည်။

အပြန်ခရီးတစ်လျှောက် အတွေးကိုယ်စီနှင့်မို့ စကားမဆိုဖြစ်ကြ။ မောင်က ကြည်နူးစွာ ရင်ခုန်နေရသလို မြယမုံရဲ့





ရင်ထဲမှာတော့ ဒီခရီးစဥ်မှာ တစ်ယောက်သောသူဖြစ်ခဲ့ပါက ဘယ်လောက်ကောင်းမလဲဟု တွေးနေမိသည်။

ပြီးနောက် ညနေ မြယမုံအိမ်အပြန်တွင် မောင်က ကားနဲ့လိုက်ပို့ပြန်၏။

မြယမုံ အတင်းငြင်းသည့်ကြားက လူနာသတင်းမေးဟုဆိုကာ မရမက လိုက်ပို့လေသည်။

လူနာသတင်းမေးဆိုတော့လည်း မြယမုံ လက်လျှော့လိုက်ရ၏။

အိမ်ကိုရောက်တော့ ရွှေရည် အံ့ဩစွာ ထွက်ကြိုရှာ၏။ ထိတ်ခနဲ ခုန်ရတဲ့ရင်ခုန်သံက ဘယ်လိုမှ ထိန်းမရ။

အနွေးထည်လေးနဲ့ မျက်နှာလေး ချောင်ကျနေတဲ့ ရွှေရည်ကို အားပေးစကားတွေပြောပြီး မောင်ပြန်သွားခဲ့လေသည်။

မောင်ပြန်သွားတော့ မြယမုံက ဒီနေ့အဖြစ်ကို ရွှေရည်အား ပြောပြမိသည်။ ရွှေရည့်မျက်နှာလေး သက်တမ်းတစ်ဝက်လောက် အိုစာသွားသည်ဟု မြယမုံထင်လိုက်မိကာ စကားစကိုဖြတ်လိုက်ရ၏။

ဤသို့ဖြင့် ထိုညမှာတော့ အိပ်စက်ခြင်းအစား တွေး



www.burmeseclassic.com

www.burmeseclassic.com



တောခြင်းများနဲ့သာ အချိန်ကုန်သွားကြသူ လေးယောက်အဖို့။

မြင်ဖူးနေကျ ကားလေးတစ်စင်း အိမ်ရှေ့မှာ လာရပ်လိုက်ကတည်းက ရင်မှာ နွေးခနဲဖြစ်သွားရသည့် ရွှေရည့်အဖြစ်က ဘာနဲ့မှနှိုင်းမရအောင် ကြည်နူးသွားရတဲ့အဖြစ်။

လူကိုယ်တိုင် အရှင်လတ်လတ်တွေ့လိုက်ရတော့ ရင်ခုန်နှုန်းတွေ မြန်ခဲ့ရသည်။ နေမကောင်းလို့ အလုပ်မဆင်းတာကို သတင်းလာမေးတယ် ထင်ခဲ့တာလေ။ ဒါပေမဲ့ ကြည်နူးမှုတွေကို ကြာရှည်ပိုင်ဆိုင်ခွင့်မရခဲ့။ ဘာကြောင့်လဲဆိုတော့ သူပြန်သွားပြီးမှ အဖြစ်မှန်ကို ပြောပြလိုက်တဲ့ ယမုံစကားတွေကြောင့်ပဲပေါ့။

ဒီတော့ လစ်ဟာသွားတဲ့ ရင်ထဲက ကြေကွဲမှုတွေကို ဘယ်သူမှမသိအောင် ဖုံးကွယ်ရင်း လူမသိသူမသိ ရရှိထားတဲ့ တန်ဖိုးအထားရဆုံး ဝေဒနာလေးကိုသာ ရင်မှာပိုက်ထွေးထားမိပါရဲ့။

အပြန်လမ်းတစ်လျှောက် ကြည်နူးမှုတွေ တစ်ပွေ့တစ်ပိုက်နှင့် ပျော်ရွှင်ခြင်းတွေပြည့်နှက်နေသော ရင်ခုန်သံကြောင့် ကားမောင်းရင်း အလိုလို မျက်နှာက အပြုံးတို့ဖြင့် ဖြစ်တည်နေရသည်။





ထိုကြည်နူးပျော်ရွှင်ခြင်းတွေ ပျောက်ဆုံးသွားမှာကို စိုးရိမ်စိတ်ဖြင့် တစ်ညလုံး မအိပ်ဘဲ ထိုအကြောင်းအရာများကိုသာ ထပ်တလဲလဲတွေးကာ ကျေနပ်နေမိသော မောင့်အဖြစ်က သူရူးတစ်ယောက်နှယ်ပါလားလို့ ကိုယ့်ဘာသာ တွေးဖြစ်နေ၏။

အိပ်မပျော်သည့်အဆုံး ခြံထဲဆင်းကာ လေကောင်းလေသန့် ရှူရင်း ရွှေရည်၏ခံစားချက် သူမအပေါ် လွန်ကဲစွာ ဂရုစိုက်နေသော မြတ်နိုးမောင်ဆိုသည့် ဒီနေ့ပဲ သူမနာမည်လေး ကင်ပွန်းတပ်ခဲ့သော ဦးမောင်၏အကြောင်းများနှင့် အဓိပ္ပာယ်ဖော်ရခက်သော မျက်လုံးများဖြင့် စိုက်ကြည့်တတ်ပြီး အနေအထိုင် သိုသိပ်လွန်းသော ဝေယံ၏အကြောင်းများက ယမုံအတွက် စဉ်းစားစရာများ ဖြစ်နေခဲ့လေတော့ ထိုအကြောင်းများကိုသာ တွေးရင်း အိပ်စက်ခြင်းကို မေ့လျော့နေခဲ့ရ၏။

ထို့အပြင် ခြံရှေ့မှောင်ရိပ်ကတစ်ဆင့် တရွေ့ရွေ့ ဝေးကွာသွားသော လူတစ်ယောက်ကို တွေ့လိုက်သည်က မြယမုံအတွက် မကုန်ခန်းနိုင်သော တွေးစရာများ ဖြစ်ခဲ့ရလေသည်။

တရွေ့ရွေ့ ဝေးကွာသွားသောလူတစ်ယောက်ကလည်း ခေါင်းငိုက်စိုက်ချကာ အတွေးတွေနှင့် စိတ်မချမ်းမြေ့စွာ ညလုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါက် ခြေဦးတည့်ရာ လျှောက်နေမိသည့်အဖြစ်။

နေ့လယ်က မြို့ထဲသို့အသွား မီးပွိုင့်မှာ ဆုံခဲ့ရသော ကားထဲမှ မောင်နှင့်မြယမုံတို့၏ ပြုံးရွှင်စွာ စကားပြောနေကြသောမြင်ကွင်းက ဝေယံအဖို့ ကမ္ဘာပျက်သည့်အလား ရင်မှာ ဆူပွက်အောင့်မျက်နေရလေသည်။

✿ ✿ ✿



အခန်း (၁၁)

"မောင် အလုပ်သွားတော့မှာလား"

"ဟုတ်ကဲ့ ... ဘွား ပြောစရာရှိလို့လား"

အားလုံးပြင်ဆင်ပြီး အောက်ထပ်ကိုဆင်းလာတဲ့ မောင့်ကို ညှော်ခန်းကနေ ဆီးကြို၍ ဒေါ်အိမ်စိုး မေးလိုက်ခြင်းဖြစ်သည်။

ဘွားအနေနားကို မောင် လျှောက်သွားလိုက်ပြီး ပြန်မေးလိုက်သည်။ ဘွား ဘာပြောချင်တာပါလိမ့်လို့လည်း အကဲခတ်နေမိ၏။

"ထိုင်ပါဦးမြေးရယ်၊ ဘွားပြောစရာရှိနေလို့ပါ၊ အလုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပဲ စိတ်နှစ်ထားတဲ့မြေးကို တွေ့ဖို့ ဘွားမှာ အမြဲချောင်းနေရတာ"

"အဟင်း . . . ဒီလိုလည်းမဟုတ်ပါဘူး ဘွားရယ်၊ အခု တစ်လော လုပ်ငန်းတိုးချဲ့ဖို့တွေ လုပ်နေလို့ပါ၊ ဘွားအတွက် အချိန်မပေးမိတာကို ခွင့်လွှတ်ပါ"

ပြောစရာရှိတဲ့စကားပြောဖို့တောင် မြေးကိုပြန်ချောင်းနေရတဲ့ အဘွားအား မောင် စိတ်မကောင်းခြင်း၊ အားနာခြင်းတို့ ဖြစ်လျက် တောင်းပန်မိသည်။

အမှန်တကယ် အလုပ်များနေတာ ဟုတ်ပေမယ့် အိမ်မှာ နားချိန်မရှိလောက်အောင် ဖြစ်နေတာတော့မဟုတ်။

ကိုယ့်ရဲ့နှလုံးသားရေးကိစ္စကို ရှေ့တန်းတင်နေရ၍ ဘွားအေအား လျစ်လျူရှုသလို ဖြစ်သွားခြင်းပင်။

အဖြစ်မှန်ကို မသိတဲ့ အဘွားကတော့ မြေးကိုတောင် အထင်ကြီးနေလိုက်သေးရဲ့။

မောင် စိတ်မလုံစွာ ဟင်းခနဲရယ်ရင်း ဘွားနားမှာ ကပ်ထိုင်လိုက်သည်။

"အခုတစ်လော ဝေယံ့ကို မတွေ့မိပါလား၊ ဘယ်သွားနေလဲ မြေးရဲ့"





မဆီမဆိုင် မေးလိုက်တဲ့မေးခွန်းကြောင့် ဘွားကို သေချာစွာ စိုက်ကြည့်ပြီး . . .

"သူ့အဖေ နေမကောင်းလို့ ကားဝင်းထဲမှာ သွားနေတာ ဘွားမသိဘူးလား"

"ဟင့်အင်း . . . ဘွားလည်းမသိရပါလား၊ ဘသာ . . . ဘသာ ဘာဖြစ်လို့လဲ၊ မနေ့ကတောင် လာသေးတယ်လေ"

ဒေါ်အိမ်စိုး နားလည်ရခက်သွားတာကြောင့် မြေးဖြစ်သူကို ပြန်၍ မေးခွန်းထုတ်နေမိသည်။

မောင်လည်း အူကြောင်ကြောင်ဖြင့် . . .

"ဒါနဲ့ ဝေယံပြောတော့ သူ့အဖေ ကျန်းမာရေးကြောင့် ဘွားကတောင် ပြင်ဦးလွင်ကအိမ်မှာ အနားသွားယူခိုင်းထားတယ်လို့ ပြောတာပဲ"

မောင့်ထံမှကြားရသောစကားကြောင့် ဒေါ်အိမ်စိုး မျက်ခုံးနှစ်ဖက် တွန့်ကွေးလျက် . . .

"သားတို့နှစ်ယောက် ဘာဖြစ်ကြသေးလဲ"

ဒီလိုပဲ မေးရတော့မှာပဲလေ။ မနေ့ကတောင် အိမ်ကို ဘသာလာသွားသေးတာပဲ။ ကျန်းမာလိုက်တာမှ နှာစေးချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတောင် ဖြစ်တာမတွေ့ပါ။

ပါးစပ်အဟောင်းသားနှင့် စိုက်ကြည့်နေတဲ့မြေးကို ဒေါ်အိမ်စိုး သံသယဖြစ်ချင်လာသည်။ ဒါကြောင့် ...

"ဘာလဲ ... မြေးတို့ ကတောက်ကဆဖြစ်ကြလို့ ဝေယံ ဟိုမှာသွားနေတာလား"

ထင်ကြေးနဲ့ ဒေါ်အိမ်စိုး ထပ်မေးလိုက်သည်။

ဖြေရန် ဆွံ့အနေတဲ့မောင့်မှာတော့ ဝေယံလုပ်သွားပုံကို ဘယ်လိုမှ စဉ်းစားမရ။

အကဲခတ်ရင်း မျက်နှာကို စူးစိုက်ကြည့်နေတဲ့ ဘွားရဲ့ မေးသံကလည်း အဆက်မပြတ်။

မောင် ဘာဖြေရမှန်းမသိ ဖြစ်နေရသည်။

သို့ပေမယ့် ဘွားထင်သလို မဟုတ်တာတော့ ဖြေရှင်းမှ ဖြစ်မည်။

ဒါကြောင့် ဘွားနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် ပြင်ထိုင်လိုက်ပြီး ...

"ဘွားက ဘာလို့ အဲသလိုထင်တာလဲ၊ မောင့်ကို ဝေယံ ပြောသွားတဲ့အတိုင်း အမှန်အတိုင်း ဘွားကိုပြောခဲ့တာပါ"





တိကျပြတ်သားစွာ မောင်ပြောလိုက်တော့ ဒေါ်အိမ်စိုး မြေးဖြစ်သူရဲ့မျက်လုံးတွေကို စုံချည်ဆန်ချည် ကြည့်ရင်း ...

"ဘွားကို စိတ်မခုပါနဲ့ မြေးရယ်၊ ဝေယံလေးဟာ ဘယ်တုန်းကမှ ဘွားကို ပစ်ထားဖူးတာမဟုတ်ဘူး၊ မြေးတို့တွေ မရှိတော့ကတည်းက ဒီကလေးကိုပဲ ဘွား အဖော်ပြုပြီးနေခဲ့ရတာလေ၊ အခု မပြောမဆိုဘဲ ပျောက်ချက်သားကောင်းနေတော့ ဖြစ်နိုင်တာကိုမေးမိတာပေါ့၊ အကြောင်းပြချက်ကလည်း မခိုင်လုံဘူး မဟုတ်လား၊ ဘာသာ မနေ့ကလာတာ အကောင်းကြီးပဲ၊ ဒါကြောင့် ဘွားမေးရတာပါ"

ခက်ပြီ။ မောင် ဘာဆက်ပြောရပါမည်နည်း။ သက်ပြင်းတစ်ချက်နဲ့အတူ ဖြစ်နိုင်ခြေရှိတာတွေကိုပါ တန်းစီတွေးနေမိ၏။

နောက် ဘွားဘက် ဆတ်ခနဲပြန်လှည့်ပြီး ...

"မောင်လည်း ဘာမှမပြောတတ်တော့ပါဘူး ဘွားရယ်၊ အရင်က ဟန်မဆောင်တတ်တဲ့ကောင်က အခု အရမ်းဟန်ဆောင်ကောင်းနေတော့ မောင်လည်း ဘာမှ ပုံမဖမ်းတတ်တော့အောင်ပါဘဲ"

ညည်းညည်းညူညူပြောလိုက်ရင်း မျက်နှာကို မှုန်ကုပ်



www.burmeseclassic.com

www.burmeseclassic.com



ကာ မောင် လုပ်ထားမိ၏။

မလွှင့်လင်းတဲ့ ဝေယံဆီ ဒေါသတွေပို့လွှတ်ပြီး စိတ်ထဲမှ လည်း ကျိန်ဆဲနေမိပါ၏။

မှင်သေသေနဲ့ ပြောသွားတဲ့သူ့ကို ယုံမိတဲ့မောင်မှာ အခု တော့ ဦးနှောက်ခြောက်အောင် တွေးနေရလေပြီ။

ဒါလည်း ဘွားမေးလာလို့။ မမေးဘဲထားခဲ့လျှင် တော် တော်နဲ့ မောင်သိမှာမဟုတ်။

နေပါဦး . . . ဘွားကရော ဝေယံပျောက်နေတာနဲ့ ဒီ လောက် မျက်စိမျက်နှာပျက်စရာလား။

ကိုယ်တွေမရှိချိန်မှာ အားကိုးထိုက်စွာ အားကိုးမိလို့ သံယောဇဉ်ဖြစ်တာဆိုလည်း ဒီလောက်ဖြစ်စရာ မလို။

အခု ဘွားဖြစ်နေပုံက . . . မျက်ရည်မလွယ်တတ်တဲ့ ဘွား မျက်လုံးမှာ မျက်ရည်တွေဝေ့နေတဲ့ထိ ခံစားချက် ပြင်းထန် နေပုံ။

ဘွားရဲ့ စိုးရိမ်မှုနောက်ကွယ်မှာ ငါမသိတဲ့အကြောင်းရင်း များ ရှိနေနိုင်မလား။

ဒါဆို မျက်ရည်လေးတစမ်းစမ်းနဲ့ မောင့်အရိပ်အကဲကို





ဘေးကနေထိုင်ကြည့်နေတဲ့ ဘွားဘက် မောင် ပြန်လှည့်လိုက် သည်။

"ဘွား"

"ဟင်"

"ဘွား မောင့်ကို အမှန်အတိုင်း ပြောပါလားဟင်၊ သူ တို့သားအဖနဲ့ ဘွား ခွဲဝေစရာတွေများ ရှိနေသလားလို့ သား သိပါရစေ"

ဒေါ်အိမ်စိုး မြေးဖြစ်သူ့ကို မျက်လုံးပြူးထွက်မတတ် ကြည့်လိုက်မိပါ၏။

ဘယ်လိုစကားပါလိမ့်။ အံ့သြရပါသည်။ မြေးဖြစ်သူ အတွေးက ဒီလိုရှိနေပါလား။

အေးလေ . . . မေးစရာလည်းဖြစ်နေတာကိုး။ ဒေါ်အိမ်စိုး မျက်လုံးကိုမှိတ်ချလိုက်ကာ ခေါင်းကို ဖြည်းညင်းစွာခါလျက် . .

"မရှိပါဘူး မြေးရယ်၊ သူတို့သားအဖ ဘွားအပေါ်မှာ ဒီစိတ်တွေ မရှိကြပါဘူး၊ ဒီကလေး `တစ်ခုခုများ ခံစားနေရသ လား"

ဘွားဘက်က ယုံကြည်မှုအပြည့်နှင့် ပြောလာပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မောင် လုပ်စရာတစ်ခုပဲရှိတော့သည်။

အဲဒါက ဝေယံနှင့် ထိပ်တိုက်တွေ့ပြီးမေးရန်ပင်။ ညာသွားရသည့်အကြောင်းရင်းကို သိမှဖြစ်မည်။

ဆုံးဖြတ်ချက်နဲ့အတူ ဘေးကချထားတဲ့အိတ်ကို ဖျတ်ခနဲကိုင်၍ ဆတ်ခနဲ ထရပ်လိုက်မိသည်။

ဒီတော့ ဒေါ်အိမ်စိုး အလန့်တကြားနှင့် မြေးကိုမော့ကြည့်ပြီး ...

"ဒါက ဘယ်လဲမြေး၊ အလုပ်ကိုသွားမှာလား"

"မဟုတ်ဘူးဘွား ... ဝေယံ့ဆီ"

"ဟင် ... ပြန်ထိုင်ပါဦး မြေးရယ်၊ ဘွား ပြောပါရစေဦး"

လက်ကိုအတင်းဆွဲပြီး ပြန်ထိုင်ခိုင်းနေတဲ့ ဘွားကြောင့် ပြန်ထိုင်လိုက်ရပေမယ့် မောင့်စိတ်က ဝေယံဆီ ရောက်နေရပြီ။

"မြေးလေး"

လက်ဖျားကိုကိုင်ပြီး လက်မောင်းကို ဆုပ်ကိုင်ထားတဲ့ ဘွားလက်တွေက အေးစက်နေသလို အသံကလည်း တုန်ယင်လို့က်မောနေ၏။





ဒီလောက်ထိ ခံစားနေတဲ့ဘွားကို မောင်ကြည့်ကာ မှင်တက်သွားရသည်။

"မြေး ဝေယံနဲ့တွေ့ရင် မဖြစ်သင့်တာတွေဖြစ်ပြီး မမေးသင့်တာတွေ မေးမိမှာစိုးလို့ ဘွား မြေးလေးကို အသိပေးစရာတစ်ခုရှိတယ်၊ အဲဒါက မြေးဝေယံဟာ မြေးလေးလိုပဲ မြေးအရင်းဆိုတာပါပဲ"

"ဗျာ"

မယုံကြည်နိုင်စွာ မောင် အံ့ဩသွားရပြီး ခန္ဓာကိုယ်ကြီးပင် တောင့်မတ်သွားရ၏။

"ဟုတ်တယ် မြေးလေး ... ဘသာဟာ မင်းအဖေရဲ့ သူငယ်ချင်းအဖြစ်နဲ့ ဒီအိမ်ကိုရောက်လာခဲ့တာ၊ သူ့ရဲ့ရိုးသားမှုနဲ့ သိတတ်နားလည်မှုလေးတွေကြောင့် မိဘမရှိတော့တဲ့ ဘသာကို သားအရင်းတစ်ယောက်လို ဘွား ခင်တွယ်ခဲ့ရတယ်၊ မအေ့အရှိန်နဲ့ ဆိုးပေနေတဲ့ မြေးရဲ့အဖေဟာ ဘွဲ့ရပြီးတာတောင် ပေလို့တေလို့ မဝခဲ့ဘူး၊ အဲဒီအချိန်ကတည်းက ဘသာကိုပဲ ဘွား အားကိုးခဲ့ရတာ၊ နောက် ခြေရင်းကခြံကို ပြောင်းလာတဲ့ မြတ်ခင်ခင်ကို မင်းအဖေနဲ့ ဘသာတို့ ပြိုင်တူကြိုက်မိကြတယ်လေ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်က ဘသာကိုပဲ ရွေးချယ်ခဲ့တယ်၊ ဒါကို မင်းအဖေက မကျေမချမ်းနဲ့ ပိုပြီးဆိုးသွမ်းလာတယ်၊ သောက်တာစားတာတွေလည်း ပိုများလာတယ်၊ ဘသာကိုပါ အမြဲတမ်း ရန်လုပ်လာတော့တာပဲ၊ ဒီလိုနဲ့တစ်နေ့မှာ မင်းအဖေ မူးရူးပြီး အိမ်ကိုပြန်အလာ အိမ်မှာ ထမင်းချက်တဲ့နှင်းရီနဲ့ မှားမိကြတယ်၊ အဲဒါကြောင့် နှင်းရီက အဖြစ်အပျက်တွေမလွန်ကျူးခင် ရှာပြန်ဖို့ပြင်တယ်၊ ဘွားက အတင်းတားလို့ မပြန်ဖြစ်တဲ့နှင်းရီမှာ မဖုံးနိုင်မဖိနိုင်တွေ ဖြစ်ရော၊ ဒါကိုရိပ်မိတဲ့ မင်းအဖေက မြတ်မြတ်ကို ကားတင်ပြေးပြီး အိမ်ကပျောက်သွားတော့တာပဲ''

ဒေါ်အိမ်စိုး ပြောရင်း သက်ပြင်းမှုတ်ထုတ်လိုက်ပြီး စကားဆက်ပြန်၏။

''သတင်းအစအနတောင် မရတော့ဘဲ မင်းအဖေ ပျောက်သွားခဲ့တာ၊ အဲဒီတော့ နှင်းရီရဲ့ကိစ္စကို ဘသာ တာဝန်ယူလိုက်ရတာပေါ့၊ ဒါပေမဲ့ ဘသာက နှင်းရီကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းရှာပါတယ်၊ ဝေယံ့ကိုလည်း သားအရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့တာပဲ၊ အဲဒီလိုနဲ့ တစ်နေ့မှာ မထင်မှတ်ဘဲ မြေးမောင့်ကို ဘွားဆီရောက်အောင် မင်းအဖေ





ပို့လာခဲ့တယ်၊ ငါးနှစ်သားအရွယ် မောင့်ကို ဘွားဆီမှာထားလာ လိုက်တာ ဘွဲ့ရတဲ့အထိပဲ မဟုတ်လား၊ နောက်မှ သားကိုလွမ်းလှချည်ရဲ့ဆိုလို့ ဘွား မြေးကို သူတို့ဆီပို့ခဲ့တာပဲ၊ တော်ဖသေးတာပေါ့ . . . ဟိုမှာ သူတို့က အလုပ်တွေ အဆင်ပြေနေပေလို့၊ သူတို့ကတော့ အရှက်မရှိတဲ့မျက်နှာနဲ့ မြန်မာပြည်ကို ပြန်လာတော့မယ့်ပုံ မပေါ်တော့ပါဘူး၊ အဲဒါပါပဲ မြေးရယ်၊ အဲဒါတွေဟာ မြေးအဖေကြောင့် ရခဲ့တဲ့ ရလဒ်တွေပေါ့''

စကားဆုံးသွားမှန်းသိပေမယ့် မောင် အသက်ကင်းမဲ့သွားသူလို တောင့်တောင့်ကြီးဖြစ်နေရသည်။ ဘွားမျက်နှာကိုလည်း လှည့်မကြည့်ရဲတော့။

ပြီးတော့ ဝေယံ့မျက်နှာကိုပါ ဘယ်လိုမျက်နှာပြောင်တိုက်ပြီး ကြည့်ရပါ့မလဲ။

ခေါင်းကဆံပင်တွေကို အကြောင်းမဲ့ မောင် အထပ်ထပ် သပ်တင်ရင်း . . .

''ဒါတွေကို ဝေယံသိထားပြီလား ဘွား''

လှည့်မကြည့်ဘဲ တစ်လုံးချင်း မောင် မေးလိုက်သည်။

''သိမထားပါဘူးကွယ်၊ ဘသာကလည်း ခုထိ ဖွင့်မပြော



www.burmeseclassic.com

www.burmeseclassic.com



သေးသလို မြေးဝေယံလည်း ရိပ်မိပုံမပေါ်ပါဘူး၊ ဒါပေမဲ့ ကိုယ့်မြေးက ကိုယ့်မြေးပဲလေ၊ အချိန်တန်ရင် ဖွင့်ပြောရမှာပဲမဟုတ်လား၊ ဘွား အခုလိုဖွင့်ပြောရတာ မဖြစ်သင့်တာတွေ မဖြစ်ရအောင်လို့ပါ''

''ဟုတ်ကဲ့ ဘွား၊ ဒီနေ့ပဲ ဝေယံ့ကို အိမ်ပြန်ခေါ်ခဲ့ပါ့မယ်၊ ဘွား စိတ်ချနေပါနော်''

ကတိပေးပြီး မောင် ထရပ်လိုက်သည်။ ခေါင်းညိတ်ပြုပြီး အပြုံးလေး ခပ်နွမ်းနွမ်းနဲ့ ကျန်ခဲ့ရှာတဲ့ ဘွားကို မောင် လှည့်မကြည့်တော့ဘဲ လေးဖင့်တဲ့ခြေလှမ်းတွေနဲ့ ကားဆီလျှောက်လာခဲ့လေသည်။

ကားမောင်းရင်း အတွေးတွေ ပျံ့လွင့်နေရသည်။ မိဘများ မြန်မာပြည်မပြန်ချင်သည့်အကြောင်းရင်းကိုလည်း အခုမှပြတ်သားစွာ သိလာရသည်။

တွေးကြည့်တော့ ဝေယံခမျာ သနားစရာ။ သူများအရိပ်ကို ခိုနေရတယ်ဆိုတဲ့အတွေးနဲ့ အမြဲတမ်း မောင့်ကိုသာ ဦးစားပေးခဲ့သူ။

ဟူး ... အခုတော့ မောင်တွေးတာ မဟုတ်ပါစေနဲ့လို့





သာ ဆုတောင်းလာမိ၏။

ကားဝင်းထဲကို မဝင်ခင် အပြင်မှာ ကားကိုခဏရပ်ကာ အထဲကို အကဲခတ်ကြည့်မိသည်။ ကားဝင်းထဲမှာ တိတ်ဆိတ်နေသည်။

လူဝင်လူထွက် သိပ်မရှိ။ မောင် နာရီကိုကြည့်လိုက်သည်။ ၉–နာရီထိုးတော့မည်။ ဒီအချိန်ဆို လက်မှတ်စရောင်းနေပြီမို့ လက်မှတ်ရုံဘက်သို့ ကားကိုမောင်းခဲ့လိုက်၏။

ထင်သည့်အတိုင်း ကားရုံရှေ့မှာ လူတွေတန်းစီနေသည်။

ဝေယံက သူ့အလုပ်သူလုပ်နေ၍ မောင့်ကို မတွေ့။ ဦးဘသာ မောင့်ကိုလှမ်းတွေ့လိုက်၍ ကားနားကို လျှောက်လာလေသည်။

''လာလေ မောင် ... အထဲကိုသွားမလား''

နားနေခန်းထဲကို ဦးဘသာခေါ်ပေမယ့် မောင် ခေါင်းခါလိုက်သည်။

''ဝေယံ့ကို လာခေါ်တာပါ ဦးလေး''

''အေး ... ဦးလေးလည်း မမေးရက်လို့ သားကို မေးမကြည့်မိဘူး၊ ဘာတွေဖြစ်ကြလို့လဲမောင် ... တစ်နေ့ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



မှိုင်တွေနေတဲ့ သားကို ကြည့်ရတာ ဦးဖြင့် စိတ်မချမ်းသာတာ အမှန်ပဲ၊ အမေစိုးသိရင် စိတ်မကောင်းမှာစိုးတယ်ကွာ၊ မသိပါစေနဲ့''

စိတ်မချမ်းမြေ့စွာ သားအတွက် ရင်ဖွင့်နေသော ဦးဘသာအား ကားပေါ်ကမဆင်းသေးဘဲ မောင် ကြည့်နေမိသည်။ တကာယ့်ကို ဖခင်ကောင်းပီသသူပင်။ ဘွားအတွက်လည်း သားတစ်ယောက်လို အားကိုးရသူ။ မိမိဖခင်နှင့် ယှဉ်လိုက်တော့ ဆီနဲ့ရေလို ကွာခြားပြီး လေးစားထိုက်သူပါလား။

''ကျွန်တော်လည်း အဖြစ်မှန်ကိုမသိသေးပါဘူး ဦးလေး၊ သူက ဦးလေးနေမကောင်းလို့ ကားရုံမှာ ဝိုင်းလုပ်ရမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ထွက်လာတာပါ၊ ဒီမနက် ဘွားက ဝေယံ့ကို မတွေ့လို့ မေးရင်းနဲ့ အဖြစ်မှန်တွေ ဖွင့်ပြောလိုက်တယ်၊ အားလုံး ကျွန်တော်သိပြီးပါပြီ၊ သူ ဘာလို့ ဒီကိုရှောင်ထွက်ခဲ့လဲဆိုတာကိုပဲ သိအောင်လုပ်ရမှာ''

ဒီလိုကြားလိုက်ရပေမယ့် ဦးဘသာ မအံ့ဩပါ။ အဖြစ်မှန်ဆိုတာ ကြာရှည်ဖုံးကွယ်ထားလို့ရတာမှ မဟုတ်တာပဲ။

သားလေးခံစားချက်ကို မသိရ၍သာ စိတ်မကောင်း





ဖြစ်မိတာပင်။

မမေးလည်း မမေးရက်၍ ဒီအတိုင်း လွှတ်ထားခြင်းသာ ဖြစ်သည်။

''ဒါဆို ဆင်းလေ မောင်၊ သားဆီသွားရအောင်၊ အလုပ်တွေ ဦး ဆက်လုပ်လိုက်ပါ့မယ်၊ သားနဲ့စကားပြောဦးပေါ့''

ကားပေါ်ကနေ မောင် ဆင်း၍ ဦးဘသာနဲ့အတူ ကားလက်မှတ်ရုံဆီ လိုက်လာခဲ့လေသည်။

လက်မှတ်ရုံထဲ မောင်ဝင်လာမှ ဝေယံတွေ့သွားပြီး မျက်နှာတစ်ချက်ပျက်သွားလျက် ...

''ဘယ်ကလှည့်လာတာလဲ မောင်''

''ကဲ ... ထားခဲ့သား၊ မောင်နဲ့လိုက်သွားလိုက်၊ သားနဲ့ စကားပြောချင်လို့တဲ့''

ဝေယံ့အမေးကို မောင်က ခပ်ပြုံးပြုံးလုပ်ပြီး မဖြေဘဲနေတော့ ဦးဘသာဝင်ဖြေပြီး သားဖြစ်သူကို အတင်းထိုင်းကာ ဝင်ထိုင်လိုက်လေသည်။

မပြောမဆိုဘဲ မောင် ရှေ့ထွက်သွားရာသို့ ဝေယံ နောက်ကလိုက်ခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ မောင်"

မောင် ပြန်မဖြေသေးဘဲ ကားနားထိ လျှောက်လာပြီးမှ လှည့်ကြည့်၍ ...

"ကားပေါ်တက်ပါ ဝေယံ၊ တစ်နေရာရာသွားပြီး စကား ပြောကြရအောင်"

ဒီတစ်ရက်နှစ်ရက်အတွင်း ညှဉ်းသိုးသိုး ဖြစ်သွားတဲ့ ဝေယံ့ပုံစံကို တွေးထင်ထားတဲ့အတိုင်း ဖြစ်နေပြီလားဆိုတဲ့အတွေး ကို မျိုသိပ်ရင်း ကားကို မြို့ထဲဘက် ဦးတည်လိုက်သည်။

မလွှဲသာဘဲ မလိုက်ချင်လိုက်ချင်နဲ့ လိုက်လာခဲ့တဲ့ ဝေယံ့ ရင်ထဲမှာတော့ မောင်မေးလာမည့်စကားအတွက် ကြိုတင် စိတ် လှုပ်ရှားနေရသည်။

ကားက အင်းယားကန်ဘောင်ဘေးတွင် ရပ်သွားပြီး ...

"ဆင်းလေ ဝေယံ၊ အေးအေးဆေးဆေးပေါ့ကွာ"

ပြောပြီး သူက အရင်ထွက်သွားလိုက်သည်မို့ ဝေယံ အနောက်က လိုက်ခဲ့ရတော့သည်။

ကန်ဘောင်ပေါ်မှာ လက်နောက်ပြန်ပြီး အေးဆေးစွာ လျှောက်နေရာမှ အနောက်ကိုလှည့်လိုက်ပြီး မောင် ရပ်လိုက်





သည်။ ဝေယံနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားတော့မှ ...

"ပြောပါ ဝေယံ ... မင်း ဘာလို့ ရှောင်နေရတာလဲ ဆိုတဲ့အကြောင်း"

ဝေယံ ကန်ရေပြင်ကို ငေးစိုက်စွာ ကြည့်နေပြီး မောင့် ကို လှည့်မကြည့်ဘဲနှင့် ပြောလိုက်သည်။

"ငါရှိဖို့ မလိုအပ်တော့ဘူးထင်လို့ပါ မောင်၊ ဘွားရဲ့ မြေးအရင်းအချာကြီးတစ်ယောက်လုံး ပြန်ရောက်နေမှ ငါ လိုအပ် သေးလို့လား"

"ငါ့ဘက်လှည့်ပြီး ပြောပါလား ဝေယံ၊ မင်းစကား အမှန်ဆိုရင် ငါ့မျက်နှာကိုကြည့်ပြီး ပြောပါလား"

ဝေယံ ခပ်တည်တည်နှင့် လှည့်ကြည့်လိုက်ပြီး ...

"ငါပြောတာ မဟုတ်လို့လား မောင်၊ ငါ့တာဝန်ကျေပြီ လို့ ယူဆပါတယ်၊ မင်းမရှိတဲ့အချိန်တွေမှာ ငါ အရမ်းပင်ပန်းခဲ့ တာ၊ အခု နားတော့မယ်၊ မင်း ဆက်လုပ်ပေါ့၊ မင်းလုပ်နိုင် ပါတယ် ... အဟင်း ဟင်း"

ပေါ့ပါသွက်လက်ဟန်နဲ့ ဝေယံပြောလိုက်သော်လည်း အပြုံးတို့က မပီပြင်။ နားလည်ရခက်စွာ မောင် မဲ့ပြုံးပြုံးလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်ယောက်တည်း မလုပ်နိုင်ဘူး ဝေယံ၊ ဒီစူပါမား ကက်တစ်ခုလုံးကို ငါတစ်ယောက်တည်း လုပ်ပိုင်ခွင့်ရှိတာ မဟုတ်ဘူး၊ မင်းလည်း အပြည့်အဝ လုပ်ပိုင်ခွင့်ရှိတယ်၊ အေး . . . ခံစားခွင့်လည်း အပြည့်အဝရှိတယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား၊ မင်းလည်း ဘွားရဲ့မြေးအရင်းမို့လို့ပဲ"

"ဘာ ဘာပြောတယ်မောင်"

အေးဆေးစွာ တစ်လုံးချင်းပြောလိုက်သော မောင့်ကို ကယောင်ကတမ်းဖြင့် ဝေယံမော့ကြည့်ပြီး ကသောကမျော မေးလေတော့သည်။

မောင် ခပ်ဖွဖွပြုံး၍ . . .

"မင်းကို မတွေ့လို့ ဘွား ဘယ်လောက် စိတ်ထိခိုက်နေလဲ . . . မင်း သိရဲ့လား၊ ဒါတောင် တစ်ရက်နှစ်ရက်ပဲ ရှိသေးတာ၊ ရက်တွေများကြာသွားရင် ငါ ဘွားအတွက် တွေးတောင်မတွေးရဲဘူး"

ဘွားနဲ့လှည့်ခြောက်ပြီး ပိုပိုသာသာလေးပြောလိုက်မှ ဝေယံ ခေါင်းငိုက်စိုက်ကျသွားတော့သည်။ ဘာဆင်ခြေမှ ထွက်မလာတော့။





နောက်မှ တဖြည်းဖြည်း ခေါင်းပြန်မော့လာပြီး . . .

"ငါက ဘွားရဲ့မြေး ဘာလို့ဖြစ်ရတာလဲ မောင်၊ ငါ့ကို နားရှင်းအောင် ပြောပြပါလား"

"လာ . . . ငါတို့ ဟိုမှာသွားထိုင်ရအောင်"

ခုံတန်းလျားလေးဆီ မောင် ဦးဆောင်ထွက်ခဲ့၍ ထိုင်လိုက်သည်။

မောင့်ထံမှ စကားသံကို မျှော်လင့်ရင်း ဝေယံ အနားမှာ ထိုင်လိုက်သည်။

"ငါတို့နှစ်ယောက်ဟာ ဖအေတူမအေကွဲ ညီအစ်ကိုတွေပဲ ဝေယံ"

မယုံကြည်နိုင်သေးဘဲ မောင့်ကို အခုမှ မြင်ဖူးသူလို ဝေယံကြည့်နေမိ၏။

မျှော်လင့်ကြီးစွာ သူ့ကိုကြည့်နေသည့် ဝေယံအား မောင် စာနာစွာဖြင့် ဘွားပြောလိုက်သမျှကို အစအဆုံး ရှင်းပြလိုက်လေသည်။

ဇာတ်လမ်းအစအဆုံး ရှင်းလင်းစွာ သိလိုက်ရသော်လည်း ရှင်းရန်ခက်ခဲနေသော မောင်နှင့်သူ့ကြားက ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဝေယံ မည်သို့ရှင်းရမှန်းမသိ ဖြစ်နေရသည်။

အဖြစ်မှန်ကို သိရမှ ပို၍ပင် မောင့်အပေါ် ချစ်ခင်လာမိသည်။

ဒါ ငါ့ညီလေးပဲဆိုတဲ့ အသိက ရင်ကို ကြည်နူးစေတော့သည်။ ဘာလုပ်သင့်သလဲဆိုတာကိုပါ အဖြေရှာရင်း မျက်နှာကို အတတ်နိုင်ဆုံး ဟန်ဆောင်အပြုံးတို့ဖြင့် ချက်ချင်း ဖုံးကွယ်လိုက်လေသည်။

ပါးပြင်ပေါ်ကို လိမ့်ဆင်းလာသည့် ဝမ်းသာလို့ကျလာတဲ့ မျက်ရည်တွေကို ကတိုက်ကရိုက် သုတ်လိုက်ပြီး . . .

"ငါ အတွေးများသွားတယ် မောင်၊ လာ . . . တို့ ဘွားဆီ ပြန်ကြမယ်၊ ဘွားကို ငါတွေ့ချင်လာပြီကွာ၊ နောက်မှ တို့ညီအစ်ကို ဆိုင်ကိုပြန်သွားကြတာပေါ့"

ကြည်လင်ပြတ်သားသောအသံနှင့် တည်ငြိမ်စွာပြောဆိုလျက် မောင့်ပခုံးကို ဝေယံ ဖက်ကာပြောလိုက်သည်။

ချက်ချင်းပြောင်းလဲသွားသော ဝေယံ့အမူအရာက မြယမုံကြောင့်ဟု ထင်ထားခဲ့သမျှတွေကို ဖျောက်ပစ်လိုက်သလိုပင်။ မောင့်စိတ်တွေ ပေါ့ပါးလန်းဆန်းသွားရ၏။





နှစ်ယောက်သား ပြုံးရွှင်စွာဖြင့် ဘွားထံသွားကြပြီး မြေးအဘွားတွေ ကြည်နူးမှုတွေ ဖလှယ်ကြပြီးနောက် ရွှေဂေဟာသို့ ပြန်လာခဲ့ကြလေသည်။

ရုံးခန်းထဲ ဝင်လိုက်သည်နှင့် မြယမုံနှင့် ရွှေရည်တို့ သူတို့အလာကို စောင့်နေကြောင်း သိရလေသည်။

"ဘာလို့နောက်ကျနေတာလဲ ဦးမောင်၊ မန်နေဂျာကို မေးကြည့်တော့ သူ ဖုန်းဆက်ကြည့်တာ ဒီကိုထွက်လာတာကြာပြီလို့ ပြောတယ်၊ ယမုံတို့မှာ ပြန်ရမှာလား, ဆက်နေရမှာလားနဲ့ ဘာလုပ်ရမှန်းမသိဘူး"

"တောင်းပန်ပါတယ်ကွာ၊ ကိစ္စလေးနည်းနည်းရှိလို့ ကြာသွားတယ်"

အပြောအဆိုတွေ ရင်းနှီးနေကြသော မြယမုံနှင့်မောင်တို့အား လျစ်လျူရှုနိုင်ရန် ဝေယံ ကြိုးစားနေရ၏။

စားပွဲပေါ်က ပစ္စည်းတွေ ဟိုရွှေ့ဒီရွှေ့လုပ်နေလိုက်သည်။ နောက် မောင့်ဘက်သို့လှည့်၍ . . .

"မောင် . . . တို့နှစ်ယောက် ဒီအခန်းထဲမှာ နှစ်ယောက်တွဲကြီး နေနေတာ သဘာဝမကျဘူးကွာ၊ မင်းလည်း မင်းတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ခွဲယူပြီး ရုံးခန်းတစ်ခန်း ထပ်ပြင်၊ မြယမုံတို့ကိုလည်း တစ်ခန်း စီစဉ်ပေးသင့်ပြီ"

မြယမုံတို့ဘက်ကိုပါ မေးငေါ့ပြ၍ ပုံမှန်အနေအထား၊ ပုံမှန်အကြည့်တို့ဖြင့် ဝေယံ ပြောနိုင်ခဲ့၏။

ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးသွားမိသည်။ ငါ တယ်တော်ပါလားပေါ့။ ထင်သလောက် မဆိုးသေး ... ဟု။

မြယမုံကတော့ ဝေယံ့ပုံစံကို ကြည့်ပြီး မှင်တက်ငေးမောနေမိပါ၏။ နှစ်ရက်လောက်ပျောက်သွားရုံနှင့် ပြန်ရောက်လာတော့ တခြားသူတစ်ယောက်လို့ ထင်ရလောက်အောင် အမူအရာတွေက ပြောင်းလဲသွားခဲ့တာကိုး။

ဘယ်လိုဖြစ်သွားရတာလဲဆိုတဲ့အကြည့်နဲ့ မြယမုံမျက်နှာလေး မှဲ့တဲ့တဲ့ဖြစ်ကာ မသိမသာ မျက်စောင်းထိုးလိုက်မိသည်။

ဝေယံ မြင်လိုက်သော်လည်း မျက်နှာလွှဲကာ တခြားကိစ္စတွေ မောင်နဲ့ပြောနေလိုက်၏။

သူတို့နှစ်ယောက်၏ အဖြစ်သနစ်ကို ဘေးကနေ ရွှေရည် ကြည့်ရင်း စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်မိသည်။

"ဘယ်လိုလဲ ... ငါပြောတာ မင်းလက်ခံလား"





"နေပါဦး ဝေယံရာ ... ငါ့စိတ်ကူးထဲမှာ အမြဲထည့်ထားတဲ့ကိစ္စထဲမှာ အဲဒီကိစ္စလည်း ပါတယ်၊ အခုတစ်လောဒီထက်အရေးကြီးတဲ့ကိစ္စပေါ်လာလို့ အဲဒါတွေ ခဏရပ်ထားဦးမယ်၊ ယမုံတို့ကရော ဒီအခန်းထဲမှာနေရတာ စိတ်ကျဉ်းကျပ်နေလား"

တစ်ယောက်နှင့်တစ်ယောက် တိုးတိုးကျိတ်ကျိတ်ပြောနေရာက အသံတွေကျယ်လာသဖြင့် မြယမုံရော ရွှေရည်ပါ လှမ်းအကြည့် ... မောင်ကလည်း အမေးတိုက်ဆိုင်သွားလေတော့ မြယမုံတို့နှစ်ယောက် ယောင်တောင်ပေါင်တောင်နှင့် ခေါင်းခါလိုက်မိကြလေသည်။

မောင်က ကျေနပ်သောအပြုံး၊ အောင်နိုင်သူတို့အပြုံးနယ် ပြုံး၍ ...

"တွေ့လား ... အားလုံးအိုကေနေတာကို မင်းမို့ ခေါင်းရှုပ်ခံနေတယ်"

"ဘော့စ်"

သူတို့တွေ အချီအချ အနိုင်ယူပြောနေကြစဉ် အပြင်မှ ခေါ်သံကြောင့် မောင်နှင့်ဝေယံ ပြိုင်တူလှမ်းကြည့်မိပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့လေ"

နှစ်ယောက်သား ပြိုင်တူပြောမိကြလေ၏။

ဝင်လာသူက ခပ်တည်တည်ဝင်လာနိုင်သော်လည်း မြယမုံနဲ့ရွှေရည် ပြုံးလိုက်မိကြလေသည်။

ခုထိ တာဝန်ခွဲဝေမယူကြသေးဘဲ နှစ်ယောက်တွဲကြီး အလုပ်တစ်ခုကို အတူလုပ်ကိုင်နေကြခြင်းကြောင့် ထိုသို့ မကြာခဏ ကြုံနေရသည် မဟုတ်ပါလား။

သို့သော်လည်း ဝန်ထမ်းကောင်မလေး လာပေးသော ဖိုင်တွဲကို မောင်ကပဲ ယူကြည့်လိုက်လေသည်။

ဝေယံက လက်လျှိုနေလိုက်သည်။

လာပေးသော ဖိုင်တွဲကို အသေအချာ မောင်ဖတ်ကြည့်၍ . . .

"ဝေယံ . . . ဒီမှာဖတ်ကြည့်စမ်းပါဦးကွ၊ ဒါ ငါမရောက်ခင်က ပစ္စည်းလေလံတင်ထားတဲ့စာရင်းတွေ မဟုတ်လား၊ အခုမှ ဘယ်လိုဖြစ်ပြီး လက်မှတ်လာထိုးခိုင်းရတာလဲ"

ဝန်ထမ်းကောင်မလေးကိုပါ မော့ကြည့်၍ မောင်မေးလိုက်သည်။





ကောင်မလေးကလည်း ရဲရဲဝံ့ဝံ့ပင် ပြန်ပြောလေသည်။

"ကျွန်မတို့က ဘယ်သူ့ကို လက်မှတ်ထိုးခိုင်းပြီး ဘယ်သူ့ကို အကြောင်းပြန်ရမှန်းမသိဘူး ဖြစ်နေကြတာလေ၊ အစကတည်းက ကျွန်မတို့သိထားတဲ့ ဘော့စ်ဦးဝေယံကလည်း ဘယ်ရှာလို့ ဘယ်ရှာရမှန်းမသိ ဖြစ်နေကြတော့ ဒီနေ့ ဦးဝေယံကို တွေ့လိုက်လို့ လာခဲ့တာပါ"

ဝန်ထမ်းကောင်မလေး ရှင်းပြတော့မှပဲ မောင်ရော ဝေယံပါ အသိဝင်လာတော့သည်။

မောင်ရောက်လာတာ တစ်လပြည့်တော့မည် ဖြစ်သော်လည်း အခုလို ဝန်ထမ်းတွေကို ရွှေဂေဟာ၏ပိုင်ရှင်ဖြစ်ကြောင်းကို မကြေညာရသေး။ ဘယ်သူမှလည်း သိမထားကြပေ။

အားလုံးသိနေသည်က ဝေယံသာ သူတို့၏ ဘော့စ်ဟု။

အခု နှစ်ယောက်တွဲကြီးတွေ့နေကြသော်လည်း ဘာမှလည်းမပြောထားတော့ ဝန်ထမ်းတွေ အခက်တွေ့နေခြင်းပင်။

တစ်နေ့ အသိပေးနိုး၊ ပေးနိုးဖြင့် စောင့်ကြည့်နေကြတုန်း ဖြုန်းဆို သူတို့ဘော့စ်က ပျောက်သွားလိုက်သေးသည်။

အကျိုးအကြောင်းမေးမယ်ကြံကြတိုင်း လက်ရှိရုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်သူက ရုံးခန်းမှာ အမြဲမရှိ။

ဒီတော့ နောက်ကွယ်ကနေ ကိုယ်လုပ်ပေးနိုင်တာတွေကို သစ္စာရှိစွာ လုပ်ပေးကြရင်း ဆိုင်မန်နေဂျာနှင့်သာ ကိစ္စပြီးနေကြရ၏။

ဒီနေ့တော့ လှစ်ခနဲ တွေ့လိုက်ရသော သူတို့ဘော့စ်ဆီ အပြေးအလွှားရောက်လာခဲ့ကြခြင်း ဖြစ်ပါ၏။

ဒီတော့မှ မောင်နှင့်ဝေယံ သက်ပြင်းကိုယ်စီချ၍ ဝေယံက ဝန်ထမ်းကောင်မလေးကို . . .

"ကျေးဇူးပဲ . . . ငါတို့လည်း တခြားကိစ္စတွေ ရှုပ်နေလို့ မင်းတို့ဆိုင်ဝန်ထမ်းတွေနဲ့ မောင့်ကို မိတ်ဆက်မပေးရသေးဘူး။ အဲဒီကိစ္စကို ဒီရက်ထဲ လုပ်ပေးပါ့မယ်၊ အားလုံးကို ကိုယ်ကပဲ တောင်းပန်ပါတယ်"

တောင်းပန်စကားပြောလိုက်သော ဝေယံကို ကောင်မလေး အရိုအသေပေးကာ ပြန်ထွက်သွားလေတော့သည်။

မောင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မအူမလည် ဖြစ်နေကြ၏။

'တခြားကိစ္စ အရေးကြီးတယ်လို့ ပြောလိုက်ကြသော်လည်း ဘာကိစ္စမှမဟုတ်။ နှလုံးသားရေးကိစ္စနှင့်သာ အလုပ်ရှုပ်နေကြခြင်းဖြစ်သည်။

တစ်သက်လုံး အလုပ်ကို တာဝန်ကျေခဲ့သမျှ အချစ်ဆိုသော မီးကို တို့ထိခံစားမိလေမှ ဝေယံ အရာရာကို မေ့လျော့တတ်နေခဲ့ခြင်းအတွက် ရှက်ခြင်း၊ နောင်တရခြင်းတို့ကြောင့် မျက်နှာမထားတတ်အောင် ဖြစ်နေမိတော့သည်။

အထူးသဖြင့် မြယမုံတို့ရှေ့မှာ ဖြစ်သွားရခြင်းအတွက် ပိုရှက်မိလေသည်။

မြယမုံတို့ကိုတော့ မောင်နှင့်မိတ်ဆက်ပေးထားပြီး ပြီးခဲ့ပါပြီ။ ကျန်သည့် ရွှေဂေဟာဝန်ထမ်းများကိုသာ မေ့နေခဲ့ခြင်းသာ။

အချစ်ဟာ မီးလားလို့ဆိုတဲ့သီချင်းကို ဆိုထားတဲ့ တေးသံရှင်အား ပြေးပြောလိုက်ချင်ပါရဲ့။ အချစ်ဟာ မီးလားလို့ ဆိုမယ့်အစား အချစ်ဟာ မီးပဲလို့ ဆိုလိုက်ပါလားဟု ဒီသီချင်းကို ရေးတဲ့သူကိုပါ ပြင်ရေးခိုင်းရမလို။ အချစ်က ရင်ကိုပူလောင်စေတာအမှန်။

သူမတို့အရှေ့မှာဖြစ်သွားသောကိစ္စအား မြယမုံတို့ လုံးစေ့ပတ်စေ့ မသိသော်လည်း ဝေယံ၏ ပျက်ယွင်းသွားသော







www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြောင့် ကြီးမားသောပြဿနာကြီးတစ်ခု ဒီရွှေဂေဟာမှာ ဖြစ်နေပြီဆိုတာ ရိပ်မိကြလေသည်။

ဒါပေမဲ့ ကိုယ်တွေနဲ့မဆိုင်ဟု ယူဆကာ မသိသလို ဟန်ဆောင်ပေးလိုက်ကြသည်။ ကိုယ်တွေလည်း ဝန်ထမ်းပဲလေ။ သူတို့နှစ်ယောက်ကို သတိမထားမိဟန်နဲ့ စကားတွေ ဖောင်ဖွဲ့နေကြ၏။

အခြေအနေကိုထိန်းရန် မောင် ဝင်ရတော့သည်။ မသိသလို ဟန်ဆောင်သူနှင့် အရုက်သည်းစွာ မျက်နှာပျက်နေသော ဝေယံတို့နှစ်ဦးကြား အနေမခက်စေရန်။

"ကဲပါ ဝေယံရာ . . . မင်းမျက်နှာကြီး ပြင်လိုက်စမ်းပါ။ အဲဒီကိစ္စ မင်းတစ်ယောက်တည်း တာဝန်ရှိတာမှ မဟုတ်တာ၊ ငါ့မှာလည်း တာဝန်ရှိတာပဲ၊ အဟွန်း . . . တို့နှစ်ယောက် စိတ်နည်းနည်းလွတ်သွားတယ်၊ နောက်သတိထားရမှာပေါ့၊ ကဲ . . . တို့တွေ စိတ်အနှောင့်အယှက်ဖြစ်သွားတာကို စိတ်ကြည်လင်သွားအောင် အပြင်မှာ ထမင်းသွားစားကြမယ်၊ မနေ့က ယမုံကို ကတိပေးထားတယ်လေ . . . မရွှေရည် နေကောင်းလို့ အလုပ်ပြန်ဆင်းရင် တို့တွေအတူ ထမင်းထွက်စားကြမယ်လို့"





ပြောင်ချော်ချော်နှင့်မောင်ပြောလိုက်တော့မှ ဝေယံ့မျက်နှာ ပြန်ပြင်၍ နေရထိုင်ရတာ သက်သာသွားရ၏။ မနေ့က ရွှေရည်လင်း အလုပ်မဆင်းလို့ သူတို့နှစ်ယောက်တည်း အပြင်မှာ ထမင်းထွက်စားကြတာကိုးလို့ တွေးမိပြန်တော့ မျက်နှာပြန်ပျက်ချင်သွားသည်။

ဒါပေမဲ့ ဘယ်သူမှမရိပ်မိခင် အခြေအနေကို ထိန်းလိုက်နိုင်၏။

"ယမုံနဲ့မရွှေရည် . . . အပြင်မှာ ထမင်းသွားစားကြမယ်လေ"

မောင် ထပ်ပြီးနှိုးဆော်လိုက်မှ ယမုံတို့ လှမ်းကြည့်လာပြီး ချီတုံချတုံပုံစံများဖြင့် မြန်းခနဲ ထိုင်ရာကမထဖြစ်ကြသေး။

"ဟော့ . . . သွားကြမယ်လေ၊ ဘာလုပ်နေကြတာလဲ"

အမိန့်ပေးသလို လေသံဖြင့် မောင် ထပ်ပြောလိုက်မှ ယမုံနှင့်ရွှေရည်တို့ ကပျာကယာ ထရပ်လိုက်ကြသည်။ ဝေယံ့ထံသို့လည်း ယမုံအကြည့်ပို့မိ၏။

မသိမသာ ဝေယံ့ကိုအကဲခတ်ရင်း ယမုံ စိတ်တိုနေမိပြန်သည်။ သူ့မှာ ဘာအပြစ်မှမရှိတဲ့အတိုင်းနဲ့ ယမုံ့ကိုကြည့်နေပုံက



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်နေလိုက်တာ။ အဲဒီပုံစံကြောင့် ယမုံ့စိတ်တွေ မရှိးမရွ ဖြစ်နေရသည်။ ပေါ်တင်ပဲမေးလိုက်ရရင်တော့ ကိုယ့်အတွက်နဲ့ ထပ်ပြီး သူ အရှက်ရနေမှာစိုးလို့ ... ဟွန်း။

မောင့်ရဲ့ဦးဆောင်မှုနဲ့ လေးယောက်သား ထွက်ခဲ့ကြတော့ မနေ့ကလိုပဲ ဆိုင်ဝန်ထမ်းတွေ လက်တို့ပြီးပြောကာ ကျန်ခဲ့ကြလေသည်။

မျက်နှာပူပူနဲ့ပဲ ယမုံနှင့်ရွှေရည် လိုက်ခဲ့ရသည်။

ဒီနေ့လည်း မနေ့ကအတိုင်း မြန်မာထမင်းဟင်းများနဲ့သာ မောင်က ညှော်ခံကျွေးမွေးခဲ့သည်။

အစားအသောက်စားနေချိန်တစ်လျှောက်လုံး ယမုံ့မျက်လုံးတွေက ဝေယံ့ကို အလွှတ်မပေး။ ခိုးခိုးကြည့်နေရတာ အလုပ်တစ်ခုလို။

သို့သော် ဝေယံ အမှန်ပင် ဣန္ဒြေရနေပါ၏။ အစားအသောက်ကလွဲ၍ ဘာကိုမှ စိတ်ဝင်စားဟန်မပြ။

စိတ်ရှိလက်ရှိ မျက်နှာကို လက်သည်းရှည်နဲ့ ထကုတ်ရရင် အပြောင်းအလဲမြန်တဲ့ ဒီလူ့မျက်နှာ ပျက်စီးရချည်သေးရဲ့လို့ စိတ်ထဲက တွေးရင်း ယမုံ စိတ်တွေ နောက်ကျိနေရလေသည်။





မောင်ကတော့ ဒီအဖွဲ့ကို ဦးဆောင်လာသူပီပီ ဘာမှ မလေစ်ဟင်းစေရ။ အားလုံး အလျှံပယ်ပင်။

သို့သော် ထိုနေ့ အိမ်ပြန်အရောက်မှာ ရွှေရည်ကို ရင်ဖွင့်မိသည်ထိ ယမုံ စိတ်လွတ်သွားခဲ့သည်။

"ရွှေရည် ... ငါ အဲဒီအလုပ်က ထွက်ချင်ပြီဟာ"

"ဟင် ... တစ်ပတ်တောင် မပြည့်သေးဘဲနဲ့ ဘယ်လိုဖြစ်ရတာလဲ ယမုံ"

အခြေအနေကို ရိပ်စားမိပေမယ့် ရွှေရည် မသိသလိုဟန်နှင့် မေးလိုက်သည်။

ယမုံ့မျက်နှာလှလှလေး ဒေါသကြောင့် နီရွေးရွေးဖြစ်လျက် ...

"နင်လည်း အဲဒီမှာကုပ်ရတာ စိတ်ညစ်နေတာ ငါသိပါတယ် ရွှေရည်၊ ငါ့ကို နင်ဖွင့်မပြောပေမယ့် နင့်မျက်နှာက အရိပ်အကဲကို ငါဖတ်တတ်ပါတယ်၊ ကိုမြတ်နိုးမောင်ကြောင့် နင် ခံစားနေရတယ်မဟုတ်လား၊ အဲဒါဆို ငါ့ကိုမေးတဲ့မေးခွန်း အတွက် ငါဖြေစရာလိုသေးလား၊ တစ်နေ့တစ်နေ့ ဘာအလုပ်မှလည်း မယ်မယ်ရရမရှိဘဲ အဲဒီအခန်းထဲမှာ နေရတာ ကြာရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ အသက်ရှူရပ်သွားနိုင်တယ်၊ ပြီးတော့ ဝေယံဆိုတဲ့သူ ငါ့ကို ဘာအဓိပ္ပာယ်နဲ့ လှည့်စားနေသလဲဆိုတာ မသိရသ၍ ပိုအနေရ ခက်တယ်''

''သူက''

ရွှေရည်မေးခွန်းထုတ်တဲ့မျက်နှာလေးနဲ့ ယမုံကို မျက်ခုံး ပင့်ကြည့်လိုက်သည်။

''ဟုတ်တယ်၊ သူနဲ့ငါပဲသိတဲ့ အနေအထားမှာ နင့်ကို တောင် ငါဖွင့်ပြောရခက်နေတယ် ရွှေရည်၊ လက်ဆုပ်လက်ကိုင် မပြနိုင်သေးတော့ ငါ့မှာသာ တစ်ဖက်သတ်ကြီးကိုဖြစ်လို့''

စိတ်တိုင်းမကျသည့် လေသံနှင့်အတူ ယမုံ့မျက်နှာ အပြောင်းအလဲတို့ကလည်း မဲ့လိုက် ရွဲ့လိုက်။

ကိုယ့်ခံစားချက်ကိုတောင် ရွှေရည် ရင်မဖွင့်ရဲလောက် အောင် ဆွံ့အနေတော့သည်။

ကိုယ့်မျက်စိရှေ့မှာ တွေ့နေရတာလောက်က ယမုံ ဒီ လောက်ခံစားချက် ပြင်းထန်စရာမလို။ အခုဟာက တစ်ခုခု ဆက်နွယ်မိနေကြသလို အနေအထားမျိုး။ ဒါကို ဘာလို့ သူမ မသိရတာလဲဟု တွေးကာ ကိုယ့်ကိုယ်ကိုယ် ဘဝင်မကျချင်။





နောက်မှ စိတ်ကိုဖြေလျှော့ပြီး အဖြေရှာပြီးတော့ ကိုယ် လည်း ကိုယ့်အပူနဲ့ကိုယ် ရင်ပူကပ်နေရတာဆိုတော့ ယမုံအဖြစ် ကို သတိမထားမိချိန်လည်း ရှိချင်ရှိနိုင်တာပဲ။

အခုလည်း ရောက်ကတည်းက ခြံထဲဆင်းသွားလိုက်တာ ပြန်တက်မလာသေး။ မှောင်စပင်ပျိုးလာပြီ။

တော်သေးသည်။

အိမ်ရှင်အပျိုကြီး တရားစခန်းဝင်နေချိန်မို့။

သူသာရှိလို့က ဘာဖြစ်နေကြတာလဲလို့ မေးလျှင် အဖြေ ရ ခက်တော့မည်။

သွားဆင်းခေါ်မှပဲဟု ရွှေရည်တွေးကာ ခြံထဲသို့အလာ လည်ပင်းလေးရှည် ခေါင်းလေးတစောင်းစောင်းနဲ့ ဘာကို သဲ ကြီးမဲကြီး ကြည့်နေမှန်းမသိသော ယမုံနောက်နားကနေ အသာ ချောင်းကြည့်မိလေသည်။

ဟင် . . . ရွှေရည်မျက်လုံးလေး ဝိုင်းသွားရ၏။

ယုံတောင် မယုံ။ သူမှ သူအဲ့စစ်ပဲ၊

ကိုဝေယံလင်း . . . ဟုတ်ပါသည်။

ကြည့်စမ်း . . .။ လက်စသတ်တော့ မပွင့်မလင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေ ကိုယ်စီခံစားရင်း ဟန်ဆောင်မှုတွေနဲ့ နေနေကြရတာကိုး။

လက်တွေ့မှာ ကိုယ့်ကိုယ်ကိုယ် ညာတဲ့အကျိုးတွေပဲလေ၊

ယမုံမတွေ့အောင် ခြေဖော့နင်း၍ သက်ပြင်းတစ်ရှိုက်နဲ့အတူ အိမ်ထဲပြန်ဝင်ခဲ့လိုက်လေသည်။

အိမ်ထဲရောက်မှ ပြန်လှည့်ကြည့်တော့ မှောင်ရိပ်ကနေထွက်သွားသော အရိပ်လေးတစ်ရိပ် လမ်းဘေးမီးတိုင်၏ အလင်းရောင်နှင့် အထင်းသားတွေ့လိုက်ရသည်။

ရွှေရည် သက်ပြင်းချမိပြန်သည်။

ဆိတ်ကွယ်ရာဆိုတာ ဘယ်မှာရှိလို့တုံးဟုလည်း ဆင်ခြင်လိုက်မိ၏။

ဒါဆို ငါခံစားနေရတာကိုရော ယမုံများ ရိပ်မိနေရော့လား ... ဟူသောအတွေးကြောင့် ထိတ်ခနဲ ရင်ခုန်လျက် ယမုံအိမ်ထဲဝင်မလာမီ လှစ်ခနဲ အခန်းထဲ ဝင်ခဲ့မိလေသည်။

✲ ✲ ✲





## အခန်း (၁၂)

"ဝေယံ ... မင်း ညက ဘယ်သွားနေလဲ၊ ငါ ဂိမ်းဆော့ရင်း စောင့်နေတာ မစောင့်နိုင်တော့လို့ ဝင်အိပ်လိုက်ရတယ်"

မနက် လက်ဖက်ရည်ဝိုင်းကို ဆင်းလာသော ဝေယံအား ထမင်းစားခန်းထဲမဝင်မီ ဘွားမကြားစေရန် မောင် တိုးတိုးလေးကပ်မေးလိုက်ခြင်းဖြစ်သည်။

ဝေယံ ထမင်းစားခန်းထဲက ဘွားကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ဘွားရော မေးနေသေးလား"



www.burmeseclassic.com

www.burmeseclassic.com



လေသံမျှ ပြန်မေးလိုက်လေသည်။

"မမေးပါဘူး၊ သိတောင်သိရဲ့လားမသိဘူး၊ မင်းက ဘယ်ကိုအလေလိုက်နေလို့လဲ"

"အလေလိုက်တာ မဟုတ်ပါဘူးကွာ၊ ငါ ညက နည်းနည်းသောက်ထားလို့ ဘွားသိမှာစိုးတာနဲ့ နောက်ကျခံပြီး ပြန်ခဲ့တာ"

ခပ်ပေါ့ပေါ့ ပြန်ဖြေပြီးမှ နှာခေါင်းရှုံ့ပြ၍ မောင် ထပ်မေးလိုက်သည်။

"တော်စမ်းပါကွာ၊ ဒီထက်ကောင်းတဲ့ဆင်ခြေပေးစမ်းပါ၊ မင်းကို ငါ သိပ်မယုံချင်တော့ဘူးနော်"

ပခုံးတွန့်၍ မျက်နှာကိုပြောင်ချော်ချော်လုပ်ကာ ဝေယံ့ ပါးနားကို မောင် ခေါင်းစောင်းချလိုက်ပြီး အံကြိတ်သံဖြင့် ပြောရင်း ထမင်းစားခန်းထဲသို့ အရင်ဝင်ခဲ့လိုက်သည်။

မောင် ရှေ့ကဝင်သွားသည်နှင့် ခေါင်းကို တစ်ချက်နှစ်ချက် သပ်တင်လိုက်ပြီး ဝေယံ နောက်ကနေ ဝင်လိုက်လာရင်း ဘွားအေဖြစ်သူ၏ မျက်နှာအရိပ်အကဲကို မသိမသာ အကဲခတ်လိုက်မိသည်။





ပုံမှန်အနေအထားပဲမို့ လွတ်နေတဲ့ခုံမှာ ဝင်ထိုင်ကာ ကရားထဲမှကော်ဖီအား ပန်းကန်လုံးထဲသို့ ဣန္ဒြေရစွာ ငှဲ့ထည့်လိုက်သည်။

မုန့်ပန်းကန်ထဲမှ မုန့်ကိုလှမ်းယူရန် လက်လှမ်းလိုက်စဉ် ...

"ငါ့မြေးဝေယံတစ်ယောက် ဘာစိတ်ဆင်းရဲစရာတွေ ရှိနေလဲကွယ်"

ဝေယံ ထမင်းစားခန်းထဲ ဝင်လာစဉ်က မော့ကြည့်လာပြီး ပုံမှန်အပြုံးတစ်ချက်နဲ့အတူ ကော်ဖီကို အေးဆေးစွာ သောက်နေသော ဘွားအေ၏အနေအထားက သူ့အပေါ် ဘာမှပြောစရာ မရှိသည့်ပုံ။

ဒီတော့ စိတ်သက်သာရာရပြီး အေးအေးဆေးဆေးပဲ ကော်ဖီသောက်ရန် စိတ်ကူးလိုက်မိတာ။

ခုတော့ ထင်မှတ်မထားဘဲ ဖြုန်းခနဲ မေးလိုက်တော့ မုန့်ယူရန် လှမ်းနေတဲ့လက်တောင် တွန့်သွားရ၏။

အစက အလုပ်ရှင်အနေနဲ့ သိထားတုန်းက ရှိသေလေးစားခဲ့ရတာက တစ်မျိုး၊ အခု ကိုယ့်သွေးသား ကိုယ့်အဘွား



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သိရပြီးမှ ချစ်ကြောက်ရှိသေရတာက ခံစားချက်တစ်မျိုးမို့ ဘွားရှေ့မှာ အပြစ်မဖြစ်အောင် အမြဲနေခဲ့သူပါ။

ဒီရက်ထဲ ခြေလှမ်းတွေမှားနေတဲ့ ကိုယ့်အား ဘွား ရိပ်မိမယ် ထင်မထားခဲ့။

အခု ဘာကြောင့် မေးတာပါလိမ့်၊ ဝေယံ အတွေးနဲ့အတူ အဘွားဖြစ်သူကို မရွံ့မရဲနဲ့ လှမ်းကြည့်လိုက်ပြီး ...

"ဘာစိတ်ညစ်စရာမှ မရှိပါဘူး ဘွားရဲ့ ... အဟင်း ... ဘာဖြစ်လို့လဲဟင်"

လို့ သွားဖြဲလေးနဲ့မေးပြီး မောင့်ကိုပါ လှမ်းကြည့်လိုက်မိသည်။ မချိုမချဉ်မျက်နှာလေးနဲ့ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ လုပ်နေတာတွေ့တော့ အသံတိတ် မေတ္တာပို့လိုက်မိပါ၏။

ဟုတ်တယ် ... ဘွားဆူတာကို သူက ကျေနပ်နေပုံနဲ့ ပြုံးစိစိ လုပ်ပြနေတာကိုး။

စိတ်ထဲက မပါမှန်းသိပေမယ့် ပုံစံကိုကြည့်မရ၍ မေတ္တာပို့နေမိသည်။

ဒေါ်အိမ်စိုး မြေးနှစ်ယောက်ကို တစ်လှည့်စီကြည့်၍ ...

"မြေးတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အခင်





မင်မပျက်, အချစ်မပျက်ကြတာ ဘွားတွေ့နေရပါတယ်၊ ဒါပေမဲ့ လူခြေတိတ်ချိန်ထိ ခြံထဲမှာ တစ်ယောက်တည်း စဉ်းစားတွေးတောနေတတ်တဲ့ ဝေယံ့ကို ဘွားမစဉ်းစားတတ်အောင်ဘဲ၊ မြေးပြောမှ ဘွားတို့လုပ်ပေးနိုင်တာရှိရင် လုပ်ပေးလို့ရမှာပေါ့၊ ပွင့်ပွင့်လင်းလင်းပေါ့ မြေးရယ်၊ တစ်ယောက်တည်း ကျိတ်ခံစားနေမယ့်အစား ရင်ဖွင့်လိုက်ပါလား၊ ညီအစ်ကိုချင်း ပိုတောင်ရင်ဖွင့်လို့ကောင်းသေးတယ်"

ခက်ပါလားလို့ ဝေယံ ညည်းတွားရင်း အဲဒီ ညီဆိုတာကြီးကြောင့် ပိုခက်သွားတာ ဘွားရေ ... လို့သာ အော်ပြောလိုက်ချင်တော့သည်။

မောင်က ခြေထောက်လေး တလှုပ်လှုပ်၊ ခေါင်းလေး တညိတ်ညိတ်နှင့် ပြုံးစိစိလုပ်ပြီး ဘယ့်နှယ်လဲဆိုတဲ့သဘောနဲ့ သူ့ကိုကြည့်နေပြန်တော့ ဆောင့်အောင့်ပြီး မျက်နှာလွှဲလိုက်ရသည်။

ဘွားကို ပြန်ဖြေရန် အခက်တွေ့နေဆဲ ...

"မြေးမှာ ချစ်သူတွေ ဘာတွေရှိနေလား"

ဘွားကပဲ ထပ်မေးလာတော့ ဝေယံ အခက်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ဖြေရခက်တဲ့မေးခွန်းကိုမှ ဘွားက ရွေးမေးလာခဲ့သည်။ အကြောင်းပြချက်အရင်းခံက အဲဒီကိစ္စပဲ မဟုတ်လား။

ကော်ဖီခွက်ကို ကိုင်ပြီး စိတ်ကိုငြိမ်အောင်ထားလျက် ဝေယံ ခေါင်းမော့ကာ ...

"ချစ်သူရှိနေလို့ မဟုတ်ပါဘူး ဘွားရယ်၊ ကိုယ့်ဘဝရဲ့ အံလှည့်အပြောင်းကို သိရပြီး စိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့ပါ"

လို့ ဖြေပြီးမှ မောင့်ကို မလုံမလဲနဲ့ ကြည့်မိပြန်သည်။ တရားခံကိုကြည့်နေသော တရားသူကြီးနှယ် မောင့်မျက်လုံးက စူးစမ်းဟန်အပြည့် ရှောင်ကွင်းရန်မလွယ်လေတော့ ဝေယံကပဲ ဦးစွာ မျက်လွှာချလိုက်ရသည်။

"ဘာလဲ ... မြေးက မြေးအဖေ အသိအမှတ်ပြုတာကို ခံချင်သေးတာလား၊ ဒါတွေ စိတ်ထဲမထားပါနဲ့ မြေးရယ်၊ ဘွား အသိအမှတ်ပြုဖို့က အဓိကပဲ မဟုတ်လား၊ ဟောဒီက မင်းရဲ့ညီ တော်မောင်ကလည်း အသိအမှတ်ပြုပြီးသားပဲဟာ၊ ဘာလိုသေး လို့လဲ ... ပြောပါဦး"

မျက်နှာကို တကြည့်ကြည့်ဖြင့် တစ်မေးတည်းမေးနေတော့ အဘွားဖြစ်သူကို အားနာလာရကာ ...





"ဟင့်အင်း ... ဘာမှမလိုပါဘူး ဘွားရဲ့၊ နောက်ကို ဘွားစိတ်ဆင်းရဲမယ့် အပြုအမူမျိုး မနေဖြစ်အောင် ဆင်ခြင်ပါ့ မယ်၊ အခုလည်း ဘွားစိတ်မကောင်းဖြစ်နေရတာသိတော့ ကိုယ့် ကိုယ်ကိုယ်တောင် အပြစ်တင်မိပါတယ်၊ ခွင့်လွှတ်ပါ ဘွားရယ် နော်"

အဘွားဖြစ်သူ၏လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း ပျာပျာ သလဲပင် ဝေယံ တောင်းပန်နေမိပါ၏။

"ခွင့်လွှတ်ပါတယ်တော် •ခွင့်လွှတ်ပါတယ်၊ ဒီလောက် လည်း တောင်းပန်စရာမလိုပါဘူး မြေးရယ်၊ ဘွားက ဒီမြေး နှစ်ယောက်စလုံးကို အမြဲတမ်း တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ပဲ မြင်ချင်တာ၊ အဲဒါကြောင့် ဘာလိုအပ်သလဲ ပွင့်ပွင့်လင်းလင်း ပြောစေချင်တယ်လေ"

"ဟုတ်ကဲ့ ... နောက်ကို ဘွားစိတ်တိုင်းကျ ဖြစ်စေရပါ့ မယ်"

မျက်နှာငယ်လေးနှင့် ဝေယံ ကတိပေးလိုက်လေသည်။

"ဒါနဲ့ မြေးတို့ ဆိုင်နှစ်ရက်တောင် ပိတ်တယ်ဆို၊ ဘာ ဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ဘွားရယ်၊ မောင်ပေါ့ ... မနေ့ကညနေက မှ ဆိုင်နှစ်ရက်ပိတ်ရအောင်ဆိုတာနဲ့ ပိတ်လိုက်တာပဲ၊ ဝန်ထမ်း တွေကတော့ ဝမ်းသာသွားကြတယ်လေ"

"ဒီလို ဘွားရဲ့ ... နှစ်သစ်ကူးဖို့ နှစ်ရက်လိုတယ် မဟုတ်လား၊ အဲဒီနှစ်ရက်ပိတ်ပေးပြီး ဆိုင်ပြန်ဖွင့်တဲ့နေ့မှာ ဝန် ထမ်းတွေအတွက် ပျော်ပွဲရွှင်ပွဲလေးလုပ်ပေးမလို့ ရည်ရွယ်မိတာ ပါ၊ ဒါမှ ဝန်ထမ်းတွေ စိတ်ပင်ပန်းထားသမျှ အပန်းပြေသွား မှာပေါ့ ... မဟုတ်ဘူးလား ဘွားရယ်"

ခပ်မြူးမြူးလေး မောင်ပြောလိုက်ပြီး ဝေယံကို မျက်စိ တစ်ဖက် မှိတ်ပြလိုက်လေသည်။

ဒီကောင် ဘာလို့ ဒီလောက်အူမြူးနေရတာလဲဆိုတဲ့ အကြည့်နဲ့ ဝေယံပြန်ကြည့်နေမိ၏။

မောင်က လုံးဝ ဂရုမစိုက်ပါ။ ပြောင်ချော်ချော်မျက်နှာ ပေးနှင့် ဝေယံကို ဆက်နောက်နေလိုက်သေး၏။

"မင်းကိုလည်း နှစ်ကူးလက်ဆောင်ပေးမယ်၊ ကြိုတင် ရင်ခုန်နေ ... သိလား"

လို့ပြောခဲ့ပြီး ထမင်းစားခန်းထဲကနေ မောင် အရင်





ထွက်ခဲ့လိုက်သည်။

ဒေါ်အိမ်စိုးကတော့ သင့်သင့်မြတ်မြတ်ရှိကြသော မြေး နှစ်ယောက်ကိုကြည့်ပြီး ပီတိဖြစ်လို့ မဆုံးနိုင်။

"မောင် ဘယ်လဲ"

"နိုး ... ပြန်လာမှပြောမယ်"

အပြင်ထွက်ရန် ဟန်ပြင်နေသော မောင်ကို ဝေယံ လှမ်းမေးလိုက်ပေမယ့် လက်တစ်ဖက်ထောင်ပြပြီး မောင် ထွက် သွားတော့သည်။

စိတ်ထဲမှာ ပြုံးရွှင်ရယ်မောမပျက် မောင်နေခဲ့သော်လည်း ကားမောင်းထွက်လာသည်နှင့် မောင့်မျက်နှာ ညှိုးကျသွားရ သည်။

ဟန်ဆောင်နေရခြင်းအတွက် ရင်မောလွန်း၍ အပြင် ထွက်ကာ ထွက်ပေါက်ရှာမိခြင်းပင်။

ထွက်သာလာခဲ့ရတယ် ဘယ်သွားရမှန်း မသိသေး။ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ကိုလည်း အတည်မပြုရသေး။ ချီတုံချတုံနှင့် ဆုံးဖြတ်ရ ခက်နေတုန်းပင်။

အဲဒါနဲ့ပဲ စိတ်အေးချမ်းမည့် နေရာကိုရွေးချယ်၍ ရွှေတိဂုံ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသို့ ထွက်လာခဲ့သည်။

ကားရပ်လိုက်ပြီးခါမှ ဘုရားပေါ်မသွားချင်သေးတာနဲ့ မဟာဝိဇယစေတီဘက် အရင်သွားလိုက်ဦးမယ်လို့ တွက်ကာ ဆက်မောင်းလာခဲ့မိသည်။

ကားများရပ်ရန် စီစဉ်ပေးထားသော နေရာတွင် ကားကို ရပ်ထားခဲ့ပြီး လိုဏ်ဂူအတွင်း ဝင်ခဲ့လိုက်သည်။

ဘုရားရိပ်ကို ခိုလှုံမိသည်နှင့် မောင့်ရင်မှာ အေးချမ်းသွားသလို ခံစားရတာမို့ ဘုရားဝင်းအတွင်း လှည့်ပတ်၍ ကြည်ညိုသဒ္ဒါပွားနေမိသည်။

ဘက်စုံမွမ်းမံရန်ဟူသော အလှူဌာနတွင် အလှူငွေ ထည့်၍ ပြန်ထွက်ရန် မောင် လှည့်အလိုက်တွင် . . .

"ဟယ် . . . ဦးမောင်တစ်ယောက်တည်းလားဟင်"

မထင်မှတ်ဘဲ မြယမုံနှင့်ရွှေရည်တို့အား ပက်ပင်းတိုးမိတော့သည်။

ကိုယ့်ကိုနှုတ်ဆက်ပြီး ဟိုရှာဒီရှာ ရှာနေသောမြယမုံကို အောင့်သက်သက်နှင့်ပြုံးပြ၍ . . .

"ဟုတ်တယ် . . . ကိုယ်တစ်ယောက်တည်းပဲ၊ မြယမုံနဲ့





မရွှေရည်တို့ရော ဘုရားလာဖူးကြတာလား"

နှစ်ယောက်လုံးကို သိမ်းကျုံးကြည့်၍ ပြန်နှုတ်ဆက်လိုက်ရသည်။

"အားတဲ့ရက်လေး စိတ်အေးလက်အေး ဘုရားဖူးကြမယ်ဆိုပြီး မနက်ကတည်းက ထွက်လာကြတာ၊ ဦးမောင် ပြန်တော့မလို့လား"

"ပြန်တော့မယ်လေ၊ ကိုယ်ရောက်နေတာ ကြာနေပြီ၊ အရေးကြီးတဲ့ အလုပ်တစ်ခုလည်း လုပ်စရာရှိသေးလို့ . . . ပြန်ဦးမယ်၊ မြယမုံရော မရွှေရည်ပါ နှုတ်ဆက်တယ်နော်"

အပြုံးချိုချိုဖြင့် ဟန်ပါပါ ပြောကာ လက်ပြနှုတ်ဆက်၍ ရေးကြီးသုတ်ပျာနှင့် ထွက်သွားသော မောင့်အား မြယမုံနှင့် ရွှေရည်တို့ ခေါင်းညိတ်ပြလိုက်ပြီး ထွက်သွားရာသို့ လှည့်ပတ်ကာ လိုက်ကြည့်နေမိကြလေသည်။

ဘာတွေအရေးကြီးသွားပါလိမ့်လို့ နှစ်ယောက်သား အတွေးတူစွာ တွေးနေမိကြလေသည်။

သည်လို ဆုံတုန်းဆုံခိုက် ထမင်းဖိတ်ကျွေးပါရစေတို့ ဘာတို့ပင် လေမဖောနိုင်တော့တာ အတော်အရေးကြီးလို့ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ တွေးဖြစ်ကြ၏။

မျက်စိရှေ့ကနေ သူပျောက်သွားမှပဲ သူမတို့နှစ်ယောက် ဘုရားဝတ်ပြုရန် သတိရကြတော့သည်။

ဒီလိုနှင့် လရောင်ကွေးကွေး ညချမ်းအချိန်လေးကို ရောက်ရှိလာပြန်တော့သည်။

ထိုသို့သော ညချမ်းအချိန်လေးကို ကိုယ်စားပြု၍ နေ့စဉ် အချိန်မှန်မှန် ဝတ္တရားမပျက် သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသူများမှာဖြင့် ...။

ခြံထဲဆင်း၍ ယုဇနပင်ကို ကွယ်ရင်း မြယမုံ ထိုင်နေမိသည်။

ရောက်လာနေကျအချိန်ကို မှန်းကာ ထိုင်နေခြင်းပင်။ မကြာလိုက်ပါ။ တရွေ့ရွေ့ ခြံနားကို ချဉ်းကပ်လာပြီး ထုံးစံအတိုင်း ဗာဒံပင်ကိုမှီ၍ ဘာမှမမြင်ရပါဘဲ ခြံထဲကိုငေးကြည့်နေသူအား အသက်ပင်မရှူနိုင် မြယမုံ မှောင်ထဲမှနေ စိုက်ကြည့်နေမိပါ၏။

ဒီလိုပဲ တအုံနွေးနွေးနဲ့နေပြီး ဘယ်ထိ ဟန်ဆောင်နေမလို့ပါလိမ့်။

စိတ်ပေါက်ပေါက်နဲ့ ထွက်တွေ့လိုက်ရရင်ကောင်းမလား။





အဲလိုဆိုပြန်တော့ မိန်းမသားမာန၊ မိန်းမသားသိက္ခာကို ထိပါးမှာ စိုးရသေးသည်။

ဘာလဲ ... မတူလို့ မတန်လို့ ဖွင့်မပြောဘဲ မျိုသိပ်နေတာလား၊ ဒါမှမဟုတ် ပိုင်ဆိုင်သူရှိနေပြီးမှ ခြေရှုပ်ချင်တာလား။

မခံချိမခံသာဖြင့် မြယမုံ ရောက်တတ်ရာရာတွေး၍ ကြိတ်မနိုင်ခဲမရ ဖြစ်နေတော့သည်။

သူ့အကြည့်တစ်ချက်မှာ နစ်မျောမိတဲ့ ကိုယ့်စိတ်ကိုပဲ အပြစ်တင်ရတော့မှာဟု တွေးနေဆဲ မှောင်ရိပ်ထဲကနေ ထွက်ခွာသွားသောလူတစ်ယောက်ကို အားမလိုအားမရနှင့် လိုက်ကြည့်နေမိတော့သည်။

လေးတွဲသောခြေလှမ်းများနှင့် ခေါင်းငိုက်စိုက်ချကာ လျှောက်လှမ်းလာသော ဝေယံ စိတ်အစဉ်ကလေးနဲ့အတူ လွင့်မျောလျက် စိတ်နဲ့ကိုယ် မကပ်သလို ပေါ့ပါးလွတ်ထွက်နေသည့်အလား။

လမ်းချိုးလေးကိုကွေ့ရန် ခြေလှမ်းပြင်လိုက်ပြီးမှ နောက်ဆံတင်းစွာ သံယောဇဉ်မပြတ် လာရာလမ်းကို သမင်လည်ပြန် လှည့်ကြည့်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မျက်နှာကို ကောင်းကင်သို့မော့လျက် လေကို တဝကြီးရှူသွင်းလိုက်မိလေသည်။

မဖြစ်နိုင်မှန်းသိသိကြီးနှင့် မိုက်မဲစွာ ရူးသွပ်နေမိသော စိတ်အား ထွက်ပေါက်ပေးသည့်အနေနှင့် စောစောက ရှူသွင်းထားသောလေကို အားရပါးရ မှုတ်ထုတ်လိုက်ပါလေ၏။

ပြီး ခြေလှမ်းကို ရှေ့သို့ ဆက်လှမ်းလိုက်လေသည်။

ထိုစဉ် နံဘေးကို လာရပ်လိုက်သော ကားတစ်စီးကြောင့် ဘေးကိုရှောင်ပေးရင်း မဆင်မခြင် မောင်းလာသောကားမောင်းသမားအား ဒေါသဖြင့် ပြောရန်ပြင်ဆဲ တဖြည်းဖြည်းချင်း ကျလာသော ကားမှန်ကိုကျော်၍ တွေ့လိုက်ရသောသူကြောင့် ဝေယံ အံ့ဩမှင်တက်မိသွားရလေသည်။

ရင်ထဲမှာတော့ တီးတိုးရေရွတ်လိုက်မိသည်။

"မောင်" ထိုသို့ တီးတိုးရေရွတ်လိုက်မိပါ၏။ မျက်နှာက ကွက်ခနဲ ပျက်သွားရ၏။

ကားထဲမှ မချိုမချဉ်မျက်နှာပေးနှင့် မောင်ကတော့ ဝေယံ၏ ကြောင်တောင်တောင်အမူအရာကို မနှစ်မြို့သည့်အလား နှုတ်ခမ်းကွေးညွတ်ယုံလောက်သာ ပြုံးလျက် ...





"တက်လေ ဝေယံ၊ ဘယ်အထိ လမ်းလျှောက်နေမှာလဲ"

ကားတံခါးကိုပါ အရန်သင့်ဖွင့်ပေးရင်း မောင် ခပ်ဆတ်ဆတ်ပြောလိုက်မှ လေးဖင့်သောခြေလှမ်းများနှင့် ကားပေါ်သို့ ဝေယံတက်ထိုင်လိုက်သည်။

ဝူးခနဲ ကားကို မောင်းထွက်ခဲ့ပြီး ဝေယံဘက်သို့ မောင် စောင်းငဲ့ကြည့်၍ ...

"ငါ့ကို ဘာဆင်ခြေပေးဦးမလဲ ဝေယံ၊ မင်း စိတ်လှုပ်ရှားခဲ့ရတဲ့ ကောင်မလေးဟာ မြယမုံပဲလို့ အစကတည်းက ဖွင့်ပြောခဲ့ရင် ဒီဇာတ်လမ်းဟာ ဒီလောက်ရှုပ်စရာမလိုဘူး၊ အခုတော့ မဆိုင်သူတွေ စိတ်အနှောင့်အယှက်ပေးသလို ဖြစ်နေရပြီ"

ဝေယံ ဖျတ်ခနဲ လှည့်ကြည့်လျက် ...

"ဘာဆိုင်လဲ"

"အဟွန်း ... ဒီလိုကျတော့ မေးတတ်သား၊ ဘာလို့ မဆိုင်ရမှာလဲ၊ ဆိုင်လိုက်တာမှ ဆိုင်ဆိုင်တောင် မြည်နေသေးတယ်၊ မင်းနဲ့ မြယမုံအခြေအနေကို ငါရိပ်မိနေတာ ကြာပြီ၊ မင်း ဝန်ခံမလားလို့ ငါစောင့်ကြည့်နေခဲ့တာ၊ ခြေလှမ်းပျက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို အခုလို လက်တွေ့မဖမ်းနိုင်သေးလို့ ငါ ဖွင့်မမေးသေးတာ''

ထိရောက်လွန်းသော မောင့်စကားကြောင့် ဝေယံ အသံတိတ်သွားတော့သည်။

တိတ်ဆိတ်နေတဲ့ကားထဲမှာ အသက်ရှူသံကိုပင် ကျယ်လောင်လွန်းသည်ဟု မောင် အထင်ရောက်လျက်။

''ဘာလို့စကားမပြောတာလဲ ဝေယံ၊ အမှန်ဆို မင်းတို့ချင်းက နှလုံးသားချင်း စကားပြောနေခဲ့ကြတာ မဟုတ်လား၊ မျက်လုံးအကြည့်တွေကရော, နှုတ်က ဖွင့်ပြောစရာမလိုအောင်ကို အပြေက ပြီးပြည့်စုံနေခဲ့ကြတာ မင်းတို့ချင်း သိမှာပါ ငါ့ကြောင့် ဒီလိုဖြစ်ရတာတော့ ငါစိတ်မကောင်းဘူး ဝေယံ''

''အာ ...အဲလိုမဟုတ်ဘူးလေကွာ''

ဒီလိုတော့လည်း ဝေယံ ပျာပျာသလဲ ငြင်းမိပါသည်။

''ဘာလို့မဟုတ်ရမှာလဲကွာ၊ ငါနှစ်သက်လို့ ကြိုးစားနေခဲ့တာ မြယမုံမှန်း မင်းသိထားတာလေ၊ အေး ...မင်း ချစ်ခင်စုံမက်ခဲ့တာလည်း မြယမုံပဲဆိုတာ မင်းသိလိုက်ကတည်းက ငါ့ကြောင့် နောက်ဆုတ်ခဲ့တာမဟုတ်လား၊ ငါကတော့ မင်းကောင်





မလေး အလုပ်တကယ်လာမလျှောက်ဘူးဘဲ ထင်ထားခဲ့တာ၊ နောက်မှ မင်းရဲ့ခြေလှမ်းတွေ ပျက်လာတာကို မသင်္ကာလို့ သတိထားကြည့်နေမိရာက အခုလို သက်သေပြလိုက်နိုင်တာပဲ၊ ကဲ ...မင်း ဘာငြင်းမလဲ''

မှန်ကန်သောစကားများမို့ ဝေယံ မောင့်မျက်နှာကို ရဲရဲမကြည့်ရဲတော့။ ရှေ့တူရှုကိုကြည့်၍ အသက်ကိုမှန်မှန်ရှူနေရ၏။

အမှန်တကယ်လည်း မောင့်စကားများကို မငြင်းနိုင်။ မောင်ပြောသလိုပဲ မောင့်ကြောင့် ထိုသို့ဖြစ်ခဲ့ခြင်းပင်။ ၂၁ ထမတော့ ကိုယ့်ကျေးဇူးရှင်မို့ မိန်းကလေးတစ်ယောက်အတွက်နှင့် ပြိုင်ဘက်လို သဘောမထားလိုခြင်းပင်။

ပြီးနောက် ကိုယ့်ညီအရင်းလို့ သိလာပြန်တော့ ရှေ့ကိုတိုးရန် ဝန်လေးခဲ့ရသည်။ သို့သော် နှလုံးသားကို ညာမရသည့် အဆုံး စိတ်ထွက်ပေါက်အဖြစ် ချစ်သူရှိရာသို့ ခိုးချောင်းခိုးဝှက်ရောက်လာကာ မမြင်တွေ့ရပေမယ့် ငဲ့မျှော်ကြည့်ရင်း စိတ်ကိုဖြေခဲ့ရသည်။ ချစ်သူကတော့ သိမည်မထင်။

''ငါတို့ တစ်ခွက်လောက် မော့ရအောင်ကွာ၊ ညစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ လစ်ကုန်အောင်လေ''

တိတ်ဆိတ်နေသော ကားအတွင်းမှာ မောင့်စကားက လွှမ်းမိုးသွားပြန်သည်။

''ငါ မသောက်တတ်ဘူး မောင်''

မပွင့်တပွင့်နှင့် ဝေယံပြောတော့ မောင် ပျစ်ပျစ်နှစ်နှစ် မေတ္တာပို့လိုက်ပြီး . . .

''သေလိုက်ပါလား၊ မင်း အဲသလို မလုပ်တတ်တဲ့ အတွက် ပိုခံစားနေရတာပေါ့၊ တစ်ခွက်လောက်သောက်ပြီး မူး သွားရင် ဇိမ်ပွ့တဲ့နေရာမှာသာ ထိုးအိပ်ပစ်လိုက်၊ အဟဲ ဟဲ . . . အားလုံးကိုမေ့သွားရော''

မောင့်ရဲ့ဒဿနကို ဝေယံ နားထောင်ရင်း မျက်တောင် မခတ်ဘဲ မောင့်ကိုကြည့်နေမိသည်။

အရေးထဲ သူက ရယ်နိုင်သေးတယ်ဟု ချီးကျူးနေမိပါ ၏။ သွေးအေးလိုက်ပုံများ အားကျစရာ။

သူ့ရင်ထဲမှာရော ဘာမှမခံစားရဘူးလား။ သူပြောတော့ မြယမုံအပေါ် တကယ့်စိတ်ရင်းနဲ့ ချစ်ခဲ့တာလို ပြောပြီးတော့ အခုတော့ ပြုံးလို့ ရယ်လို့။ ငါ့ကိုရော ပြိုင်ဘက်တစ်ယောက်





အနေနဲ့ မုန်းတီးပုံလည်း မရပါလား။

ရင်ထဲမှ မေးခွန်းပေါင်းများစွာက ဝေယံ့ရင်ကို လှုပ်ခတ် စေပြီး မောင့်ကိုကြည့်နေရာမှ . . .

''မောင်''

''မင်း ဘာမေးမှာလဲ ငါသိတယ်၊ ငါ မင်းကို စိတ်ဆိုး မနေဘူးလား၊ မြယမုံကိုမှ ချစ်မိတဲ့ ငါ့ကို မင်း ခွင့်လွှတ်နိုင်လို့ ပြုံးနေနိုင်တာလား . . . ဒါတွေမေးမှာ မဟုတ်လား''

အပြုံးမပျက် မောင် တစ်ခွန်းချင်းပြောနေပုံအား တုန် လှုပ်ချောက်ချားစွာ ဝေယံ ငေးကြည့်ဖြစ်လေသည်။

မောင့်ကို အကြားအမြင်များ ရနေရော့သလားဟု အထင်ရောက်ကာ အံ့သြငေးမောမိခြင်းရယ်ပါ။

မောင် ပခုံးတွန့်ကာ ပြုံးလျက် . . .

''ငါ အကြားအမြင်ရနေတာ မဟုတ်ဘူး ဝေယံ၊ မင်း မျက်လုံးအကြည့်က အဲဒီမေးခွန်းတွေ ထွက်နေတယ်၊ ကဲပါကွာ . . . ငါ ငွေငန်းဖြူမှာ ရပ်လိုက်တော့မယ်၊ နည်းနည်းပေါ့ကွာ''

ဝေယံ မောင့်ကို အတော်ဖြုံသွားသည်။ နောက်ထပ် ဘာမှ အထွန့်မတက်ရဲတော့။ သူခေါ်ရာနောက်ကိုသာ လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။

လူရှင်းနေတဲ့ ဆိုင်အတွင်းမှာ မောင်ရယ် ဝေယံရယ် အေးချမ်းစွာ လေညင်းခံရင်း ဘီယာသောက်ဖြစ်ကြလေသည်။

သူတို့ထိုင်နေတဲ့နေရာလေးက တမင်ဖန်တီးထားသော ကန်ရေပြင်နှင့် သိပ်မကွာလှ။ ကန်ရေပြင်ကို ရှပ်တိုက်ပြေးလာတဲ့ လေတချို့က ဝေယံ့ကို ကလူကျီစယ်သွားသော်လည်း ဝေယံ့ရင်က အပူမီးက မအေးချမ်းသွား။ တစ်ခါမှ ယောင်လို့တောင် မသောက်ဖူးသော ဘီယာတစ်ခွက်က အစွမ်းထက်လှသည်။ ရင်မှအပူမီးရော၊ ခေါင်းပေါက်မတတ် စဉ်းစားနေခဲ့ရသော အကြောင်းရင်းများပါ အကုန်မေ့သွားစေခဲ့ပါရောလား။ ကောင်းတော့ ကောင်းသား။ အခုတော့ ညစ်နေတာတွေ ဘယ်ကို လစ်ပြေးကုန်ပြီလဲ မသိ။ အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းတောင် ဝေယံ မသိလိုက်တဲ့အဖြစ်။

မောင်ကတော့ ဝေယံ့အဖြစ်ကိုကြည့်ရင်း မချိပြုံး ပြုံးလျက် ဘာဆက်လုပ်သင့်တယ်ဆိုတာကိုပင် စဉ်းစားမရ။

ငါ့ကိုခွင့်လွှတ်ပါ ဝေယံလို့ ပြောရအောင်ကလည်း ဖေဖေ့ရဲ့လုပ်ရပ်ကြောင့် ဝေယံအပေါ် တရားပါ့မလား။





ဒါဆို အခုမှ အချစ်စစ်ကိုတွေ့လာတဲ့ ကိုယ့်နှလုံးသားကို စတေးရမှာလား။

ဒီလိုတော့လည်း မောင့်နှလုံးသားက ဆတ်ဆတ်ခါ နာကျင်စွာ ငြင်းပယ်လေသည်။

ဒါဆို ဘယ်လိုလုပ်ရပါ့မလဲ။

မောင် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် ဖြစ်သင့်တာကိုပဲ ဦးနှောက်က လက်ခံ၍ စိတ်ကို ဒုန်းဒုန်းချလိုက်ပါ၏။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဘွား ... မောင် ဘယ်သွားလဲ"

ညကအရှိန်နှင့် ဝေယံ နေမြင့်မှ နိုးလာခဲ့သည်။

နိုးနိုးချင်း မောင့်အခန်းကို ပြေးကြည့်မိ၏။

မတွေ့။

အောက်ထပ် ထမင်းစားခန်းဆီရောက်တော့လည်း ရှိမနေ။ ဒါနဲ့ပဲ ဘွားအခန်းကို လာခဲ့ပြီးမေးလိုက်ခြင်း ဖြစ်သည်။

ဒရင်းဘတ်ပေါ်မှာ စိပ်ပုတီးစိပ်နေတဲ့ ဘွားအိမ်စိုးက မေးဖြစ်သူကို လှမ်းပြုံးပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နိုးလာပြီလား မြေးကြီး၊ ရော့ . . . ဒီမှာ မြေးငယ်ပေးသွားတဲ့စာ"

ဘွားလှမ်းပေးတဲ့စာကို ယောင်ချာချာနှင့် ဝေယံ လှမ်းယူလိုက်ပြီး စာကို ဖောက်မဖတ်ရသေး။ အဘွားဖြစ်သူကို မရဲတရဲကြည့်၍ . . .

"မောင် ဘယ်သွားလို့လဲ ဘွား"

ဝေယံ ထင်ထားသည်က ညက မူးမူးနှင့်သူ ဘာတွေပြောမိပြီလဲ၊ မောင့်အတွက် စိတ်ထိခိုက်စရာတွေ ဖြစ်ကုန်ပြီလား။ ဒါကို သိချင်၍ နိုးတယ်ဆို မောင့်ကို ရှာခြင်းပင်။

အခုတော့ ဖျော့တော့ဝေရီသော ဘွားရဲ့မျက်လုံးအစုံနဲ့ လက်ထဲကစာက ဝေယံ့ကို ချောက်ချားစေတော့သည်။

ဒါကြောင့် စာဖတ်ရန်အင်အားမရှိတာကြောင့် ဘွားကို ထပ်မေးရခြင်းပင်။

သို့သော် ဘွားက ကြည်လင်သောအပြုံးတို့နှင့်အတူ အသံကလည်း တည်ငြိမ်စွာဖြင့် . . .

"ဖတ်ကြည့်ပါမြေး၊ ဘွားကို မြေးငယ်က အကုန်ပြောပြသွားပါတယ်၊ မြေးဖတ်ကြည့်တော့ သိမှာပေါ့"





ပြောပြီး အခန်းအပြင်ကို ရှောင်ထွက်သွားတဲ့ဘွားကို တစ်လှည့်၊ လက်ထဲကစာကို တစ်လှည့် ဝေယံကြည့်ကာ ရင်မှာ လှုပ်ရှားနေရလေသည်။

ထို့အတူ စာအိတ်ကိုကိုင်ထားသောလက်ကလည်း တုန်ယင်လျက် တွေဝေနေမိတော့သည်။

ဝေယံ တွေဝေနေရာမှ ဆတ်ခနဲ စာအိတ်ကိုဖောက်၍ စာကိုဆွဲထုတ်လိုက်သည်။

လှပသေသပ်သော စာကြောင်းများက ဝေယံအား ပြုံးပြနေသယောင်။

ဝေယံ . . .

မင်းကို နှုတ်မဆက်ဘဲ ပြန်သွားရတာကို ခွင့်လွှတ်ကွာ။ ညက ဘီယာတစ်ခွက်ကြောင့် မင်းလိုအရှိုင်းအတွက် ဘယ်အချိန်မှ နိုးမယ်ဆိုတာ ငါ မခန့်မှန်းနိုင်ဘူးလေ။ နောက်ပြီး မင်းရှေ့ကနေ ငါထွက်ခဲ့ရင် မင်း ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ အဲဒါကြောင့် မင်းနိုးတဲ့ထိ ငါမစောင့်တော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဖေဖေတို့ဆီ ပြန်သွားပြီ ဝေယံ။

ဖေဖေတို့မှာ ငါရှိမှဖြစ်မယ်ဆိုတာ ငါသဘော ပေါက်သွားသလို မြယမုံကို ငါမရနိုင်တော့တာလည်း သဘောပေါက်သွားခဲ့တယ်။

ဘာဖြစ်လို့လဲသိလား။

မြ ယမုံရဲ့နှလုံးသားက လက်ခံလိုက်တာ မင်း ဖြစ်နေလို့ပဲ။

အစက မင်းကို ငါပြောဖူးတယ်နော် ...။ ကိုယ့်အရည်အချင်းနဲ့ ကိုယ်ပဲ မြယမုံဆီက အချစ်ကို တောင်းခံတော့မယ်လို့လေ။ ဖုန်းတစ်လုံးကို အရင်း တည်ပြီး သူ့ဆီကအချစ်ကို ညာမယူချင်လို့ပဲ။

အခုတော့ ပွဲမစခင်ကတည်းက ငါလူပ်ရှားချိန် မရလိုက်ဘူး ဝေယံ။ အဲဒါကြောင့် အောင်မြင်စွာ ငါ ဆုတ်ခွာခဲ့တာပဲ။

မင်း ညနေကျရင် မြယမုံကို သွားနေကျအချိန်၊ သွားနေကျအတိုင်း သွားလိုက်ပါ။ မင်းတို့ ပွင့်ပွင့်လင်း လင်းဖြစ်ဖို့ အချိန်တန်ပြီ။ ငါရှိနေရင် ငါ့ကို မင်း ငဲ့





နေရမှာစိုးလို့ အဝေးကနေပဲ မင်းတို့မင်္ဂလာသတင်းကို နားထောင်နေတော့မယ်နော်။

ဪ ဝေယံ ... မင်းကို တစ်ခုတောင်းဆိုချင် တယ်။ အဲဒါက ဘာလဲဆိုတော့ မင်းလည်း ဖေဖေ့ သားဖြစ်တဲ့အတွက် ဘွားရဲ့မြေးအရင်းတစ်ယောက် အနေနဲ့ အရင်လိုပဲ ရွှေဂေဟာကို ဦးစီးလုပ်ကိုင်ပြီး ဘွားကို မင်းနဲ့မြယမုံ ထာဝရ စောင့်ရှောက်သွားကြ ပါလို့ တောင်းဆိုချင်တာပါပဲ။

ဒါပဲနော်

မင်းရဲ့ မောင်”

ရှည်လျားသောစာကိုဖတ်ပြီး ဝေယံ ရင်ထဲ ဆို့နစ်သွားရ လေသည်။

ကိုယ်က နောက်ဆုတ်ပေးရုံသာ ဆုတ်ခဲ့တာ။ ခုတော့ မောင်က ကိုယ့်ထက် ပြတ်သားသွားပါပေါ့လား။ ကိုယ်က အကြီး ဖြစ်ပြီး မပြတ်သားနိုင်ခဲ့။

မောင်ကတော့ ရက်ရက်ရောရော အချစ်ကို အလျှော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ပြီး လက်တွေ့မှာ ယမုံဆီက ဘယ်လိုတုံ့ပြန်မလဲဆိုတာ မသိနိုင်သေး။

မောင်ကတော့ ပွင့်လင်းကြတော့လို့ ပြောသွားတာပဲ။ နှုတ်က မဖွင့်ဟရသေးဘဲ မျက်လုံးချင်း စကားပြောရုံနဲ့ အချစ်က သက်သေတည်နိုင်လို့လား။

အင်းလေ . . . ဘာပဲဖြစ်ဖြစ် မောင် မရှိတော့တဲ့နောက် ပြိုင်ဘက်ထားစရာမှ မလိုတော့တာ။ ဆိုင်ပြန်ဖွင့်လို့ မြယမုံနဲ့ တွေ့ကြရင်သာ မောင် ပြောသလိုပဲ ပွင့်လင်းရတော့မှာပေါ့။

ထိုအတွေးနဲ့အတူ ညနေချိန်ရောက်ရန်ကိုသာ ဝေယံ စိတ်စောနေမိပါ၏။

တစ်စ တစ်စနှင့် အလင်းရောင် ကင်းပျောက်၍ ည အမှောင်က နေရာယူခဲ့ပြီ ဖြစ်သည်။

သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရန် မြယမုံ ခြံထဲသို့ ဆင်းလာခဲ့ပြီး ထုံးစံအတိုင်း ယုဇနပင်ဘေးက ခုံတန်းလေးမှာ ထိုင်လျက် ခြံရှေ့က ဗာဒံပင်ရိပ်ကို မျှော်တော်ယောင်လုပ်နေမိလေသည်။

"ယမုံ"





ဒီအချိန်မှာ နောက်ကနေ ရွှေရည်ရောက်လာပြီး ဖုန်းလေးကို လာပေးနေတာမို့ မြယမုံ စိတ်ရှုပ်ရှုပ်နဲ့ လှမ်းယူလိုက်ရလေသည်။

အခုမှ ဘာအရှုံးလာထပြန်ပြီလဲဆိုပြီး ယမုံ မျက်နှာကို တွန့်ခေါက်ထားမိ၏။

နောက် နားမှာ ကပ်ထားလိုက်ပြီး . . .

"ပြောပါ"

"အဟွန်း . . . ယမုံ စိတ်တိုနေတာလား၊ ကိုယ်က နှုတ်ဆက်ချင်လို့ပါ၊ စိတ်ရှည်ရှည်ထားပြီး နားထောင်ပေးနော်"

ဖုန်းနားထောင်ရင်း ယမုံ မျက်ခုံးလေးပင့်တက်သွားရ၏။ နှုတ်ဆက်ချင်လို့ပါတဲ့။ ကျေးဇူးပဲလို့ ပြောလိုက်တော့မတတ် ပျော်ရွှင်သွားရလေသည်။ သူ့စရိုက်နဲ့သူ ရှင်းသွားသည်မို့ ပြောမပြတတ်အောင် ဝမ်းသာမိပါသည်။

ကျေးဇူးတင်လွန်း၍ သူ့စကားကို ဆက်ပြီးနားထောင်နေမိ၏။

"ဖုန်းကို လွှင့်မပစ်သေးတဲ့အတွက် ပထမဆုံး ကျေးဇူးတင်တယ်လို့ ပြောချင်တယ် ယမုံ၊ နောက်လည်း လွှင့်မပစ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့ တောင်းပန်ပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပစ္စည်းလေးကို မင်းအတွက်လို့ အစကတည်းက ရည်စူးထားမိလို့ပါ၊ နောက်တစ်ခု မင်းအတွက် နှစ်သစ်ကူးလက်ဆောင် ပေးချင်ပါတယ်၊ မင်းတန်ဖိုးထားတဲ့ပစ္စည်းလေး တစ်ခုပါ၊ မင်း နှစ်သက်လိမ့်မယ်လို့ ထင်ပါတယ်''

ယမုံ နားထောင်ရင်း စိတ်ရှုပ်လာမိသည်။ ဘာတွေ ပြောနေမှန်း မသိ။ လိုရင်းကို မရောက်နိုင်။ စိတ်ရှည်ရှည်ထားပြီး နားထောင်ပေးပါလို့ တောင်းပန်ထားလို့သာ စိတ်ကို မနည်းဆွဲဆန့်ထားရသည်။

''မြင်မြင်ချင်း မင်းကို စွဲလမ်းသွားမိရာက အဲဒီဖုန်းလေးကတစ်ဆင့် မင်းဆီက အချစ်ကိုရအောင်ယူမယ်လို့ ရူးသွပ်စွာ ကိုယ်စိတ်ကူးယဉ်ခဲ့မိတယ်၊ နောက်ပြန်စဉ်းစားတော့ ဒါ သဘာဝ မကျဘူးလို့ ထင်တာနဲ့ မင်း ကိုယ့်နားကိုရောက်လာအောင် ဖန်တီးယူလိုက်မိတယ်၊ အဲဒီတော့မှ မင်းနဲ့ရင်းနှီးအောင် နားလည်မှုတွေ ယူမယ်ပေါ့၊ နောက်တစ်ဆင့် မင်းဆီကအချစ်ကို မင်း လိုလိုချင်ချင်ပေးမှ ရယူတော့မယ်လို့ စိတ်ကူးပြီး ကိုယ့်အနားကို ရောက်အောင် ခေါ်လိုက်တာပါပဲ''





ကြားရတဲ့စကားသံတွေက လေလှိုင်းမှတစ်ဆင့် ရောက်လာတာမှန်သော်လည်း လူကိုယ်တိုင် အနားမှာ လာပြောနေသည့်အလား မြယမုံထင်မှတ်ကာ ဘေးဘီကို ဝေ့ဝိုက်ပြီး ကြည့်လိုက်မိသည့်အဖြစ်။

သူပြောနေသမျှ ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း မြယမုံ နားလည်စပြုလာသည်။ ရင်ခုန်နှုန်းတွေလည်း မြန်လာကာ ကြက်သီးမွေးညင်းများပင် ထမိပါ၏။

ခုနက အလိုမကျဖြစ်နေသည့် စိတ်က တဖြည်းဖြည်း ငြိမ်သက်စပြုလာပြီး သူဘာဆက်ပြောမှာလဲဟုပင် သိချင်လာမိလေသည်။

''ထွေထွေထူးထူး မင်းကို ခိုင်းစရာ ဘာမှမရှိဘဲ ရင်းနှီးမှုလိုချင်ယုံသက်သက် ကိုယ်နဲ့တစ်ခန်းတည်း အတူထားခဲ့မိတာက ကိုယ့်ရဲ့ရည်ရွယ်ချက်တစ်ခုတည်းပါ၊ ဖုန်းကိုအသုံးမပြုတော့ဘဲ နေခဲ့တာလည်း မင်း စိတ်အနှောင့်အယှက် မဖြစ်စေချင်တဲ့ ဆန္ဒလည်း ပါတယ်လေ၊ ဒါပေမဲ့ ကိုယ့်ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါဘူး၊ ဘာလို့လဲသိလား ...မင်းရဲ့နှလုံးသားကလာတဲ့ အချစ်တွေက ဝေယံဆီ ရောက်နေလို့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာအရောက်မှာ လက်ထဲကဖုန်း လွတ်ကျမသွားအောင် မြယမုံ မနည်းသတိထားလိုက်ရသည်။

သူမ ဝေယံ့အပေါ် တိမ်းညွှတ်မိသည့်စိတ်ကို သူဘယ်လိုသိသွားတာလဲဟူသော အတွေးက လူကို တုန်လှုပ်ချောက်ချားစေတော့သည်။

"အဟွန်း . . . ရယ်ရတယ်နော်၊ ရည်ရွယ်တာက ကိုယ်၊ လက်တွေ့မှာ နှလုံးသားချင်း ဖလှယ်မိတာက ဝေယံနဲ့မင်းတို့နှစ်ယောက်၊ အံ့ဩဖို့တော့အကောင်းသားပဲ၊ အင်း . . . ဒါလည်း ဖူးစာလို့ ခေါ်မလားမသိဘူး၊ ကိုယ့်ကိုငဲ့ပြီး ဝေယံခမျာလည်း သနားစရာပါ၊ ဒါ့ကြောင့် မင်းတို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ရင်ဖွင့်နိုင်ကြရအောင် ကိုယ် ထွက်သွားပေးလိုက်တာပါ . . .၊

ဘယ့်နှယ်လဲ . . . မင်းအတွက် ကိုယ့်ရဲ့နှစ်သစ်ကူးလက်ဆောင်က တန်ဖိုးရှိရဲ့လား မြယမုံ၊ ကိုယ့်ရဲ့အစ်ကိုနဲ့အတူ ကိုယ့်ရဲ့အဘွားကို မင်းလေး စောင့်ရှောက်ပေးပါလို့ တောင်းဆိုပါရစေ၊ ကိုယ်ကတော့ ဖေဖေ မေမေတို့နဲ့ ထာဝရနေသွားဖို့ စိတ်ကူးလိုက်ပြီ၊ မင်းတို့မင်္ဂလာသတင်းကို ဟိုကနေပဲ နားစွင့်ရင်း မုဒိတာပွားနိုင်အောင် ကြိုးစားနေတော့မယ် မြယမုံ . . .၊





ဩော် မြယမုံ . . . ညနေကျ ဝေယံလာနေကျအချိန်ကို မှန်းပြီး ထွက်တွေ့လိုက်ပါနော်၊ အချစ်မှာ သာတယ်နာတယ် မရှိဘူး ဆိုထားတာပဲ၊ ဖွင့်ပြောရခက်နေတဲ့ ဝေယံ့ကို မင်းရဲ့ ချစ်ခြင်းတွေနဲ့ နားလည်ပေးလိုက်ပါလို့ ကိုယ် ကြားကနေ တောင်းပန်ပါတယ်၊ တကယ်တော့ အတွေ့အကြုံမရှိတဲ့ ဝေယံအတွက် ဒီကိစ္စဟာ ရောမအခက်အခဲကြီး တစ်ခုပေါ့ . . .၊

ဒါပါပဲ မြယမုံ၊ မရွှေရည်ကိုလည်း နှုတ်ဆက်တယ်လို့ ပြောပေးပါ၊ သူ့ခံစားချက်တွေကို လျစ်လျူရှုမိတဲ့ ကိုယ့်ကို ခွင့်လွှတ်ပါလို့လည်း ပြောပေးပါဦး၊ ဒါပဲနော် . . . ဘိုင်"

သူ ဆက်ပြောလာတဲ့စကားတွေကို နားထောင်ရင်း နားထောင်ရင်း ဘာကို ဝမ်းနည်းလာမှန်းမသိဘဲ ရင်ထဲ လှိုက်ဖိုကာ မြယမုံ တသိမ့်သိမ့် ငိုရှိုက်မိလေတော့သည်။

ဖုန်းထဲကအသံရှင်နှင့် မြတ်နိုးမောင် တစ်ယောက်တည်း ဖြစ်နေလိုက်မည်ဟု ယောင်လို့တောင် မတွေးခဲ့မိသည့်အဖြစ်။ ဖုန်းအဆက်အသွယ် မလုပ်တော့တာကိုပင် ဝမ်းသာနေခဲ့မိသည်။

ကိုယ်လည်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ မေ့တောင် နေ



www.burmeseclassic.com

www.burmeseclassic.com



ထားမိပြီ။

အခုတော့ မထင်မှတ်ဘဲ အကြောင်းစုံသိလိုက်ရချိန်မှာ အလုပ်လျှောက်သည့်ကအစ မနေ့ကတစ်နေ့က အဖြစ်တွေလို တရေးရေး ပြန်စဉ်းစားရင်း မျက်လုံးထဲမှာ ရုပ်ရှင်ထဲက အနေးပြကွက်တစ်ခုနှယ် ပြန်မြင်လာရလေသည်။

အခုမှပဲ တစ်နေ့တစ်နေ့ အလုပ်မရှိပါဘဲ ဒီရုံးခန်းထဲမှာ နေရသည့်အဖြစ်ကို ရှင်းရှင်းလင်းလင်း သိလာရတော့သည်။

အင်းလေ ...သူက သူအပြစ်ရှိတယ်ထင်လို့ ဝန်ချတောင်းပန်ပြီး သူလုပ်သင့်တာကို လုပ်သွားခဲ့ပြီ။

ဟိုတစ်ယောက်ကရော ဘယ်လိုဆက်ပြီး စခန်းသွားမှာပါလိမ့်။

သူလည်း အားလုံးသိနေလျက်နဲ့ အတော်လည်း ဟန်ဆောင်ကောင်းတဲ့လူ။ ကိုယ့်ချစ်သူကိုများ တစ်ပါးသူအတွက်နဲ့ စွန့်လွှတ်ဖို့ကြိုးစားသတဲ့။

လက်တွေ့ကျတော့ တကယ်လည်း ခံနိုင်ရည်မရှိဘဲနဲ့များ။ ဟွန်း ...လာပါစေဦး၊ ဗိုက်ခေါက်ကို ဆွဲလိမ်ပြီး မေးကို မေးပစ်လိုက်ဦးမယ်။





အိုး ...ဒီလိုလည်း မဖြစ်သေးဘူး။

ကိုယ်က မိန်းကလေးဆိုတာလည်း သတိထားပါဦး မြယမုံရယ်။ မဆွတ်ခင်က ညွတ်ချင်မနေပါနဲ့။

မြယမုံတစ်ယောက်တည်း အတွေးတွေနှင့် ဗျာများကာ မဲ့လိုက် ရွှဲ့လိုက်နှင့် မျက်နှာအပြောင်းအလဲတို့ ဖြစ်တည်နေရ၏။

နောက်ပြီး ရင်လေးတခုန်ခုန်ဖြင့် ခြေရှေ့က ဗာဒံပင်အောက်ကို လှမ်းကြည့်ရတာလည်း အမော။ ဒီနေ့ကျမှ တွေ့နေကျအရိပ်ကလေးကို အရိပ်အယောင်ပင် မတွေ့ရ။

တဖြည်းဖြည်း အချိန်တောင် လင့်လာခဲ့ပြီ။

မြယမုံ မျက်နှာပျက်စပြုလာပြီး သူမကိုယ်သူမတောင် ရှက်လာမိသည်။

မိန်းကလေးတန်မဲ့ မျှော်နေရတဲ့အဖြစ်က ရှက်ဖို့ကောင်းသေးတော့တယ်။

ဒီက သဘောထားကို သိသင့်သလောက် သိထားလျက်နဲ့ ဥပေက္ခာပြုသွားခဲ့ပြီလား။

ဦးမောင်ကလည်း သူ့ကို ဖွင့်ပြောသွားမှာ မလွဲ။

ဒါကို သူက ဘယ့်အတွက်ကြောင့် ရောက်မလာတော့



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့လဲ။

သိပြီ . . . သူ တကယ်ချစ်ခဲ့တာ မဟုတ်လို့ပေါ့။

ဒါဆို ငါ ဘာမျှော်နေစရာလိုသေးလဲ။ ငါ ဒီကထိုင်မျှော်နေတာပဲ သူတွေ့တာမှတ်လို့။ အဲဒီတော့ ပြတ်လက်စနဲ့နောက်မတွေ့ကြယုံပေါ့။

ကောင်းတယ် . . .။ စောစောသိရတာကိုက ငါ့အတွက်ကံကောင်းတာပဲ။

ဒီလိုစိတ်ဓာတ်ရှိသူကိုမှ ငါ့နှလုံးသားက လက်ခံမိလေခြင်းလို့ သူမကိုယ်သူမ ယူကျုံးမရဖြစ်ကာ အလုပ်လည်း သွားမဆင်းတော့ဘူးဟု ဒေါသနှင့် သန္နိဋ္ဌာန်ချလျက် ဆောင့်ဆောင့်အောင့်အောင့်နှင့် ဆတ်ခနဲ ထရပ်လိုက်မိလေသည်။

ဒီတော့ ဖြုန်းခနဲမို့ ယိုင်ခနဲ ဖြစ်သွားတာကြောင့် နီးရာသစ်ပင်ကို လှမ်းဆွဲလိုက်မိလေသည်။

သို့သော် ဘာသစ်ပင်ကိုမှ မကိုင်မိဘဲ မြယမုံ တစ်ယောက် လူတစ်ယောက်ရဲ့ရင်ခွင်တွင်းသို့ လုံးလုံးလျားလျားရောက်သွားခဲ့ရ၏။

ထိုသူက တင်းကျပ်စွာ ပွေ့ဖက်ထားတော့သည်။





သူမအား တင်းကျပ်စွာ ပွေ့ဖက်ထားသူအား ကြောက်ကြောက်လန့်လန့်နှင့် တွန်းထိုးကုတ်ဖဲ့ရင်း မျက်နှာကိုပါ အလန့်တကြား မော့ကြည့်လိုက်မိလေသည်။

ဒီတော့မှ . . .

ချစ်ရည်ရွှန်းလဲ့စွာ ပြုံးပြုံးကြီးစိုက်ကြည့်နေသော ဝေယံကိုအတွေ့ ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာကို ပြန်ငုံ့ချလိုက်တော့သည်။

တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ကြားရလောက်အောင် နှစ်ဦးသားကြား တိတ်ဆိတ်ခြင်းက မင်းမူသွားခဲ့လေသည်။

နောက်မှ မြယမုံမေးစေ့လေးကို လက်ညှိုးလေးနဲ့ ဝေယံအသာအယာ ဆွဲမော့ယူလိုက်ပြီး . . .

"ယမုံ"

ယမုံမထူးပါ။

ရင်ခွင်ထဲမှာ မျက်နှာကို အတင်းပြန်ဝှက်ထားလိုက်ရင်း ငြိမ်သက်နေမိ၏။

"ရှက်နေတာလားဟင်၊ မရှက်ပါနဲ့ ယမုံရယ် . . . ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တို့အချစ်က သန့်စင်ပါတယ်၊ နှုတ်က ဖွင့်ဟမပြောရဲဘဲ နှလုံးသားက စစ်မှန်တဲ့အချစ်တွေနဲ့ သူ့အလိုလို ပေါက်ဖွားလာတဲ့ အချစ်စစ် အချစ်မှန်ပါ၊ မော့ပါဦးကွာ . . . မျက်နှာလေးကို သေသေချာချာ ကြည့်ပါရစေ''

မေးစေ့လေးကို လက်ညှိုးဖြင့် အတင်းဆွဲယူမော့ကာ အပြုံးချိုချိုတို့ဖြင့် ကြည်နူးခြင်းတို့ ပြည့်နှက်လျက် ဝေယံ ပြောလိုက်ရာ အလိုက်သင့် မြယမုံ မော့ကြည့်လာပြီး . . .

''ဟိုတစ်ယောက် ထွက်သွားပေးမှ ချစ်တတ်လာတာကို ဘာအချစ်စစ်လို့ ပြောရတာလဲ . . . လွှတ်ပါ''

ကန့်ကလန့်ကလျလေးပြောလျက် ဟန်ဆောင်ကာ ရုန်းလိုက်လေသည်။

''မလွှတ်နိုင်ပေါင်ဗျာ၊ စတွေ့တည်းက ချစ်တတ်ခဲ့တာပါ ယမုံ၊ ထောက်ထားစရာအကြောင်း တစ်စုံတစ်ရာက ကိုယ့်ကို ဟန့်တားခဲ့လေတော့ ရှေ့ဆက်ခွင့်မရပါဘဲ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားခဲ့ရသူပါ''

ဒီတစ်ခါတော့ ဝေယံ ဘယ်သူ့ကိုမှ မငဲ့ညှာနိုင်တော့ပါ။ တအားတိုးဖက်ထားရင်း ရင်ထဲကခံစားချက်များကို ဖွင့်ထုတ်နေတော့သည်။

မြယမုံ ချစ်မျက်စောင်းလေးထိုး၍ . . .

''အခုရော ဆက်ပြီး ကြိတ်မှိတ်ခံစားနေပါလား၊ ဘာလို့ ရောက်လာတာလဲ''

''အဟွန်း . . . ညီတောင်မောင် လက္ခဏာက မင်းအတွက်လို့ အတိအလင်း ကြေညာပြီး ဒီပြိုင်ပွဲက အပြီးအပိုင် ထွက်သွားပြီမို့ ပြိုင်ဘက်မရှိ ကိုယ် အောင်ပန်းဆွတ်ခူးနိုင်ခဲ့ပြီလေ၊ ဒါ့ကြောင့် ပွင့်ပွင့်လင်းလင်းပေါ့ကွာ၊ ပြီးခဲ့တဲ့ကိစ္စတွေကို ခွင့်လွှတ်ပြီး ချစ် လိုက်ကြရအောင်နော်''

လို့ဆိုပြီး မြယမုံနဖူးလေးနှင့် ဝေယံနဖူးချင်း ထိကပ်ကာ တိုးတိုးတိတ်တိတ်ညင်သာစွာ ပြောလိုက်မိပါ၏။

''ဟွန်း . . . လူလည်''

မြယမုံကလည်း အချစ်တို့ဖြင့် ထုံမွှမ်းရစ်ဖွဲ့ထားသော မျက်လုံးကြည်ကြည်လေးများဖြင့် တန်ပြန်စိုက်ကြည့်နေပြီးမှ အထက်ပါအတိုင်း ရှက်ဝဲဝဲလေး ပြောလိုက်ကာ ပြန်လည်ရစ်ပတ်ဖက်တွယ်ထားလိုက်မိပါတော့သည်။

အခုတော့လည်း . . .







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးတို့အတွက် အရာအားလုံးတို့သည် နှောင့်ယှက်ခြင်းကင်းစွာဖြင့် အေးချမ်းသာယာလျက် ရှိနေရပြီး ချစ်သူနှစ်ဦးမှာလည်း အရာအားလုံးကို မေ့လျော့လျက် ...။

သီရိကြယ်စင်

BURMESE CLASSIC .com

www.burmeseclassic.com